www.burmeseclassic.com

မိုးဆက်လင်းထက်

# ဘောက်ချာ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# မိုးဆက်လင်းထက်



ဘိုးမိုး
စာအုပ်တိုက်
အမှတ်(၁၃)၊ ၁၀၇-လမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၂၉၀၉၉၅

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၉၁၀၀၃၁၁
မျက်နာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၀၀၃၁၁
အဖုံးဒီဇိုင်း - မျိုးဆွေသန်း
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (မိုးမိုးစာပေ)
(မြ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း၊
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၇၊ စကားဝါလမ်း၊
ဒဂုံမြို့နယ်၊ ရန်ကုန်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းငွေ
ပုံနှိပ်ခြင်း - ၂၀၁၁ ခုနှစ်၊ ဧပြီလ။
ပထမအကြိမ်။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၆၀၀ ကျပ်

၈၉၅ . ၈၃
မိုးဆက်လင်းထက်
ဘောက်ချာ/မိုးဆက်လင်းထက်။ - ရန်ကုန်
မိုးမိုးစာပေ၊ ၂၀၁၁
၁၀၀ - စာ ၊ ၁၃ ၅ × ၂၀. ၅ စင်တီ။
(၁) ဘောက်ချာ


# ဘောက်ချာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

[redacted]



"နှင်း ငါ့နောက်ကို လိုက်မလာနဲ့လို့ ဘယ်နှခါ ပြောရမလဲ"

"နှစ်ခါတည်း ပြောရပါသေးတယ်ဟာ"

"ဘာ"

ကောင်မလေးအော်သံကြောင့် ကောင်လေးက တွန့်ခနဲ ဖြစ်သွားသည်။ ကောင်မလေးက မျက်စောင်းထိုးပြီး ဆက်လျှောက်သွား၏။ ကောင်လေးက နောက်က ဆက်လိုက်သွားသည်။ ဒီတစ်ခါတော့ ကောင်လေး ဆက်လိုက်လာတာကို ကောင်မလေးက ဘာမှမပြောတော့ဘဲ မသိချင်ယောင်ဆောင်၍ လျှောက်လာခဲ့၏။

ကောင်လေးက ကောင်မလေးအနားကပ်၍ လေသံပျော့ပျော့နှင့်

"နင်က ဘာလို့ ဒီလောက်မာနကြီးနေရတာလဲဟာ၊ နင့်နောက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



က ငါ့လိုက်လာတာ ဘာဖြစ်လို့လဲ"

ကောင်မလေးက ကောင်လေးစကားသံကို အရေးမထားဟန်နှင့် ဆက်လျှောက်သည်။ ကောင်လေးကလည်း ဘာကိုမှ အရေးမထားဟန်နှင့် ဆက်လိုက်လာရင်း . . .

"ပြောလေဟာ နင် ငါ့ကို ဘာတွေမုန်းနေတာလဲ"

ကောင်မလေးက လျှောက်မြဲအတိုင်း ဆက်လျှောက်၏။

"ပြောလေဟာ ငါက နင်နဲ့မတူလို့လား၊ မတန်လို့လား"

ကောင်မလေးက သက်ပြင်းကို ချသည်။ ထို့နောက် ဆက်လျှောက်နေရာမှ ရုတ်တရက် ရပ်ပစ်လိုက်ပြီး ကောင်လေးကို ချာခနဲ လှည့်ကြည့်လိုက်၏။ ကောင်မလေး လှည့်ကြည့်လိုက်သည့် အရှိန်ကြောင့် သူမ ဆံနွယ်တွေ ဝဲခနဲ တစ်ချက်ဖြစ်သွားပြီး သူမ၏ ပါးတစ်ခြမ်းကို ဖုံးအုပ်ကာသွားလေသည်။

ကောင်လေးက ကောင်မလေးကို ရင်ခုန်ခြင်း၊ စိုးရွံ့ခြင်းတို့ ရောယှက်နေသည့် အကြည့်လေးနှင့် ကြည့်ကာနေ၏။

ကောင်မလေးက စူးစူးစိုက်စိုက် တစ်ချက် စိုက်ကြည့်ပြီး . . .

"နင့်ကို မတူလို့ မတန်လို့လဲ မဟုတ်ဘူး၊ မတူမတန်စရာလည်း အကြောင်းမရှိဘူး၊ အဓိကအကြောင်းအရင်းက နင့်ကို ငါ့နောက် မလိုက်စေချင်လို့ပဲ ရှင်းပြီလား"

"ဟာ အဲ့ဒါတော့ မတရားဘူးဟာ၊ ငါက နင့်ကို ဘာနှောင့်ယှက်နေလို့လဲ"

"ဘာမနှောင့်ယှက်ရမှာလဲ၊ နင် ငါ့နောက်ကို လိုက်နေတယ်ဆို





ကတည်းက ငါ့ကို စိတ်အနှောင့်အယှက်ပေးနေတာပဲ၊ ဒီမှာ နင် ဒီ့ထက်ပိုဆိုးလာမယ်ဆိုရင် နင့်ကို ငါ ဌာနမှူးနဲ့ တိုင်မယ်"

ကောင်လေးက မျက်နှာငယ်လေးနှင့် . . .

"ဒီလောက်တောင်ပဲလားဟာ"

"ဒီ့ထက်တောင် ပိုဆိုးသေးတယ်၊ ဌာနမှူးနဲ့မရရင် ပါမောက္ခချုပ်အထိပါ တက်တိုင်မယ်"

ကောင်လေး မျက်နှာငယ်သွားသည်။ ကိုယ့်ကိုယ်ကိုလည်း တော်တော်အားငယ်သွားပုံရ၏။

ဘေးက ဖြတ်သွားသော ကျောင်းသားတစ်အုပ်က သူတို့ပုံစံကိုကြည့်၍ . . .

"ကြိုးစားထား၊ ကြိုးစားထား"

ဆိုပြီး နောက်သွားကြ၏။ ကောင်မလေးက ထိုကျောင်းသားတွေကို မျက်စောင်းတစ်ချက်ထိုးပြီး ချာခနဲ လှည့်ထွက်ကာသွားသည်။

ကောင်လေးကတော့ ထိုနေရာမှာတင် မတ်တပ်ကလေး ရပ်၍ ကျန်ရစ်ခဲ့ပါတော့၏။

♥♥♥



www.burmeseclassic.com

www.burmeseclassic.com



"**ဘယ်** လိုလဲ စိုးကြီး အဆင်ပြေလား"

ကန်တင်းရောက်တော့ ကောင်လေးကို သူသူငယ်ချင်းတွေက ဝိုင်းမေးကြခြင်းဖြစ်သည်။ စိုးကြီးက ခပ်တည်တည်နှင့်ပင် သူသူငယ်ချင်းတွေကို လှည့်ကြည့်၍ . . .

"သိပ်အဆင်ပြေတာပေါ့ကွာ၊ စိုးကြီးတို့ လုပ်တဲ့လုပ်ရပ် ဘယ်နှခါအဆင်မပြေဘဲ ရှိပါ့မလဲ၊ ကောင်မလေးဆိုတာ ငါ့အကြည့်တစ်ချက်မှာတင် ခွေကျသွားတာ"

စိုးကြီးအပြောကို ဟိုကောင်တွေက တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ မယုံသင်္ကာမျက်ဝန်းတွေနှင့် . . .

"မင်း ဟိုတစ်ခါပြောတော့ ကောင်မလေးက သူနောက်တောင်

[redacted]



လိုက်မလာနဲ့ဆို"

ထိုစကားကြားတော့ စိုးကြီး မျက်နှာတစ်ချက် ပျက်ကာသွားသည်။ သို့သော် ချက်ချင်း ဣန္ဒြေဆည်၍ . . .

"ဒါကတော့ကွာ မိန်းကလေးပဲ၊ ပထမတစ်ခေါက် နှစ်ခေါက်တော့ မူမှာပေါ့၊ ဒီတစ်ခေါက်တော့ သိတယ်မဟုတ်လား၊ စိုးကြီးလေ တခြားကောင်မှ မဟုတ်တာ"

"ဒါဆို ကောင်မလေးက မင်းပေးတဲ့စာကို ယူသွားတယ်ဆိုပါတော့"

"ယူသွားရုံတင်ဘယ်ကမလဲကွ၊ တစ်ခါတည်း အဖြေပြန်ပေးမယ်လုပ်နေလို့ စဉ်းစားပါဦးဆိုပြီး ပြောခဲ့ရတယ်"

"ဘာလဲ မင်းကို လုံးဝစိတ်မဝင်စားဘူးဆိုတဲ့ အဖြေလား"

စိုးကြီးက သူသူငယ်ချင်းတွေကို ဘုကြည့် ကြည့်၍ . . .

"မင်းတို့လိုမျှား ငါ့ကိုထင်နေလား၊ မင်းတို့ဆိုရင်တော့ ဟုတ်မှာပေါ့ကွာ၊ ငါ့ကိုဆိုတော့ ကောင်မလေးက ရေလည်ကြွေသွားတာ"

ကိုယ်တိုင်မမြင်ခဲ့ရတော့ စိုးကြီးပြောသမျှ ယုံတစ်ချက် မယုံတစ်ချက် ဖြစ်နေသည်။ စိုးကြီးအကြောင်းကိုလည်း သိထား၍ ဒီကောင် အပိုတွေ ထည့်ပြောနေမှန်းတော့ သိနေသည်။ သို့သော် အခုစားသမျှတွေကို စိုးကြီးက သူရှင်းမယ်ဟု ပြောထားသောကြောင့် ဘာမှပြန်မပြောဘဲ အောင့်သက်သက်နဲ့သာ ခံနေရ၏။

စိတ်ထဲမှာတော့ 'ဒီကောင် မဟုတ်လို့ကတော့ တွေ့မယ်' ဆိုပြီး ကျိန်းနေကြပါသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးကတော့ အားလုံးက သူ့ကို လေးစားသွားကြပြီဟု အထင်ရောက်၍ မျက်နှာက လိုအပ်တာထက် ပိုပြီး တင်းမာသွားသည်။ ထို့နောက် ဆရာကြီးလေသံနှင့် . . .

“မင်းတို့တွေလည်း မြဲမြဲမှတ်ထား၊ မိန်းမတစ်ယောက်ကို ချဉ်းကပ်မယ်ဆိုရင် မိန်းမကြော နပ်ရတယ်ကွ၊ စိုးကြီးတို့ကတော့ မလုပ်ရင်နေရော၊ လုပ်ရင်တော့ အရှင်းပဲ”

ဟိုကောင်တွေ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်၍ သက်ပြင်းချကြသည်။ ဒီနေ့တော့ ခံလိုက်ဦးဟု ဆိုသည့် မျက်နှာပေးတွေနှင့် ဖြစ်၏။

စိုးကြီးကတော့ နာရီကို တစ်ချက်ကြည့်၍ တည်ငြိမ်သောလေသံနှင့် စားပွဲထိုးလေးကို လှမ်းခေါ်၍ . . .

“ညီလေးရေ ဒီဝိုင်းရှင်းရအောင်ဟေ့”

ထို့နောက် စားပွဲထိုးလေး ရောက်လာ၍ ကျသင့်ငွေကို ရှင်းပြီး

“ကဲ အတန်းချိန်လည်း နီးပြီ သွားရအောင်၊ နောက်ဆို မင်းတို့လည်း ဒီလိုကျွေးနိုင်အောင် ကြိုးစားကြပေါ့ကွာ”

ဟုဆိုကာ ကန်တင်းမှ ကော့ကော့ ကော့ကော့နှင့် ထွက်သွားပါတော့သည်။ အားလုံးက စိုးကြီးကို မျက်နှာသေလေးတွေနှင့် ငေးကြည့်လျက် . . .

♥ ♥ ♥

[redacted]

BURMESE CLASSIC .com



“လှုပ် ပါဟာ ဒီစာလေးတော့ ယူသွားပေးပါဟာ”

“နင့်ကို ဘယ်နှခါပြောရမလဲ၊ နင် လူစကား နားမလည်ဘူးလား”

“လုပ်ပါဟာ နင်ကလည်း ဘာမှအပန်းကြီးတာလည်း မဟုတ်ဘူး”

ကောင်မလေးက ခေါင်းကို ကုတ်၍ တော်တော်စိတ်ပျက်သွားသော အမူအရာနှင့် . . .

“နင် နင် ဘယ်လိုမှ ပြောလို့မရဘူးလား ဟုတ်လား”

“ဒါလေး ယူသွားတာ နင့်အတွက် ဘာဖြစ်လို့လဲ ယူသွားပါဟာ”

“ဟာ ဒုက္ခပဲ”

ကောင်မလေး စိုးကြီးကို ကြည့်၍ တော်တော် စိတ်ဆင်းရဲသွားသည်။ စိုးကြီးပုံစံကလည်း ဒီစာမယူမချင်း လက်ပစ်ဖုံးနဲ့ ခြိမ်းခြောက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ရင်တောင် ပြန်မယ့်ပုံ မရှိပေ။

ကောင်မလေးက စာကို ဆတ်ခနဲ ဆွဲယူလိုက်ပြီး . . .

"ကဲ နင်ပေးတဲ့စာကို ငါ ယူပြီးပြီ၊ နင်သွားတော့"

ကောင်မလေးက စာကို ယူသွားတော့ စိုးကြီး ပျော်ကာသွားသည်။ ထို့နောက် မျက်ခုံးလေးကို ပင့်၍ ကောင်မလေးကို ချစ်ရည်ရွှန်းလဲ့သော မျက်လုံးရွဲကြီးများနှင့် တစ်ချက်ကြည့်ကာ . . .

"ဖြမပစ်ရဘူးနော်"

ကောင်မလေးက စိုးကြီးမျက်နှာကို မသတီသလို တစ်ချက်ကြည့်၍ . . .

"ကျွတ် နင့်စာကို ငါယူပြီးပြီပဲ၊ ငါ့ဘာသာငါ ဘာလုပ်လုပ်ပေါ့၊ နင့်အပူလား"

"ဟာ အဲ့ဒီလိုတော့ မလုပ်နဲ့လေဟာ၊ ငါက နင့်ကို ဖတ်စေချင်လို့ ပေးတဲ့ဟာကို၊ ပြီးတော့ ဒီစာထဲမှာ ရေးထားတဲ့ စကားလုံးလေးတွေက ငါ့ရင်ဘတ်ထဲမှာ တနင့်တပိုး ခံစားပြီး ရေးထားတဲ့ စကားလုံးလေးတွေဟ အကြီးကြီး၊ တကယ်မှ တကယ့်အကြီးကြီး ခံစားပြီး ရေးထားတဲ့ဟာတွေ"

ကောင်မလေး တော်တော်စိတ်ပျက်သွားသည်။ အကြီးကြီး စိတ်ပျက်သွားသည့် အမူအရာဖြစ်သည်။ ထို့နောက် စာအိတ်ကို စိတ်ပျက်လက်ပျက်နှင့် လွယ်အိတ်ထဲ ထိုးထည့်လိုက်၍ . . .

"ကဲ နင်ပြောသလို ဖြဲလည်းမပစ်ဘူး၊ အိမ်ရောက်မှ ရေမိုးချိုးသနပ်ခါးလိမ်းပြီး သေသေချာချာ ဖတ်ပေးမယ် ဟုတ်ပြီလား၊ အခု

[redacted]



တော့ နင် ငါ့နောက်ကို ဆက်လိုက်မလာနဲ့ နင်သွားတော့"

စိုးကြီးမျက်နှာက မှိုရသလို ပြုံးဖြီးဖြီးကြီး ဖြစ်ကာသွားသည်။ ထို့နောက် . . .

"ဘယ်တော့ အဖြေပေးမှာလဲဟင်"

"ဘာ"

ကောင်မလေးက ဒေါသတကြီး ထအော်ပစ်လိုက်၏။ စိုးကြီး ခန္ဓာကိုယ် တွန့်ခနဲ ဖြစ်ကာသွားသည်။

"နင် နင် တော်တော် အထွန့်တက်လာပါလား၊ နင့်စာကို ငါက သဒ္ဒါကြည်ဖြူလို့ ယူသွားတယ်များ ထင်နေလား၊ နင် ဒီ့ထက် ပိုဆိုးလာရင် ငါပြောသလို ပါချုပ်နဲ့ တကယ်သွားတိုင်မှာနော်"

ပါချုပ်အသံကြားလိုက်မှ စိုးကြီး ကိုယ်ရှိန်နည်းနည်း သတ်သွား၏။ ထို့နောက် မျက်နှာလို မျက်နှာရနှင့် ပြုံးဖြဲဖြဲလုပ်လိုက်ကာ . . .

"အဟီး ငါက သိချင်လို့ မေးတာပါဟာ၊ စိတ်မဆိုးပါနဲ့ ရှေ့တစ်ပတ်ထဲလောက်တော့ ပေးနော်"

"လဲသေလိုက်"

ထို့နောက် ကောင်မလေးက ဆောင့်ဆောင့်အောင့်အောင့်နှင့် စိုးကြီးရှေ့က ထွက်သွားပါတော့သည်။ စိုးကြီးကတော့ ဘာတွေ ကျေနပ်နေလည်း မသိ။ အကျေနပ်ကြီး ကျေနပ်ကာ ကျန်ရစ်ခဲ့လေသည်။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**တစ်** ပတ်လောက်ကြာတော့ စိုးကြီးက ထိုကောင်မလေး နောက်ကို ထပ်လိုက်သည်။ ကောင်မလေးက စိုးကြီးကို မြင်တော့မှ အရင်တစ်ပတ်က ကိစ္စကို သတိရသွားဟန်ရှိသည်။ စာကိုလည်း ဖတ်ရသေးပုံ မပေါ်ပေ။ သို့သော် စိုးကြီးကိုတော့ ဒီကိစ္စ အပြတ်ရှင်း မှဟု ဆုံးဖြတ်လိုက်ကာ . . .

"ကဲ ပြော ဘာကိစ္စလဲ"

"ကိစ္စကတော့ အထွေအထူး မရှိပါဘူး"

"မရှိရင်လည်း ဘာလို့လာသေးလဲ၊ ပြန်တော့"

"ဟာ အဲ့လိုမဟုတ်ဘူးလေဟာ၊ ထွေထွေထူးထူး ထပ်မရှိပါဘူးလို့ ပြောတာပါ၊ အရင်တစ်ခါကိစ္စပဲ"



စိုးကြီး စကားဆုံးတော့ ကောင်မလေးက . . .

"ဒါဆို နင် ငါ့ဆီက အဖြေလာတောင်းတာပေါ့ ဟုတ်လား"

"အင်း"

"ဒါဆိုရင် နင် ငါ့ဆီက အချစ်ကို မျှော်လင့်မနေနဲ့တော့"

"ဘာ ဘာဖြစ်လို့လဲဟင်"

"နင့်ကို ငါ မချစ်နိုင်လို့ပေါ့ဟ၊ ပြီးတော့ ငါ့မှာ ရည်ရွယ်ထားတဲ့ သူ ရှိပြီးသား"

"ဘယ်လို"

စိုးကြီး မျောက်မှိုင် မှိုင်ကျသွားသည်။ ထို့နောက် ကောင်မလေးကို ဆွေးမြေ့ကြေကွဲနေသော မျက်ဝန်းတစ်စုံနဲ့ ကြည့်၍ . . .

"နင် နင် တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့၊ ဘာလဲ ငါက နင့်ကို လိမ်ညာပြောနေတယ် ထင်လို့လား"

"ဟာ ဒုက္ခပါပဲဟာ အဲ အဲ့ဒီလိုတော့ မလုပ်ပါနဲ့ဟာ"

"ဟဲ့ ငါမှ နင့်ကို မချစ်နိုင်တဲ့ဥစ္စာ၊ ငါက အဲ့ဒီလို မလုပ်လို့ ဘယ်လို လုပ်ရမှာလဲ၊ နင်ကျေနပ်အောင် ငါက နင့်ကို မချစ်ဘဲ ချစ်တယ်လို့ ပြောပေးရမှာလား၊ အဲ့ဒီလို မိန်းကလေး အမျိုးအစား ထဲမှာ ငါ မပါဘူး မှတ်ထား၊ မချစ်ရင် မချစ်ဘူး ရှင်းရှင်းပဲ"

စိုးကြီး ဘာပြန်ပြောလို့ ပြောရမှန်း မသိဘဲ ငြိမ်သွားတော့သည်။ ဒီကိစ္စကလည်း ဓားနဲ့ထောက်ပြီး ချစ်တယ်ပြောခိုင်းလို့ ရတဲ့ကိစ္စ လည်း မဟုတ်၍ ခက်နေမိ၏။

www.burmeseclassic.com

www.burmeseclassic.com



ခဏနေတော့ ကောင်မလေးက သူ့ရှေ့က ချာခနဲ လှည့်ထွက်သွားသည်။ စိုးကြီးတစ်ယောက်သာ ယောင်ချာချာနှင့် ရပ်ပြီး ကျန်ရစ်ခဲ့လေသည်။ ဒီကိစ္စသာ ဟိုကောင်တွေသိရင် သူ့ကို ဝိုင်းလှောင်ကြတော့မည်ဟု တွေးနေမိ၏။ သူက ဟိုကောင်တွေကို စကားကြီး စကားကျယ်တွေပြောပြီး လက်ဖက်ရည်တွေ ဘာတွေတောင် တိုက်ခဲ့ပြီးပြီ။ ဒီလိုမျိုး သူ့အဖြစ်မှန်ကိုသာ သိသွားရင်တော့ မလွယ်ပေ။ ဟိုကောင်တွေကလည်း သူတို့ ခံထားရသမျှ အတိုးချပြီး တွယ်တော့မည်မှာ သေချာသည်။

ဒီလိုမျိုးတော့ စိုးကြီးဆိုတဲ့ နာမည်ကို အပျက်မခံနိုင်ပေ။ ထို့ကြောင့် ဟိုကောင်တွေနဲ့တွေ့ရင် သူက ဦးအောင်စပြီး ဒီကိစ္စကို ပြောရလိမ့်မည်ဟု ရင်ထဲမှာ တွေးထားလိုက်သည်။

ဘယ်လိုပြောရမယ်ဆိုတာကိုတော့ . . .။

❤ ❤ ❤

[redacted]



"ငါ အဲ့ဒီကောင်မလေးကို ဖြတ်ပစ်လိုက်ပြီ သူငယ်ချင်းတို့"

"ဟင်"

အားလုံးက အာမေဍိတ်သံတွေ ကိုယ်စီနှင့် စိုးကြီးကို ဝိုင်းကြည့်ကြသည်။

"ဘယ် ဘယ်လိုဖြစ်တာလဲ စိုးကြီးရာ၊ မင်းတို့ ဘယ်တုန်းက ချစ်သူ တွေ ဖြစ်သွားကြတာလဲ၊ ငါတို့လည်း မကြားမိပါလား"

စိုးကြီးက ခပ်တည်တည်နှင့် တစ်ချက်ကြည့်၍ . . .

"ဒီခေတ်က ဖုံးပုံခေတ်ကွ၊ ငါ မင်းတို့ကို ဟိုတစ်ခါကတည်းက ပြောခဲ့သားပဲ၊ ကောင်မလေးက ငါ့ကို ကြွေနေပါပြီလို့၊ အဲ့ဒီနေ့က စာပေးပြီး နောက်နှစ်ရက်လောက်ကြာတော့ သူ့ဆီက အဖြေပေးတာပဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဒါ ဒါဆို မင်းက ငါတို့ကို ဘာလို့မပြောတာလဲ"

"မင်းတို့ကို ငါက ပြောလိုက်ရင် နောက်တစ်ဝိုင်း ထပ်ကျွေးခိုင်းနေမှာစိုးလို့ပေါ့ကွ"

သူငယ်ချင်းတွေ အားလုံးက မယုံတစ်ဝက် ယုံတစ်ဝက်နှင့် စိုးကြီးကို ကြည့်နေကြသည်။ စိုးကြီးကတော့ ရည်းစားနှင့် ပြတ်သွားသည့် ကိစ္စကို ဘာမှမခံစားရသလို ခပ်အေးအေး အမူအရာနှင့် . . .

"ငါ သူ့ကို အစောကြီးကတည်းက သိပ်ချစ်ခဲ့တာမဟုတ်ဘူးကွ၊ မင်းတို့က ငါ့ကို မဖြစ်နိုင်ဘူးလို့ ပြောလို့ မခံချင်စိတ်နဲ့ လိုက်ခဲ့တာ၊ အခုတော့ သူ့ဆီက အချစ်ကို ရသွားလို့ ဖြတ်လိုက်ပြီ၊ ကောင်မလေးတော့ သနားပါတယ်ကွာ၊ ငါ့ကို တော်တော်လေးချစ်ရှာတာ"

စိုးကြီးအမူအရာက အပိုအလို မရှိပေ။ တကယ်ရင်ထဲက ခံစားပြီး ရုပ်တည်ကြီးနှင့် အပီအပြင် လုပ်နေသောကြောင့် အားလုံးက ယုံရမလိုလိုတွေ ဖြစ်ကုန်သည်။

ဒီကောင် တကယ်ပဲ သူတို့ပြောလိုက်တဲ့ စကားတွေကို မခံချင်ဖြစ်ပြီး လုပ်ခဲ့သလားဆိုတဲ့ အတွေးတွေ ဝင်လာကြ၏။ အကယ်၍သာ ဒီကောင်ပြောသလို ဟုတ်ခဲ့ရင် ကောင်မလေးခမျာ ကြားက မြေစာပင် ဖြစ်သွားရရှာပြီ။ နှလုံးသားတစ်ခုကို နင်းခြေဖျက်ဆီးခြင်း ခံလိုက်ရရှာပြီဖြစ်သည်။ ဒီကိစ္စ သူတို့ ပယောဂ မကင်းပေ။

ထို့ကြောင့် . . .

"စိုးကြီးရာ အဲ့ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ မင်းပြောသလို ကောင်မလေးက မင်းအပေါ်ကို တော်တော်ချစ်ရှာတယ်ဆိုရင် သူ တော်တော်





ခံစားသွားရမှာကွ၊ သနားပါတယ်ကွာ၊ မင်းပြန်ဆက်သွယ်လိုက်ပါ"

စိုးကြီးက ထိုစကားကြားတော့ ခါးခါးသီးသီးပင် ခေါင်းကို ချာချာရမ်းအောင် ခါပြ၍ . . .

"လုံးဝပဲ လုံးဝဆို လုံးဝပဲ၊ စိုးကြီး တခြားကောင် မဟုတ်ဘူး၊ ဟင်ဆို လှည့်မကြည့်ဘူး"

ဟိုကောင်တွေအားလုံး တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ သက်ပြင်းတွေ ကိုယ်စီချကြ၏။ ထို့နောက် တစ်ယောက်က . . .

"မင်း အဲ့ဒီလိုလုပ်ခဲ့ရအောင် ကောင်မလေးမှာ ဘာများအပြစ်ရှိလို့လဲ စိုးကြီးရာ"

"ရှိတာပေါ့ကွ သိပ်ရှိတာပေါ့"

"ဘာ ဘာများလဲဟင်"

"ငါ့ကို သိပ်ချစ်နေတာ အပြစ်ပေါ့"

"ဟေ"

ဟိုကောင်တွေအားလုံး ပါးစပ်အဟောင်းသား ဖြစ်သွားကြ၏။ ထို့နောက် . . .

"မင်းကို သူသိပ်ချစ်နေတာအပြစ် ဟုတ်လား"

စိုးကြီးက ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ်"

"ဟ သိပ်ချစ်တာ ကောင်းတာပေါ့ကွ၊ အဲ့ဒါအပြစ်မှ မဟုတ်တာ၊ အချစ်လေကွာ အချစ်၊ မင်းကို သူက ချစ်တာ မကောင်းဘူးလား"

"မကောင်းဘူးကွ၊ မကောင်းဘူး၊ သူက ငါ့ကို သိပ်ချစ်တော့



www.burmeseclassic.com

www.burmeseclassic.com



ငါ့ကို သဝန်တွေ စွတ်တိုပြီး ဟိုမသွားရ၊ ဒီမသွားရတွေ ဖြစ်လာတော့မှာ၊ ပြီးတော့ ဟိုကောင်မလေးကို ကြည့်ရင်လည်း ကြည့်ပြန်ပြီ၊ ဟိုလူနဲ့ စကားပြောရင်လည်း ပြောပြန်ပြီ ဖြစ်လာတော့မှာ၊ မင်းတို့လည်း ငါ့အကြောင်း သိသားပဲ၊ ငါက လွတ်လွတ်လပ်လပ် နေချင်တဲ့ကောင်မျိုးကွ၊ အဲ့ဒါကြောင့် ဖြတ်ပစ်လိုက်တာ၊ ပြီးတော့ သူ့ကိုလည်း ငါမချစ်ဘူး"

စိုးကြီး စကားဆုံးတော့ စကားဝိုင်းလေးက ငြိမ်သက်ကာသွားသည်။ ဟိုကောင်တွေဆီက သက်ပြင်းချသံများမှအပ အားလုံးတိတ်ဆိတ်လျက် . . .

ခဏကြာတော့ စိုးကြီးက ထိုင်ရာမှ အသာထလိုက်သည်။ ထို့နောက် အားလုံးကို တစ်ချက် ဝေ့ကြည့်၍ . . .

"ငါ အတန်းသွားတော့မယ်"

ဟုဆိုကာ အောင်နိုင်သူခြေလှမ်းများနှင့် ကန်တင်းထဲက လှမ်းထွက်ကာသွားပါတော့သည်။ ထိုအချိန် ကန်တင်းထဲသို့ ပြေးဝင်လာသော ကောင်မလေးတစ်ယောက်နှင့် တိုက်မိကာသွား၏။

စိုးကြီးက ကောင်မလေးကို တစ်ချက် လှည့်ကြည့်လိုက်သည်။ ကောင်မလေးက ပြုတ်ကျသွားသော ပစ္စည်းတွေကို တစ်ချက်ကုန်းကောက်၍ ဒေါသတကြီးလေသံနှင့် . . .

"လူတစ်ယောက်လုံး လာနေတာကို မမြင်ဘူးလား၊ ကျွတ် တစ်နေ့လုံး ဘယ်လိုဟာတွေနဲ့ လာတွေ့နေလည်း မသိဘူး"

ဟုဆို၍ ဆိုင်ထဲသို့ ဝင်ချသွား၏။ စိုးကြီးက ကောင်မလေးကို

[redacted]



ကြည့်ကာ သူ့သူငယ်ချင်းတွေဆီ ပြန်လှမ်းလာလိုက်၍ . . .

"သူ့ကို မင်းတို့သိလား"

ဟိုကောင်တွေက အူတိအူကြောင်နှင့် . . .

"မသိဘူးလေ၊ ငါတို့ မေဂျာကမှ မဟုတ်တာ၊ မင်းက ဘာလုပ်မလို့လဲ"

စိုးကြီးက ငါးခူပြုံးလေး တစ်ချက်ပြုံးလိုက်ရင်း . . .

"ငါ့ရင်ဘတ်လေး လှုပ်ခါသွားလို့ပေါ့ကွာ"

"စိုးကြီးရာ အေးအေးနေပါကွာ၊ အခုမှ တစ်ယောက် ပြတ်လာလို့ မပြီးသေးဘူး၊ ဒီတစ်ယောက်ကို ချိန်ပြန်ပြီလား"

စိုးကြီးက ဘာမှပြန်မပြောဘဲ ခုနက ကောင်မလေး ထိုင်နေသည့် စားပွဲကို လှမ်းကြည့်လိုက်သည်။ ထို့နောက် ဝိုင်းမှခွာ၍ ထိုကောင်မလေးရှိရာသို့ လှမ်းသွားလိုက်သည်။

စိုးကြီး အမူအရာကို ကြည့်၍ အားလုံးက . . .

"ဟာ ဟေ့ကောင် ဘာ ဘာလုပ်မလို့လဲ၊ ဘယ်လဲ"

စိုးကြီးကတော့ အားလုံးရဲ့ စကားလုံးတွေကို ဂရုမစိုက်ဟန်နှင့် ထိုကောင်မလေးရှိရာ ဝိုင်းသို့ လှမ်းလျက် . . .

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ဒီမှာ ခဏထိုင်မယ်နော်”

ကောင်မလေးက မော့ကာကြည့်သည်။ စိုးကြီးကို တွေ့သွားတော့ မှတ်မိသွားပုံတော့ရ၏။ သို့သော် ရုတ်တရက်ဆိုတော့ ကြောင်တောင်တောင်နှင့် ကြည့်နေမိ၏။

စိုးကြီးက သူ့ရှေ့က ခုံမှာ နေသားတကျ ဝင်ထိုင်လိုက်ပြီး . . .

“ခုနက တိုက်မိသွားတဲ့အတွက် တောင်းပန်ချင်လို့ပါ၊ အဲ့ဒါကြောင့် ဒီအထိ တကူးတက လိုက်လာရတာ”

ကောင်မလေးက မျက်နှာတစ်ချက် ရှုံ့လိုက်ပြီး . . .

“မလိုပါဘူး ဘယ်သူမှလည်း မတောင်းပန်ခိုင်းဘူး၊ ဒါမျိုးတွေ ရိုးနေပြီ”

[redacted]



ကောင်မလေးက ဘုဆတ်ဆတ်နှင့် ပြန်ပြောသည်။ စိုးကြီးကတော့ ဘာကိုမှ အရေးမထားသလို ခပ်အေးအေးပင် တစ်ချက် ပြုံးလိုက်ကာ . . .

“တစ်ခုခု စားပါဦးဗျ”

“ဘာဖြစ်လို့လဲ”

“တိုက်မိသွားတဲ့ အထိမ်းအမှတ်လေးအနေနဲ့ ကျွေးချင်လို့ပါ”

စိုးကြီး၏ စကားကြောင့် ကောင်မလေးက မျက်နှာ မကြည်မသာနှင့် . . .

“မလိုပါဘူး ကျွန်မဟာ ကျွန်မ ဝယ်စားနိုင်ပါတယ်၊ ဒါနဲ့ ရှင့်ကို မေးရဦးမယ်၊ ရှင်က ဒီလိုပဲ ရှင်နဲ့တိုက်မိတဲ့ လူတိုင်းကို မုန့်လိုက်ကျွေးနေတာပဲလား”

ကောင်မလေးစကားကြောင့် စိုးကြီး မျက်နှာ အီလည်လည်ကြီးဖြစ်သွား၏။ သို့သော် ခဏပဲဖြစ်သည်။ အရှက်မရှိသော မူရင်းမျက်နှာအတိုင်း စပ်ဖြီးဖြီးနှင့် ပြန်ဖြစ်လာပြီး . . .

“အဲ အဲ့ဒီလိုတော့ မဟုတ်ဘူးလေ၊ ကျွန်တော်က ခင်ဗျားကိုမှ ခတ်ကျလို့”

“ဘာရှင့်”

“အဲ ဟိုဟာ ခတ်ကျလို့ဆိုတာ ခင်ဗျားကို မြင်မြင်ချင်း တောင်းပန်ချင်စိတ်ဖြစ်သွားတာရယ်၊ ပြီးတော့ တစ်ခုခုစားရင်း မိတ်ဖြစ်ဆွေဖြစ်ပေါ့”

ကောင်မလေးက သက်ပြင်းကို ချသည်။ စိတ်ပျက်လက်ပျက်နှင့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ချသော သက်ပြင်းဖြစ်၏။ ထို့နောက် . . .

"ရှင်ပြောတဲ့ ပုံစံက ရုပ်ရှင်တွေထဲမှာပဲ ဖြစ်နိုင်မယ်၊ လက်တွေ့မှာတော့ ကြောင်လွန်းအားကြီးတယ်၊ ကျွန်မ ရှင်နဲ့ မိတ်ဆွေဖြစ်ဖို့လည်း အစီအစဉ် မရှိဘူး၊ ရှင်ကျွေးတာလည်း စားဖို့ အစီအစဉ် မရှိဘူး"

"ဒါ ဒါဆို ကျွန်တော်က ဘာလုပ်ရမှာလဲ"

"ပြန်တော့လေ ပြန်တော့၊ မပြန်ဘဲနဲ့ ရှင်က ဘာလုပ်ချင်လို့လဲ ကြောင်တောင်တောင်နဲ့"

စိုးကြီးက ရှက်ကိုးရှက်ကန်းနှင့် ခေါင်းကို ကုတ်လိုက်သည်။ ထို့နောက် ပတ်ချွဲနှုပ်ချွဲလေသံနှင့် . . .

"ခင်ဗျားကလည်းဗျာ ကျွန်တော်က ခင်ချင်လို့ လာတောင်းပန်တဲ့ ဟာကို တစ်စိမ်းဆန်လိုက်တာ၊ အားနာပါးနာလေးတောင် မစားတော့ဘူးလား"

ကောင်မလေးက စိုးကြီးကို ကြည့်ကာ တော်တော်စိတ်မာတက်ကျသွားပုံရ၏။ ဘယ်လိုပြောပြောမရတဲ့ လူတစ်ယောက်ကို ဒီတစ်ခါပဲ ပထမဦးဆုံးအကြိမ် မြင်ဖူးသေးသည်။ ဒီလူ စိတ်မှ မှန်သေးရဲ့လားဟု တွေးလိုက်ကာ စိတ်ကျန်းမာရေးဆေးရုံနှင့် တက္ကသိုလ် မှားများ ရောက်လာသလားဟု တွေးလိုက်မိ၏။

ထို့နောက် ကောင်မလေးက ထိုင်ရာမှ ဆတ်ခနဲ ထလိုက်သည်။ စိုးကြီးက ကောင်မလေး ထသွားတာတွေ့တော့ . . .

"ဘယ် ဘယ်သွားမလို့လဲဟင်"

"ဘယ်သွားသွား ရှင့်အပူလား"

[redacted]



"ဟာ အဲ့ဒီလိုကြီးတော့ တစ်ယောက်တည်း ထားမသွားနဲ့လေဗျာ၊ ခွင့်လွှတ်တယ်ဆိုတဲ့ စကားလေးတစ်လုံးတော့ ထားခဲ့ဦးပေါ့"

"လဲသေလိုက်၊ အဲ့ဒီနေရာမှာတင် ပုံလျက်သား လဲသေလိုက်၊ တကယ်ပဲ စိတ်မှ နှံ့ရဲ့လား မသိဘူး"

ဟုဆိုကာ ကောင်မလေးက လှည့်ထွက်ကာ သွားလေသည်။ စိုးကြီးက ကောင်မလေးကို ပြုံးစိစိနှင့် ကြည့်ကာ ထိုင်ရာမှ ထ၍ သူ့သူငယ်ချင်းတွေဆီသို့ လျှောက်လာခဲ့လိုက်သည်။

"ဘယ်လိုလဲ စိုးကြီး၊ မင်းရဲ့ထုံးစံအတိုင်း အရှုံးကွက် နင်းလာပြန်ပြီမဟုတ်လား"

စိုးကြီးက အရေးမကြီးတဲ့ လေသံနှင့် လက်တစ်ချက် ခါလိုက်ကာ

"ဒီလိုပါပဲကွာ မိန်းကလေးတွေဆိုတာ အတင်းဝင် အတင်းထွက်နဲ့ အရှုံးကွက်နင်းနိုင်မှ တော်ကာကျတာကွ"

"ဟင် မင်းကသာ တော်ကာကျနေတယ်လုပ်နေ၊ ဟိုက မကျေမနပ်နဲ့ ထထွက်သွားတာမဟုတ်လား"

"ဒါကတော့ အစပဲရှိသေးတာကိုးကွ၊ နောက်တော့ ကြည့်လိုက်ပေါ့"

စိုးကြီးစကားကို နားထောင်ပြီး ဟိုကောင်တွေ စိတ်ပျက်လက်ပျက် ခေါင်းခါကြသည်။ ထို့နောက် တစ်ယောက်က . . .

"စိုးကြီး စိုးကြီး မင်းရှုံးချင်ယောင်ဆောင်ရင်းနဲ့ တကယ် ရှုံးသွားဦးမယ်"

စိုးကြီးက . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ငါ မရှုံးပါဘူးကွာ၊ လူကောင်းမို့လို့ ရှုံးချင်ယောင်ဆောင်နိုင်တာပေါ့"

"ဒါပေမယ့် မင်းလုပ်နေတဲ့ ပုံစံက ကောင်မလေးတစ်ယောက်ကို ချစ်လို့ လိုက်တာနဲ့ မတူဘူး၊ လိုက်နှောင့်ယှက်နေတာနဲ့ တူတယ်ကွ"

စိုးကြီးက တစ်ချက်ရယ်လိုက်ပြီး . . .

"ငါက သူတို့ကို တွေ့ရင် စချင်တာကိုးကွ၊ အဲဒီလို ဆတ်ဆတ်ထိမခံဘဲ မာနကြီးလွန်းတဲ့ မိန်းကလေးတွေဆို ပိုပြီးစချင်သေးတယ်"

"မင်းကတော့ ရောဂါပဲ"

"ဟုတ်တယ်လေ မင်းတို့ပဲ စဉ်းစားကြည့်လေ၊ အဲဒီလို ဆတ်ဆတ်ကြဲ မာနကြီးတဲ့ မိန်းကလေးတွေကို မထိတထိ လိုက်စရတာ ဘယ်လောက်ရင်ခုန်ဖို့ကောင်းလဲ"

"ကဲ ကဲ မင်းကိုတော့ ပြောမနေတော့ဘူး၊ မင်းဘာသာမင်းလုပ်ချင်ရာသာလုပ်တော့၊ ဟေ့ကောင်တွေ အတန်းချိန် နီးပြီ သွားရအောင်"

အားလုံးက ထထွက်သွားကြလေသည်။ စိုးကြီးက ကမန်းကတန်းအနောက်က ပြေးလိုက်ရင်း . . .

"ဟေ့ကောင်တွေ ငါ့ကို စောင့်ဦးလေကွာ"

"ဘာလို့စောင့်ရမှာလဲ၊ မင်းပြောတဲ့အတိုင်း ဆတ်ဆတ်ကြဲလေးတွေကို ဇာတ်လမ်းရှာဖို့ ကျန်ခဲ့တော့ပေါ့"

စိုးကြီးက ရယ်ဖြဲဖြဲနှင့် . . .

"ဒါတော့ မဖြစ်ဘူးကွ၊ ပညာရေးကိုတော့ အထိခိုက် မခံနိုင်ဘူး"



"ဒါတော့ အရှုံးက တစ်မူးသာသွားပြီဟေ့"

ဟု တစ်ယောက်က ထအော်လိုက်တော့ အားလုံး ဝိုင်းရယ်လိုက်ကြသည်။ စိုးကြီးကတော့ သူ့ထုံးစံအတိုင်း စပ်ဖြဲစပ်ဖြဲနှင့် ပါလာပါတော့၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



စိုး ကြီးအကြောင်းကို ပြောရလျှင် ဘယ်က ဘယ်လို စပြောရမှန်းမသိဆိုသော စကားနှင့်ပင် စရပေလိမ့်မည်။ မျက်နှာပိုးက မသေသလို ပုံစံက ပြောင်စပ်စပ်နှင့် လူစင်စစ်က စပရိန်မျက်နှာပေါက်နေသူဖြစ်သည်။ တစ်ခါတစ်ရံ အတည်ပေါက်ကြီးနှင့် နောက်တတ်သလို၊ တစ်ခါတစ်ရံ ရူးသလိုလို ကြောင်သလိုလိုနှင့် နောက်တတ်သည်။ ဘယ်တော့မှ အတည်အတံ့မရှိ။

ထို့ကြောင့် ကောင်မလေးတွေက စိုးကြီးဆိုလျှင် အမြင်ကတ်ကြသည်။ မြင်မြင်ချင်းကတည်းက ပါးပိတ်ရိုက်ချင်လောက်အောင် မေတ္တာထားကြ၏။ သို့သော် တချို့ကောင်မလေးတွေကတော့ စိုးကြီးကို ခင်ကြပါသည်။ ဒါကလည်း စိုးကြီးအကြောင်းကို သိနေသော





သူများကသာ ဒီလိုစိတ်မျိုး ထားနိုင်ခြင်းသာဖြစ်၏။

သူ့အကြောင်း သိသွားရင်တော့ ခင်စရာ ကောင်းပါသည်။ နောက်တတ်ပြောင်တတ်သော သူ့အကျင့်ကြောင့်လည်း ရယ်စရာ အဖြစ်အပျက်လေးများက ပျင်းရိခြောက်သွေ့ဖွယ် အချိန်များကို ကုန်လွန်စေ၍ဖြစ်၏။ တစ်နည်းဆိုရလျှင် စိုးကြီးသည် မရှိ မကောင်း ရှိမကောင်း တက္ကသိုလ်ကျောင်းသား ကောင်လေးတစ်ယောက်သာ ဖြစ်ပါသည်။

ဒီနေ့လည်း စိုးကြီး ကျောင်းသို့အလာတွင် လမ်း၌ သူတို့မေဂျာက ကောင်မလေးတစ်ယောက်ကို လှမ်းတွေ့လိုက်၍ . . .

"ဟဲ့ ခင်မိမိသွယ် နင်ဘယ်သွားမလို့လဲ"

"ကျောင်းကိုလာတာ မြင်ရဲ့သားနဲ့ ကျောင်းကိုမသွားလို့ ငါက ဘယ်သွားရမှာလဲ"

စိုးကြီးက ရယ်၍ . . .

"မသိပါဘူးဟာ ကန်တင်းလေး ဘာလေးများ မသွားဘူးလားလို့"

"နင်က ငါကန်တင်းသွားတော့ ဘာလုပ်မလို့လဲ"

"ငါ လက်ဖက်ရည်လေး ဘာလေးများ လိုက်သောက်မလားလို့"

"အမယ် နင့်ကို ဘယ်သူက တိုက်မယ်ပြောလို့လဲ၊ နင့်ဘာသာနင် ဝယ်သောက်ပါလား"

"ငါ့ဘာသာငါ ဝယ်သောက်ရင် ပိုက်ဆံကုန်မှာပေါ့ဟ"

"သေလိုက်ပါလား နင့်ကို ငါက ဝယ်တိုက်တော့ ငါက ပိုက်ဆံ မကုန်တော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ဒါကတော့ ငါမှ မကုန်တာ နင့်ပိုက်ဆံ ကုန်တာပဲဟာကို၊ လုပ်ပါဟာ လက်ဖက်ရည်တိုက်စမ်းပါ နော်"

ခင်မိမိသွယ်က စိုးကြီးကို ကြည့်၍ ရယ်လိုက်သည်။ တစ်မေဂျာထဲ သူငယ်ချင်းတွေဆိုတော့လည်း စိုးကြီးအကြောင်းကို သိနေ၍ အထူးအဆန်း မဟုတ်တော့။ ဒီကောင်က ဒီလိုပဲ တစ်ခါတစ်ရံ ရှုပေါ်ပေါ် လုပ်တတ်သည်ဆိုတာကို သိနေ၍ ဖြစ်၏။

ထို့ကြောင့် ခင်မိမိသွယ်က . . .

"ဟုတ်ပြီလေ နင်ပြောတဲ့အတိုင်း ကန်တင်းရောက်ရင် ငါ နင့်ကို လက်ဖက်ရည် တိုက်မယ်၊ နင် ငါ့ကို ကျောင်းလခ သွားသွင်းပေးမလား"

ခင်မိမိသွယ်ရဲ့ စကားကို ကြားတော့မှ စိုးကြီးက ကျောင်းလခ သွင်းဖို့ ကိစ္စကို သတိရသွား၍ သူနဖူးသူ ရိုက်လိုက်ကာ . . .

"ဟာ ဟုတ်ပါရဲ့ ကျောင်းလခ သွင်းရဦးမှာပဲ၊ ဘယ် ဘယ်နေ့ နောက်ဆုံးလဲဟင်"

"မနက်ဖြန် နောက်ဆုံးဟဲ့၊ နင် ခုထိ မသွင်းရသေးဘူးလား"

"အေးပါဟာ ငါမေ့နေတာ ကြည့်စမ်း၊ ဒုက္ခပဲ ပိုက်ဆံကလည်း ပါမလာဘူး"

ခင်မိမိသွယ်က စိုးကြီး၏ အမူအရာကို ကြည့်၍ မယုံသင်္ကာ မျက်လုံးတွေနှင့် . . .

'နင် ညာဏ်မများနဲ့နော် စိုးကြီး၊ ကျောင်းလခ သွင်းဖို့ထိတော့ ပိုက်ဆံမချေးဘူး"

[redacted]



စိုးကြီးက ခင်မိမိသွယ်ကို မျက်နှာငယ်လေးလုပ်၍ ကြည့်လိုက်ကာ . . .

"လုပ်ပါဟယ်၊ ငါ နောက်နေ့ ပြန်ပေးပါ့မယ်ဟာ၊ ငါ နင့်ပိုက်ဆံကို သွင်းရင်းနဲ့ တစ်ခါတည်း သွင်းလိုက်ချင်လို့ပါ"

ခင်မိမိသွယ် အကျပ်ရိုက်သွားသည်။ သူမမှာ စိုးကြီးကို လက်ဖက်ရည်လည်း တိုက်ရဦးမည်။ ကျောင်းလခပိုက်ဆံကိုပါ ထုတ်ချေးရဦးမည်ဆိုတော့ ရင်ခံသွား၏။ သူကိုယ်တိုင် ကျောင်းလခ သွားသွင်းရအောင်လည်း ဒီလိုနောက်ဆုံးရက်တွေမှာ ကျောင်းလခ သွင်းမည့်လူတွေက ကြိတ်ကြိတ်တိုးနေမည်ဖြစ်၍ ကိုယ်တိုင်လည်း သွားမသွင်းချင်ပေ။ နောက်ပြီး စိုးကြီးကိုလည်း ကျောင်းလခ သွင်းပေးဖို့ စကားက စထားပြီးဖြစ်နေ၍ အကျပ်ရိုက်ကာ နေ၏။

"နင် တကယ် နောက်နေ့ ပြန်ပေးမှာပါနော်၊ နင် ငါ့ဆီက ဟိုတစ်ခါ ယူထားတဲ့ ပိုက်ဆံလည်း ပြန်မပေးရသေးဘူး"

စိုးကြီးက မျက်မှောင်ကြုတ်လိုက်ကာ . . .

"ဘယ်တုန်းကလဲ"

"သေလိုက်ပါလား၊ နင် ဟိုတစ်ခါကလည်း အရေးတကြီး ငွေလိုလို့ဆိုပြီး အိမ်သာရှေ့မှာ ငါ့ဆီက ပိုက်ဆံနှစ်ထောင် လာချေးသွားတာလေ အဲဒါ"

ထိုတော့မှ စိုးကြီးက အမှတ်ရကာသွား၏။ သူကလည်း ဤကဲ့သို့ အရေးတကြီး ငွေလိုတာတွေ များနေ၍ သိပ်မမှတ်မိချင်တော့။ ထိုတုန်းက ခင်မိမိသွယ် အိမ်သာထဲ ဝင်ခါနီး သူ ပိုက်ဆံလိုရ်၍ ပြေး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ချေးခဲ့ဖူး၏။ ခင်မိမိသွယ်ကလည်း အန္တရာယ်ကို ကြာကြာလွယ် မထားနိုင်၍ စိုးကြီး လိုတဲ့ငွေကို အစစ်အဆေး အမေးအမြန်း မရှိ ထုတ်ပေးလိုက်ကာ အိမ်သာထဲ ပြေးဝင်သွားခဲ့၏။

စိုးကြီးက ခင်မိမိသွယ်ကို . . .

"ဩော် အေး ငါမှတ်မိပါတယ်ဟ၊ ငါက နင့်ကို ပြန်ပေးမလို့ပါ ပဲဟာ၊ ဒါပေမယ့် ပိုက်ဆံလေးနှစ်ထောင်နဲ့ ပြန်ပေးမိရင် သူငယ်ချင်း အချင်းချင်း ခင်မင်မှုကို ငွေကြေးနဲ့ တန်ဖိုးဖြတ်တယ်ဆိုပြီး နင် စိတ်ဆိုးသွားမှာစိုးလို့ပါ"

"သွားစမ်းပါ အပိုတွေ ပြောမနေစမ်းပါနဲ့၊ နင် မပေးချင် မပေး ချင်ဘူးပြော"

စိုးကြီးက သူ့ပုံစံအတိုင်း စပ်ဖြဲဖြဲလေး တုံ့ပြန်၍ . . .

"ကဲပါဟာ ဒီတစ်ခါ အဲ့ဒီပိုက်ဆံပါ ပေါင်းပြီးဆပ်မယ် ဟုတ်ပြီလား"

"တကယ်နော်"

"တကယ်ပါဟာ"

ထို့နောက် ကန်တင်းရှေ့ရောက်လာပြီဖြစ်၍ သူတို့ကန်တင်းထဲသို့ ဝင်လိုက်ကြပါတော့သည်။ စိုးကြီးက ဗိုက်ကလေးပွတ်၍ . . .

"နင်တော့ ဒါနမြောက်တော့မယ်သိလား"

ခင်မိမိသွယ်က မျက်မှောင်လေးကျုံ့လိုက်ကာ . . .

"ဘာလို့လဲ"

"ငါ တော်တော်ကို ဗိုက်ဆာနေပြီဟာ"

[redacted]



"နင် ပြောတော့ လက်ဖက်ရည်တစ်ခွက်တည်းဆို နင် အများကြီး မစားရဘူးနော်"

စိုးကြီးက လျှာကိုသပ်၍ . . .

'နည်းနည်းပါဟာ' ဟု ပြန်ပြောလိုက်လေသည်။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မှာ ထားတဲ့ လက်ဖက်ရည် လာမချခင် အရင်ဦးဆုံး လာချသော ပေါက်စီနှစ်လုံးက ကုန်သွားပြီဖြစ်သည်။ ခင်မိမိသွယ်က သူ့ရှေ့မှာတင် ဖြုတ်ခနဲ ပျောက်သွားသော ပေါက်စီနှစ်လုံးကို ကြည့်၍ ရင်သပ်ရှုမော အမူအရာနှင့် . . .

"ဟယ် ဒီလောက်ကြီးတဲ့ ပေါက်စီနှစ်လုံးကို နင်ဘယ်လိုစားလိုက်တာလဲ"

စိုးကြီးက ခပ်အေးအေးအမူအရာနှင့်ပင် တစ်ချက်ကြည့်၍ . . .

"ဒီ့ပုံပဲ စားလိုက်တာလေ ဘာဖြစ်လို့လဲ"

ခင်မိမိသွယ်က ရင်ဘတ်လေးကို ဖိ၍ . . .

"ဘုရား ဘုရား စိုးကြီးရယ် နင်ဘယ်ကာလတည်းက ငတ်လာ

[redacted]



တာလဲ"

"ငါ တစ်ညလုံး ဘာမှမစားရသေးဘူးဟ"

"နင်က ဘာလုပ်နေလို့လဲ"

"အိပ်နေလို့"

"ဩော် အေး"

ဟုပြောပြီး ခင်မိမိသွယ်က စိုးကြီးကို သနားကာသွားသည်။ ခဏနေတော့မှ စိုးကြီးစကားအဓိပ္ပာယ်ကို စဉ်းစားမိသွား၍ . . .

"ဟင် သေနာ ငါက အကောင်းအောက်မေ့လို့ နားထောင်နေတာ။ ညဘက်အိပ်နေတဲ့အချိန် နင်က ဘာစားချင်သေးလို့လဲ"

စိုးကြီးက ထိုတော့မှ ထရယ်လိုက်ပြီး လာချပေးတဲ့ လက်ဖက်ရည်ကို တစ်ငုံသောက်လိုက်သည်။ ထို့နောက် လွယ်အိတ်ထဲက ဆေးပေါ့လိပ်အတိုကို ထုတ်၍ မီးညှိကာ ဖွာလိုက်၏။

"ဟယ် မိသွယ် ဘာတွေလုပ်နေတာလဲ"

ရုတ်တရက် နှုတ်ဆက်သံကြားလိုက်ရ၍ နှစ်ယောက်စလုံး ခေါင်းမော့ကြည့်လိုက်ကြ၏။ ကျစ်ဆံမြီးလေးကျစ်၍ ပခုံးနှစ်ဖက်ပေါ် ချထားသော ကောင်မလေးတစ်ယောက်ဖြစ်သည်။ စိုးကြီးက ကောင်မလေးကိုတွေ့တော့ ချက်ချင်းမှတ်မိလိုက်သည်။ ဟိုတစ်နေ့က သူနဲ့ကန်တင်းကအထွက်မှာ တိုက်မိလိုက်သည့် ကောင်မလေးပင်ဖြစ်၏။ တိုက်တိုက်ဆိုင်ဆိုင် ထိုကျောင်းသူက ခင်မိမိသွယ်နှင့် သူငယ်ချင်းဖြစ်ကာနေလေသည်။

ခင်မိမိသွယ်က ထိုကျောင်းသူကိုတွေ့တော့ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် မြတ်နိုး မတွေ့တာကြာပြီနော်၊ ဟိုတစ်နေ့ကတောင် ခင်ဦး တို့နဲ့တွေ့လို့ နင့်အကြောင်း ပြောဖြစ်သေးတယ်"

မြတ်နိုးဆိုတဲ့ ကောင်မလေးက ခင်မိမိသွယ်ရဲ့ စကားကြောင့် ရယ်၍ . . .

"ဟုတ်လား ဒီကောင်မတွေရော ဘာလုပ်နေလဲ"

"သူတို့က ဆေးကျောင်းဆိုတော့ဟယ် သိတဲ့အတိုင်း စာနဲ့ပဲ နပန်းလုံးနေရတာပေါ့၊ ဟိုတစ်နေ့ကတော့ ကျူရှင်ကအပြန် ငါ့အိမ် ဝင်လာတာနဲ့ တွေ့ဖြစ်ကြတာ"

မြတ်နိုးက ခေါင်းညိတ်ပြ၍ စိုးကြီးကို အကဲခတ်သလို လှမ်းကြည့်လိုက်သည်။ ထိုတော့မှ စိုးကြီးမှန်း သူမ သတိထားမိသွားဟန် တူ၏။ မျက်နှာ အခြေအနေတစ်ချက် ပြောင်းသွားကာ အကြည့်ကို လွှဲလိုက်သည်။

ခင်မိမိသွယ်ကတော့ ဘာကိုမှသိသူ မဟုတ်၍ မြတ်နိုးနှင့် စိုးကြီးကို မိတ်ဆက်ကာပေးလေသည်။

"မြတ်နိုး ဒါငါတို့မေဂျာက စိုးလင်းထိုက်တဲ့၊ စိုးကြီး ဒါငါတို့ စတိတ် တုန်းက သူငယ်ချင်း မြတ်နိုးငယ်တဲ့ သူက ပထဝီက"

စိုးကြီးက ပြုံးစိစိနှင့် ခေါင်းညိတ်ကာပြသည်။ မြတ်နိုးငယ်က ဝတ်ကျေတန်းကျေလောက်သာ ပြုံးပြ၍ ခင်မိမိငယ်ဘက်လှည့်ကာ

"ဒါဆို ငါသွားလိုက်ဦးမယ် မိသွယ်၊ နောက်မှတွေ့တာပေါ့"

"ဟယ် ထိုင်ပါဦး နင်ကလည်း ချက်ချင်းကြီး"

"ဟုတ်တယ်ဟဲ့ ဟိုဘက်မှာ သူငယ်ချင်းတွေနဲ့လည်း ချိန်းထားလို့"





ခင်မိမိသွယ်က ခေါင်းညိတ်ပြ၍ . . .

"အေး အေး ဒါဆိုလည်း ပြီးရော၊ နောက်တော့မှ နင်တို့ဆီကို ငါလာလည်ဦးမယ်"

မြတ်နိုးက အပြုံးလေးနှင့် ခေါင်းညိတ်ပြ၍ ထွက်ကာသွားလေသည်။ သူမထွက်သွားတော့ စိုးကြီးက ခင်မိမိသွယ်ကို ကပ်၍ . . .

"မိသွယ်"

"ဘာလဲ"

"နင်နဲ့သူနဲ့ တော်တော်ခင်လား"

"စတိတ်တုန်းကတော့ တစ်ခန်းတည်းအတူနေခဲ့တဲ့ သူငယ်ချင်း တွေပဲဟ ခင်ပါတယ်၊ ဘာလို့လဲ"

"ငါနဲ့သူနဲ့က ဇာတ်လမ်းတွေ ရှိခဲ့တယ်ဟ သိလား"

စိုးကြီးစကားကြောင့် ခင်မိမိသွယ်က မျက်လုံးကြီး နှစ်ဖက် ပြူး သွားကာ . . .

"ဘယ်လို ဘယ်လို နင်နဲ့ ဇာတ်လမ်းတွေ ရှိခဲ့တယ် ဟုတ်လား"

"ဟုတ်တယ်"

"စိုးကြီးရယ် နင်ကတော့ တကယ်ပဲ ဘယ်လိုဖြစ်ခဲ့တာလဲ ပြော စမ်းပါဦး"

စိုးကြီးက ဖြစ်ကြောင်းကုန်စင်ကို နတ်သံနှောကာ ပြောပြလိုက်သည်။ စိုးကြီးစကားဆုံးတော့ ခင်မိမိသွယ်က ရင်ဘတ်လေးကို ဖိကာ ဖိကာနှင့် . . .

"အမလေး ဖြစ်ရမယ် ဖြစ်ရမယ် နင်ကတော့ ဖြစ်ရမယ်၊



www.burmeseclassic.com

www.burmeseclassic.com



တကယ် ဒိတ်ဒိတ်ကြဲနဲ့မှ ဖြစ်ရမယ်"

စိုးကြီးက မျက်မှောင်ကြုတ်လိုက်ပြီး . . .

"ဘာလဲဟ နင့်စကားက သူက ဘာတွေ ဒိတ်ဒိတ်ကြဲနေလို့လဲ"

"အမလေး နင်က သူ့အကြောင်း မသိလို့ သူက စတိတ်မှာက တည်းက စွာတဲ့နေရာမှာ နာမည်ကြီး၊ ရုပ်ချောသလောက် စွာလို့ သူ့ကိုဆို ဘယ်သူမှ မကပ်ရဲဘူး"

စိုးကြီးက ထိုစကားကြားတော့ စိတ်အေးသွားဟန်နှင့် . . .

"ဒါလေးများဟာ ငါက ဘာများလဲလို့၊ သူစွာတာ ဟိုတစ်နေ့က တည်းက ငါသိတာပဲ"

"အမလေး နင်သိလာတာ အသေးအဖွဲ့ကလေး၊ သူက အဲ့ဒီထက် အဆပေါင်းများစွာ ပိုစွာတယ်ဟ၊ အဲ့ဒါကြောင့် သူတို့မေဂျာမှာ သူ့ကို ယောကျ်ားလေးတွေက ကြည့်မရလို့ သူက ကွင်းမဖြစ်ဘဲ တခြား တစ်ယောက်က ကွင်းဖြစ်သွားတာ"

"ကွင်းမဖြစ်တော့ ကောင်းတာပေါ့ဟ၊ ကွင်းဖြစ်နေရင် လိုက်တဲ့ သူတွေများလို့ စိုးရိမ်နေရဦးမယ်"

စိုးကြီးစကားကြောင့် ခင်မိမိသော်က နှာခေါင်းရှုံ့လိုက်ပြီး . . .

"အမလေး ဒါတောင် သူ့ကို စိတ်ရှည်သည်းခံပြီး ချဉ်းကပ်နေတဲ့ သူတွေ တစ်ပုံကြီး၊ ဒါနဲ့ နေပါဦး နင်က သူ့ကို စိတ်ဝင်စားနေလို့ လား"

စိုးကြီးက အေးအေးဆေးဆေးပင် ခေါင်းညိတ်ပြ၍ . . .

"ဟုတ်တယ်ဟ၊ ငါက အဲ့ဒီလိုမိန်းကလေးတွေကို စိတ်ဝင်

[redacted]



စားတာ"

"မလုပ်ပါနဲ့ စိုးကြီးရယ် နင်က ရူးတိရူးကြောင်ရယ်၊ သူနဲ့ မဖြစ်ပါ ဘူး၊ တော်ကြာ ငါပါ မကောင်းဘူး ဖြစ်မယ်နော်"

စိုးကြီးက လက်ကျန်လက်ဖက်ရည်ကို တစ်ချက်တည်း မော့ချ လိုက်ပြီးနောက် . . .

"ဘာဖြစ်လဲဟ လောကကြီးမှာ မဖြစ်ဘူးဆိုတာ မရှိပါဘူး၊ မဖြစ် သေးတာပဲ ရှိတာပါ၊ ကဲ ဒါတွေထားလိုက်ပါတော့၊ ငါ့ကို ပိုက်ဆံပေး၊ ဒီအချိန် လူနည်းနည်းပါးတယ်၊ ကျောင်းလခသွားသွင်းလိုက်မယ်"

ခင်မိမိသွယ်က စိုးကြီးကို ပိုက်ဆံထုတ်ပေးလိုက်သည်။ ခင်မိမိ သွယ်ဆီက ပိုက်ဆံကို ယူ၍ စိုးကြီး ထရပ်လိုက်၏။

ခင်မိမိသွယ်က စိုးကြီးကို မျက်နှာငယ်လေးနှင့် ကြည့်လိုက်ကာ

"စိုးကြီး နင်သူ့ကိုတော့ ဘာမှသွားမလုပ်ပါနဲ့ဟာ နော်"

"ဘာဖြစ်လို့လဲဟ"

"မလုပ်ပါနဲ့ဆို မလုပ်ပါနဲ့ဟာ နင်က ရူးနှမ်းနှမ်းနဲ့ ဟိုက ဆတ်ဆတ်ကြဲ မဖြစ် မဖြစ်ပါဘူးဟာ"

ထိုသို့ပြောလိုက်တော့မှ စိုးကြီးတို့က ပိုပြီးဆိုးသွားလေသည်။ လက် နှစ်ဖက်ကို လေပေါ်မြှောက်တန်း၍ . . .

"ကမ္ဘာလောကကြီးမှာ ဘာနဲ့မှ တားဆီးလို့မရတာ အချစ်ပဲ၊ ဟာ စိုးကြီး သူ့ကို ချစ်မိသွားပြီ ဒါပဲ"

ဟုပြောကာ ထွက်သွားတော့၏။ ခင်မိမိသွယ်တစ်ယောက်သာ 'ဟယ်' ဆိုပြီး ကျန်ခဲ့ရတော့သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် စိုးကြီး ကျောပြင်ကိုကြည့်၍ . . .

"ဒီက ဘုန်းကြီးရှုးနဲ့ လေ့လူးနဲ့တော့ တွေ့တော့မှာပဲ၊ ဒုက္ခတွေ တော့ ရောက်ကုန်ပါပြီ"

ဟုဆိုကာ ညည်းညူရင်း သက်ပြင်းတွေ ခဏခဏ ချမိနေပါတော့၏။

♥ ♥ ♥

[redacted]



**၁** ထဝီမေဂျာသို့ အဝင်ကော်ရစ်တာအဝမှာ စိုးကြီး ယောင်လည်လည် လုပ်နေသည်။ လူကလည်း ဂဏာမငြိမ်သလို မျက်လုံးကလည်း ဂဏာမငြိမ်ဘဲ ဟိုကြည့်ဒီကြည့် လုပ်နေ၏။ ခဏနေတော့ သူ့ဘေးက ဖြတ်သွားသည့် ကျောင်းသူတစ်ဦးကို လှမ်းခေါ်လိုက်ပြီး

"ဒီမှာ ဒီမှာ ခင်ဗျားက ပထဝီကလား မသိဘူး"

ထိုကျောင်းသူက စိုးကြီးကို ကြည့်၍ . . .

"ဟုတ်ပါတယ် ဘာဖြစ်လို့လဲ"

"ဒါ ဒါဆို မြတ်နိုးငယ်ဆိုတာ ဒီပထဝီမေဂျာမှာ ရှိလားမသိဘူး"

ထိုကျောင်းသူက တစ်ချက်စဉ်းစားလိုက်ပြီးမှ . . .

"အင်း ရှိတယ် ဘာလို့လဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဒါဆိုအတော်ပဲ ကျွန်တော်က မြတ်နိုးငယ်ကို စောင့်နေတာဗျ။ သူ့ကိုတွေ့ရင် ကျွန်တော် ဒီမှာစောင့်နေတယ်ဆိုတာ ပြောပေးပါဗျာနော်"

ထိုကျောင်းသူက စိုးကြီးနဲ့ မြတ်နိုးငယ်ကို သူငယ်ချင်းတွေဟု ထင်မှတ်သွားပုံရသည်။ ထို့ကြောင့် ခေါင်းတစ်ချက် ညိတ်ပြ၍ ထွက်ကာသွား၏။ သူမထွက်သွားတော့ စိုးကြီးက သူ့နားဖြတ်သွားသော နောက်ကျောင်းသူတစ်ယောက်ကို သူမလိုပင် ခေါ်ကာမေးလေသည်။

"ခင်ဗျားက ဒီမေဂျာကလား မသိဘူး"

"ဟုတ်တယ်"

"ဒါဆို မြတ်နိုးငယ်ကို ပြောပေးပါဗျာ၊ ကျွန်တော် ဒီမှာစောင့်နေတယ်လို့"

ထိုတစ်ယောက် ထွက်သွားတော့ နောက်တစ်ယောက်ကိုလည်း ထိုကဲ့သို့ ခေါ်ကာ ပြောပြန်သည်။ ဒီလိုနဲ့ ကျောင်းသူငါးယောက်လောက်ကို အမှာတော်ပါးပြီးသွားတော့ စိုးကြီးက ထိုနေရာတွင် ခန့်ခန့်ကြီး ရပ်ကာနေလေသည်။ မြတ်နိုးငယ်အလာကို စတိုင်အပြည့်နှင့် စောင့်ကာနေလေ၏။ ခဏကြာတော့ သူ့ဆီကို မြတ်နိုးငယ် ရောက်ကာလာလေသည်။ စိုးကြီးကိုတွေ့သွားတော့ ကြောင်တောင်တောင်ဖြစ်ကာသွား၏။ သို့သော် သူ့ကို လူကြုံပါး၍ ခေါ်ခိုင်းလိုက်သူမှာ စိုးကြီးဟု ထင်ပုံမရ။ ထို့ကြောင့် ပတ်ဝန်းကျင်ကို လျှောက်ကာရှာလေသည်။ သူမနောက်မှာ ပါလာသော ကျောင်းသူတစ်ယောက်က စိုးကြီးကို ညွှန်ပြလိုက်တော့မှ သူ့ကို ခေါ်ခိုင်းလိုက်သောသူမှာ စိုးကြီး

[redacted]



မှန်း သိကာသွားလေ၏။

မြတ်နိုးငယ်မျက်နှာက ချက်ချင်းတင်းမာသွားကာ စိုးကြီးထံသို့ လျှောက်ကာသွားလေသည်။ စိုးကြီးရှေ့ရောက်တော့ . . .

"ဒီမှာ၊ တစ်ခန်းလုံးမှာရှိတဲ့သူမှန်သမျှ ကျွန်မကို လိုက်ခေါ်ခိုင်းရအောင် ရှင် ဒါဘာလုပ်တာလဲ၊ ဘာသဘောလဲ"

"စိတ်မဆိုးပါနဲ့ဗျာ၊ စိတ်ကလေးကို အေးအေးလေးထားပါ၊ ကျွန်တော် ခင်ဗျားကို ပြောစရာရှိလို့ လာတာပါ"

"ရှင်နဲ့ ကျွန်မ ဘာပြောစရာရှိလို့လဲ"

"ဟိုတစ်နေ့ကကိစ္စပါဗျာ၊ အဲ့ဒီကိစ္စကို တွေးမိတိုင်း ကျွန်တော် စိတ်မကောင်းဘူး၊ တကယ်ပါ ခင်ဗျားဆီက ခွင့်လွှတ်တယ်ဆိုတဲ့ စကားကို မကြားရမချင်း ကျွန်တော် ဘယ်လိုမှ နေလို့မရဘူးဗျာ"

စိုးကြီးက ရုပ်တည်ကြီးနှင့် တကယ်ခံစားနေရတဲ့ အမူအရာလုပ်ကာပြောတော့ ကောင်မလေးက ကြောင်စီစီကြီး ဖြစ်သွားကာ စိုးကြီးကို ကြည့်နေမိသည်။ စိုးကြီးက သက်ပြင်းတစ်ချက်ကို ရှိုက်ကာချရင်း စကားကိုဆက်၏။

"ဟင်း . . . တကယ်တော့ဗျာ ကျွန်တော်ဆိုတဲ့ကောင်ကိုက မှားတာပါ၊ ခင်ဗျားလို မိန်းကလေးမျိုးကိုမှ ဝင်တိုက်မိရတယ်လို့၊ တကယ် ဆို တခြားတစ်ယောက်ကိုသာ ဝင်တိုက်မိရင် ကျွန်တော် အဲ့ဒီလို ဖြစ်မှာမဟုတ်ဘူး"

"ဘယ် ဘယ်လိုဖြစ်နေလို့လဲဟင်"

"ကျွန်တော် ခံစားနေရတယ်လေဗျာ၊ အခု ကျွန်တော် မထေရား

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခံစားနေရတယ်၊ စားလည်း ဒီစိတ်၊ သွားလည်း ဒီစိတ်နဲ့၊ ကြာရင် လုံးပါးပါးပြီး သွေးတိုးရောဂါနဲ့ သေရလိမ့်မယ်"

"သွေးတိုးရောဂါ ဟုတ်လား"

"ဟုတ်တယ် ကျွန်တော့်မှာ သွေးတိုးရောဂါ အကြီးကြီးရှိတယ်၊ တကယ်မှ တကယ့်အကြီးကြီး"

မြတ်နိုးငယ် စိတ်ဆင်းရဲကြီးစွာဖြင့် သက်ပြင်းရှည်ကြီး ချ၍ စိုးကြီးကို ကြည့်နေမိသည်။ သူမစိတ်ထဲ အံ့သြခြင်း၊ မယုံနိုင်ခြင်း၊ စိတ်ပျက်မှု၊ ကြောက်လန့်မှု စသည်တို့ ရောယှက်ကာ ဖြစ်ပေါ်နေ၏။ စိုးကြီးကိုလည်း တဖြည်းဖြည်း ကြောက်လာမိသည်။ စိုးကြီးက သူမကို ဆတ်ခနဲ မော့ကြည့်၍ . . .

"ခွင့်လွှတ်ပါဗျာ နော်"

ဟု ရုတ်တရက်ကြီး ပြောချလိုက်တော့ သူမ ခန္ဓာကိုယ် တုန်ခနဲဖြစ်သွားကာ . . .

"ခွင့် ခွင့်လွှတ်ပါတယ်ရှင် ခွင့်လွှတ်ပါတယ်"

"တကယ်"

"တကယ်ပါ"

"ဟာ ကျေးဇူးတင်လိုက်တာဗျာ၊ အဲ့ဒါဆို ကျွန်တော် ပြန်လိုက်ဦးမယ်"

စိုးကြီးစကားကြောင့် မြတ်နိုးငယ် ဝမ်းသာကာ သွားလေသည်။ သို့သော် စိုးကြီးရှေ့မှာ ဝမ်းသာတဲ့အမူအရာကို မနည်းဖုံးဖိကာထားရလေသည်။ တော်ကြာ သကောင့်သားက မပြန်တော့ဘူး လုပ်နေလျှင်

[redacted]



ခက်မည်။ ဒီကောင့်ပုံစံကြည့်ရတာ စိတ်လည်း သိပ်မှန်ပုံမရဟု သူမစိတ်ထဲ တွေးနေမိ၏။

ထို့ကြောင့် ခေါင်းလေးညိတ်ပြရုံ ညိတ်ပြ၍ . . .

"ဟုတ် ဟုတ်ကဲ့"

စိုးကြီးက လေးငါးလှမ်းလောက် ထွက်သွားပြီးတော့မှ ပြန်လှည့်လိုက်ကာ . . .

"နောက်လည်း လာလည်မယ်နော်၊ ဘော်ဒါတွေ ဖြစ်သွားပြီပဲဥစ္စာ ဟုတ်ဘူးလား"

မြတ်နိုးငယ် ခေါင်းကို ထပ်ညိတ်ပြလိုက်သည်။

စိုးကြီးကတော့ ပြုံးပြုံး ပြုံးပြုံးနှင့် ပထဝီဆောင်ထဲမှ ထွက်သွားပါတော့၏။ စိုးကြီး အရိပ်အယောင် ပျောက်သွားတော့မှ သူမ စိတ်အေးစွာ သက်ပြင်းကို ချမိလေတော့သည်။

ဒီလိုကြောင်တောင်တောင်နှင့် ဖွတ်တရွတ်နိုင်တဲ့လူမျိုး သူ့တစ်သက်တွင် ဒီတစ်ခါသာ ကြုံဖူးတော့၏။ နောက်တစ်ခါ ဒါမျိုးဆိုရင်တော့ သည်းခံဖို့ အစီအစဉ် မရှိတော့ပေ။

ထို့ကြောင့် ဒီကောင့်အကြောင်းကို သိရန် မနက်ဖြန် ခင်မိမိ သွယ်ထံသွား၍ မေးကြည့်ရန် ဆုံးဖြတ်လိုက်ပါတော့၏။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"**နင့်** သူငယ်ချင်းက စိတ်ရော ပုံမှန်ရှိရဲ့လား မိသွယ်ရယ် ငါ့ကို ပြောစမ်းပါဦး"

နောက်တစ်နေ့မှာ မြတ်နိုးငယ်က ခင်မိမိသွယ်ထံသွားပြီး စိုးကြီး အကြောင်းကို သွားပြောပြခြင်းဖြစ်သည်။ အကြောင်းစုံရှင်းပြပြီးတော့ မြတ်နိုးငယ်ရဲ့ အမေးကို ခင်မိမိသွယ်က ရယ်သည်။ ထို့နောက် အ ရယ်တစ်ဝက်နှင့် . . .

"ဒီကောင်က အဲ့ဒီလိုပဲဟ သူ့စိတ်ထဲရှိရင် ရှိတဲ့အတိုင်း ထထလုပ် တတ်တာ၊ စိတ်ထားလေးတော့ ကောင်းပါတယ်၊ ငါတို့ဆိုလည်း အရင် က ဒီကောင့်ကို ကြည့်မရဘူး၊ နောက်တော့လည်း သူ့အကြောင်းတွေ သိသွားတော့ ရိုးသွားပါပြီဟာ"

[redacted]



ခင်မိမိသွယ်စကားဆုံးတော့ မြတ်နိုးငယ်က ဝင်၍ . . .

"နင်ကတော့ ရိုးသွားပေမယ့် ငါ့စိတ်ထဲမှာ အဆန်းကြီးဟ၊ အဲ့ဒီ လိုမျိုး ဘယ်လိုမှပြောမရ ဆိုမရတဲ့လူမျိုး တစ်ခါမှ မတွေ့ဖူးဘူး၊ ဘယ်လိုကြီးလည်း မသိဘူး"

"ဒါကတော့ နင့်ကို သူက နောက်ချင်လို့လားမှ မသိတာ"

"နောက်ချင်ရအောင်လည်း ငါနဲ့သူနဲ့က သူငယ်ချင်းမှ မဟုတ် တာ၊ တွေ့တာမှ တစ်ခါလားရှိသေးတယ်၊ ဟိုတစ်နေ့က နင့်ကို လာ နှုတ်ဆက်တဲ့နေ့ တစ်ခါ၊ နှစ်ခါပဲရှိသေးတယ်"

"အေး အေး အခုမှ သတိရတယ်၊ နင့်ကို ငါပြောရဦးမယ်သိလား၊ အဲ့ဒီနေ့က နင်ပြန်သွားတော့ သူက ငါ့ကို နင့်အကြောင်း မေးတယ်ဟဲ့ ပြီးတော့ ပြောသေးတယ် နင့်ကို သူက စိတ်ဝင်စားလို့တဲ့"

"ဗုဒ္ဓေါ"

"ဗုဒ္ဓေါမလုပ်နဲ့ တကယ်ပြောနေတာ ငါ့ကို နင့်အကြောင်းတွေ မေးနေတယ်"

"နင်က ဘာပြောလိုက်လဲ"

"ငါလည်း နင့်အကြောင်း သိသလောက် ပြောပြလိုက်တာပေါ့ဟ၊ နင်ဘယ်လောက်စွာတယ်ဆိုတဲ့အကြောင်း၊ ဘယ်လောက် လက်မြန် တယ်ဆိုတဲ့အကြောင်းတွေပေါ့"

"ဒါနဲ့တောင် ဒီကောင် ငါ့ဆီ မျက်နှာပြောင်တိုက်ပြီး လာရဲသေး တယ်"

"အဲ့ဒါကြောင့် ငါပြောတာပေါ့၊ ဒီကောင်က ဇွတ်တရွတ်ပါဆို"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ခင်မိမိသွယ်ရဲ့ စကားဆုံးတော့ မြတ်နိုးငယ်က ဝင်၍ . . .

"နင်က မတားဘူးလား"

"ဘာကိုလဲ"

"ငါ့ကို ဒီကောင် စိတ်ဝင်စားနေတဲ့ကိစ္စကိုလေ"

"အမလေး တားပါတယ်တော်၊ မရမကကို တားပါတယ်၊ ငါ့ကို တောင် သူက ပြန်ပြောသွားသေးတယ် ဘာတဲ့ လောကကြီးမှာ ဘာနဲ့မှ တားဆီးလို့မရတာ အချစ်တဲ့"

"ဒုက္ခပါပဲဟယ် ငါတော့ သေသာသေလိုက်ချင်တော့တာပဲ"

မြတ်နိုးငယ် စိတ်ညစ်သွားတာကို ကြည့်၍ ခင်မိမိသွယ်က . . .

"ယောက်ျားတွေနဲ့ ပတ်သက်ရင် ဒီတစ်ခါပဲ နင်ညည်းညူသေးတယ်နော်"

"ဘာလဲဟဲ့ နင့်စကားက"

"ဩော် ငါပြောတာက ဒီလိုပါဟ အရင်က နင့်ကို ချဉ်းကပ်တဲ့ ယောက်ျားလေးတွေဆို နင့်အကြောင်း သိသွားတာနဲ့ ဝေးဝေးက ရှောင်သွားကြတာလေ၊ အဲ့ဒီတော့ နင်သိပ်စိတ်မညစ်ရဘူးပေါ့၊ ငါက အဲ့ဒါကို ဆိုလိုတာပါ"

"ဟုတ်တယ်ဟေ့ အခု နင့်အကောင်က ပြူးခြောက်လည်းမရ၊ ဖြဲခြောက်လည်း မကြောက်ဖြစ်နေလို့ တကယ့်ဘောက်ချာကောင်"

ခင်မိမိသွယ်က ခွက်ထိုးခွက်လန် ရယ်သည်။ မြတ်နိုးငယ်က ခင်မိမိသွယ်ကို မကျေမနပ် တစ်ချက်ကြည့်၍ ခုံမှထရပ်လိုက်ကာ

"အေးပါ နင် ရယ်ထား ရယ်ထား နောက်တစ်ခါ နင့်အကောင်

[redacted]



ငါ့ဆီလာမှ ငါ့အဆိုးမဆိုနဲ့ ဒီတစ်ခါ ငါနဲ့အတွေ့ပဲ"

ဟုပြောကာ ဘောက်ဆတ်ဆတ်နှင့် ထွက်သွားပါတော့သည်။ ခင်မိမိသွယ်ကတော့ ရယ်မောရင်းနှင့် မြတ်နိုးငယ်၏ ကျောပြင်ကို ကြည့်ကာ ကျန်ရစ်ခဲ့ပါတော့၏။

ဘာတွေဖြစ်လာဦးမလဲဆိုတာကိုတော့ သူမ တွေး၍ ရင်လေးနေမိပါတော့သည်။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**နောက်** တစ်နေ့တွင် စိုးကြီးက မြတ်နိုးငယ်နောက်လိုက်၍ စကားလိုက်ပြောသည်။ ပုံစံကတော့ ထုံးစံအတိုင်း စပ်ဖြဲဖြဲနှင့် . . .

"ဘယ်လိုလဲ နေကောင်းလား ဟဲဟဲ"

"နေကောင်းလို့ ကျောင်းလာတာပေါ့ မမြင်ဘူးလား"

"မြင်သားပဲ"

"မြင်ရင် ဘာလို့ လိုက်မေးနေလဲ"

"ဒါက ဒီလိုရှိတယ်လေ တချို့တွေက နေမကောင်းလျက်ရဲ့ ကျောင်းကိုလာတာမျိုးရှိတယ်၊ အဲ့ဒါကြောင့် မေးကြည့်တာပါ သူငယ်ချင်းရဲ့"



မြတ်နိုးငယ် ဆတ်ခနဲ တစ်ချက်လှည့်ကြည့်ပြီး . . .

"နင် ငါ့ကို ဘယ်လိုခေါ်လိုက်တယ်"

"သူငယ်ချင်းလို့ ခေါ်လိုက်တာလေ ဘာဖြစ်လို့လဲ"

"ဘာသူငယ်ချင်းလဲ၊ နင်နဲ့ ငါနဲ့ သူငယ်ချင်းဖြစ်သွားပြီလို့ ဘယ်သူပြောလဲ မခေါ်နဲ့ အဲ့ဒီလို"

"နင်ကလည်းဟာ ဟိုတစ်နေ့ကပဲ ငါတို့ သူငယ်ချင်းတွေ ဖြစ်သွားပြီလေ မမှတ်မိတော့ဘူးလား"

မြတ်နိုးငယ်က ဘာမှထပ်မပြောတော့ဘဲ လမ်းကို ဆက်လျှောက်သည်။ စိုးကြီးက ဘေးကကပ်၍ ပါလာ၏။

မြတ်နိုးငယ်က စိုးကြီးကို ကြည့်၍ . . .

"နင်က ဘာလို့ ငါ့နောက်လိုက်လာတာလဲ"

စိုးကြီးက ကြောင်တောင်တောင် အမူအရာလုပ်လိုက်ကာ . . .

"ငါလိုက်လာတာမဟုတ်ပါဘူးဟ ငါက ငါ့အခန်းငါသွားတာပါ လမ်းကြုံလို့ပါလာတာ"

ဒါတော့လည်း ဟုတ်နေပြန်၏။ စိုးကြီးတို့မေဂျာအဆောင်က သူတို့နဲ့ ကပ်လျက်ဖြစ်၍ လမ်းက တစ်လမ်းတည်း ဖြစ်ကာနေ၏ ထို့ကြောင့် သူမခမျာ ဘာပြန်ပြောလို့ ပြောရမှန်းမသိ ဖြစ်သွားသည်။

စိုးကြီးက . . .

"မြတ်နိုး"

သူမ လှည့်ကြည့်၍ . . .

www.burmeseclassic.com

www.burmeseclassic.com



"နင် ငါ့ကို အဲ့ဒီနာမည် မခေါ်နဲ့"

"ဒါဆို ငါဘယ်လိုခေါ်ရမလဲ၊ သူငယ်ချင်းလို့ ခေါ်ပြန်တော့လည်း မကြိုက်ဘူး၊ နာမည်ခေါ်တော့လည်း မခေါ်နဲ့တဲ့ ငါက ဘယ်လိုခေါ် ရမှာလဲ"

"ဘယ်လိုမှ မခေါ်နဲ့ ငါနင်နဲ့ စကားမပြောချင်ဘူး"

"ဘာဖြစ်လို့လဲဟင်"

"ဘာမှမဖြစ်ဘူး မပြောချင်ဘူးဆို မပြောချင်ဘူးဘဲ"

"ဟင် ဘယ်လိုကြီးလဲ တစ်မျိုးကြီးပါလား"

"ဟုတ်တယ် တစ်မျိုးကြီးပဲ အဲ့ဒါဘာဖြစ်လဲ"

"ဘာ ဘာမှမဖြစ်ပါဘူးဟာ"

"ဘာမှမဖြစ်လဲ သွားတော့"

"ငါက ဘယ်သွားရမှာလဲ"

"ဟိုမှာလေ နင်တို့မေဂျာရောက်ပြီ သွားတော့"

စိုးကြီး ဘာပြန်ပြောလို့ ပြောရမှန်းမသိဘဲ ယောင်ပေပေနှင့် ရပ်ကာကျန်ခဲ့၏။ မြတ်နိုးငယ်က ခပ်သွက်သွက်ပင် ဆက်၍ လျှောက် သွားတော့သည်။

♥ ♥ ♥





"မင်း ဒီရက်ပိုင်းအတွင်း ခြေလှမ်းတွေ ပျက်နေတယ် နော်၊ ဟိုနေ့ကလည်း ပထဝီမေဂျာကို တစ်ယောက်တည်း သွားတယ် ကြားတယ် ဘာသွားလုပ်တာလဲ"

သူငယ်ချင်းတွေက စိုးကြီးကို ဝိုင်းမေးကြခြင်းဖြစ်သည်။ စိုးကြီး က ဆေးပေါ့လိပ်ကလေး ဖွာကာ ဖွာကာနှင့် . . .

"မြတ်နိုးငယ်ဆီ သွားတာ"

ဟု ခပ်ပြတ်ပြတ် ပြန်ဖြေလိုက်သည်။ သူငယ်ချင်းတွေထဲမှ သိန်း ဦးက ဝင်၍ . . .

"မြတ်နိုးငယ်ဆိုတာ ဘယ်သူလဲ"

"တစ်ယောက်ယောက်ပေါ့ကွာ၊ မင်းညီမ မဟုတ်တာတော့



www.burmeseclassic.com

www.burmeseclassic.com



သေချာတယ်"

သိန်းဦးမျက်နှာက ဒေါသထွက်သွားကာ . . .

"ငါက အကောင်းမေးတာ အကောင်းဖြေစမ်း"

ထိုတော့မှ စိုးကြီးက ပြုံးလိုက်ပြီး . . .

"ငါနဲ့ ဟိုတစ်ခါ ကန်တင်းမှာ တိုက်မိတဲ့ ကောင်မလေးကို မှတ်မိလား"

အားလုံးက တစ်ချက်စဉ်းစားလိုက်သည်။ ခဏကြာတော့မှ ခေါင်းကိုယ်စီ ညိတ်လိုက်ကာ . . .

"မှတ်မိတယ် မြတ်နိုးငယ်ဆိုတာ အဲ့ဒီကောင်မလေးလား"

"ဟုတ်တယ် သူ့ဆီသွားတာ"

"ဟား ဟား စိုးကြီး မင်းခြေလှမ်းတွေ သွက်လှချည်လား၊ ကောင်မလေးရဲ့ နာမည်တွေ ဘာတွေတောင် သိပြီး မေဂျာတွေ ဘာတွေ အထိတောင် သွားလည်နေပြီလား"

စိုးကြီးက ကော်လံစကို တစ်ချက်ထောင်လိုက်၍ . . .

"စိုးကြီးလေ သိတယ်မဟုတ်လား မလုပ်ရင်နေရော လုပ်ရင် အရှင်းပဲ"

"ကဲပါကွာ ထားပါတော့ မင်းဟာမင်း အရှင်းပဲလုပ်လုပ် မရှင်း တရှင်းပဲလုပ်လုပ် ငါတို့သိချင်တာက အဲ့ဒါမဟုတ်ဘူး၊ ငါတို့ သိချင်တာက မင်းကောင်မလေးကို တစ်ခါတည်း တွေ့ရုံနဲ့ ဘယ်လိုစုံစမ်းလို့ရသွားတာလဲ၊ ငါတို့အမြင်ပြောရရင်တော့ ကောင်မလေးက ဆတ်ဆတ်ကြဲလေးကွ"

[redacted]



ထိုစကားကို မြင့်နိုင်ထွေး ဝင်ပြောလိုက်ခြင်းဖြစ်သည်။ စိုးကြီးက မြင့်နိုင်ထွေးကို တစ်ချက်လှည့်ကြည့်၍ . . .

"ဟေ့ကောင် မင်း မြင့်နိုင်ထွေးနော်"

"ဟုတ်တယ်လေ ငါမြင့်နိုင်ထွေးပဲ"

"ဒါဆို နောက်တစ်ခါ ငါ့သူငယ်ချင်းလို့ လူကြားထဲ လျှောက်မပြောနဲ့ ငါရှက်တယ်"

"ဟေ့ကောင် ဘာပြောတာလဲ ငါက ဘာဖြစ်နေလို့လဲ"

ကျန်တဲ့သူငယ်ချင်းတွေက မြင့်နိုင်ထွေးကိုကြည့်၍ . . .

"အသားမဲလို့"

ဟု ဝင်ပြောလိုက်လေသည်။ စိုးကြီးက ရယ်၍ မြင့်နိုင်ထွေးကို ကြည့်ကာ . . .

"မင်းဒီလောက် အတီးအတဖြစ်နေမှတော့ အသားမဲတာတောင် နည်းသေးတယ် မှတ်ထားကွ ဒီခေတ်က ဒုံးပျံခေတ်၊ အင်တာနက်ခေတ်ကွ၊ ကမ္ဘာကြီးကိုတောင် ရွာတစ်ရွာလို သဘောထားနေတဲ့ ခေတ်ကြီးမှာ ငါတို့တက္ကသိုလ်ဆိုတာ အလွန်တရာသေးငယ်တဲ့ အမှုန်အပိုင်းအစလေးဖြစ်သွားပြီကွ၊ ဒါကြောင့် လူတစ်ယောက်ကို စုံစမ်းဖို့ဆိုတာ ဘာခက်တော့မှာလဲ"

မြင့်နိုင်ထွေး ငိုင်ကျသွားလေသည်။ သူ့ကို အသားမဲတယ် ပြောလိုက်လို့ စိတ်အားငယ်သွားတာလားတော့ မသိပေ။ ကျန်တဲ့ကောင်တွေက ခေါင်းတညိတ်ညိတ် လုပ်ကြ၏။ ထို့နောက် သိန်းဦးက မရဲတရဲ လေသံလေးနှင့် . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို မင်း မြတ်နိုးငယ်အကြောင်းကို အင်တာနက်က သိလာတာ ပေါ့နော်"

"မဟုတ်ဘူး ခင်မိမိသွယ်ဆီက"

"ဟင်"

အားလုံးက ပထမတော့ ကြောင်သွား၏။ နောက်တော့မှ စိုးကြီး ကို ဝိုင်းထိုးကြကာ . . .

"ဒါဆိုလည်း အစောကြီးကတည်းက မိသွယ်ဆီက သိတယ်ဆို လည်း သိတယ်ပြောပါလား၊ ဘာလို့ စကားကြီးစကားကျယ်တွေ ပြော နေသေးလဲ"

စိုးကြီးက သူတို့ ထိုးတာတွေကို ရှောင်ရင်း တိမ်းရင်း ထွက်ပြေး ၏။ အားလုံးက နောက်ကလိုက်ကာ စိုးကြီးကို ဝိုင်းသမကြသည်။ အားလုံးသမပြီးသွားတော့ စိုးကြီးက . . .

"ငါ နောက်နေ့တွေ ပထဝီဘက်သွားရင် လိုက်ကြမလား"

"ဘယ်သူမှ မလိုက်ဘူး၊ မင်းဟာမင်းသွား"

"အဲ့ဒီလောက် အားကိုးရတဲ့ သူငယ်ချင်းတွေဆိုတာ ငါသိတယ်"

"အကူအညီ မပေးချင်လို့ မဟုတ်ဘူးဟေ့၊ မင်းရဲ့ ရှုံးကြောင် မှုးကြောင် အတ္တုပ္ပတ္တိထဲ ဝင်မပါချင်လို့"

သိန်းဦးရဲ့ စကားအဆုံး အားလုံးရယ်ဖြစ်ကြ၏။ ထို့နောက် ဆရာမ ရောက်လာပြီဖြစ်၍ သူတို့အခန်းထဲသို့ ကိုယ်စီဝင်သွားကြပါ တော့သည်။

♥ ♥ ♥

[redacted]



စိုးကြီးက သူများတွေလို အဖော်မပါဘဲလည်း တစ်ယောက် တည်း လှုပ်ရှားလို့ဖြစ်သည်။ သူက အကြောက်အလန့်လည်း သိပ်ရှိလှ တာမဟုတ်။ အဝင်အထွက်လည်း ရဲသည်။ ဒိုင်ကြောင်တွေလည်း လွတ်တတ်၏။ တော်ရုံကောင်မလေးဆိုလျှင် စိုးကြီးကို ကောလွတ်ချင် ရင်တောင်မှ စိုးကြီးရဲ့ ဗရုတ်သုတ်ခအမူအရာတွေနှင့် ဒိုင်ကြောင်တွေ မှာ မျောပြီး စကားပြန်ပြောချိန်တောင် ရမည်မဟုတ်။ စိုးကြီးက အဲ့ဒီလို အရည်အချင်းတွေနှင့် ပြည့်စုံသည်။

အခုလည်း ပထဝီမေဂျာရဲ့ ကော်ရစ်တာမှာ ရပ်၍ မြတ်နိုးငယ် ကို စောင့်နေရင်း တွေ့သမျှ ကောင်မလေးတွေကို ငေးနေမိသည်။ သူ မာတ်ကျတဲ့ကောင်မလေးတွေဆို မထိတထိ စနေ၏။ အပိုးက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တော့ နည်းနည်းမှ မကျိုးပေ။ ရောက်တဲ့နေရာမှာ ဇာတိလေးကတော့ နည်းနည်းပြလိုက်ရမှ။

ခဏနေတော့ မြတ်နိုးငယ် အခန်းထဲက ထွက်လာ၏။ စိုးကြီးက မြတ်နိုးငယ်ကိုတွေ့တော့ တိုင်တစ်ခုနောက်မှာ ကွယ်၍ ရပ်လိုက်လေသည်။ သူက အကြံနှင့် . . .

မြတ်နိုးငယ် သူရပ်နေသည့် တိုင်နားကို ရောက်လာလျှင် ရုတ်တရက် ခြောက်လှန့်လိုက်မည်ဆိုသော အတွေးမျိုး။

မြတ်နိုးငယ် လှမ်းလာနေသော ခြေလှမ်းတွေကို သူတွက်နေမိ၏။ အနည်းဆုံး မြတ်နိုးငယ်တို့ အခန်းဝနှင့် သူပုန်းနေသော နေရာလောက်သည် ခြေလှမ်းနှစ်ဆယ်လောက်ဆို ရောက်ပြီဖြစ်သည်။ ထို့ကြောင့် စိတ်ထဲမှာ ခြေလှမ်းတွေကို ရေတွက်နေမိ၏။

“၁ ၂ ၃ ၄ ၅ . . . . . . . . . . . . . ၁၈ ၁၉ ၂၀”

စိုးကြီး ဝုန်းခနဲ တိုင်အကွယ်ကနေ ထွက်လိုက်မိ၏။

“ဝါး ဟား ဟား”

“အမလေး အမေ့”

“ဂလုံ ဂွမ်”

“ဟင်”

စိုးကြီး ရုတ်တရက် ကြောင်သွားသလို တစ်ဖက်က ကောင်မလေးခမျာလည်း တော်တော်လန့်သွားကာ လက်ထဲက ထမင်းချိုင့်ပါ အောက်သို့ လွတ်ကျသွား၏။

စိုးကြီး ထိုကောင်မလေးကို ကြည့်၍ ကြောင်ကာ ရပ်နေမိသည်။



ထိုကောင်မလေးသည် သူထင်ထားသလို မြတ်နိုးငယ် မဟုတ်ပေ။ ထို့အပြင် မြတ်နိုးငယ်ရဲ့ အရိပ်အယောင်ကိုလည်း သူ မတွေ့ရပေ။ အမှန်တော့ မြတ်နိုးငယ်က စိုးကြီး ရောက်နေသည်ဆိုတာကို သူ့သူငယ်ချင်းတွေဆီက သတင်းရထား၍ တခြားအပေါက်က လှည့်ထွက်သွားခြင်းဖြစ်သည်။

စိုးကြီးကတော့ တစ်စစီ လွင့်ထွက်သွားသော ထမင်းချိုင့်တွေကို လိုက်ကောက်နေသည့် ကောင်မလေးကို ကြောင်ကြည့်ရင်း သတိဝင်လာကာ . . .

“ဟာ ဟို မတော်လို့ပါဗျာ ကျွန်တော် ကျွန်တော် တောင်းပန်ပါတယ်”

ကောင်မလေးက ဘာမှပြန်မပြော။ ထမင်းချိုင့်တွေကိုသာ ဣန္ဒြေရစွာ လိုက်ကောက်ရင်း ချိုင့်တဲမှာ ပြန်ဆင့်နေ၏။ စိုးကြီးလည်း ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိတော့ဘဲ ချိုင့်တစ်ချိုင့်ကို ယူကာ ဆင့်ပေးနေသည်။

ချိုင့်ဆင့်ပြီးသွားတော့ . . .

“မတော်လို့ပါဗျာ အားနာလိုက်တာ”

“ရပါတယ်”

ကောင်မလေးက ထိုတစ်ခွန်းသာ ပြောပြီး ထရပ်လိုက်သည်။ ထို့နောက် စိုးကြီးအနားမှ ဖယ်ခွာကာ ထွက်သွားပါတော့သည်။

စိုးကြီးခမျာ သူ့ကို ရန်တွေ့မသွားဘဲ အေးအေးဆေးဆေးပင် ဣန္ဒြေရရ ထွက်သွားသော ကောင်မလေးကို ငေးရင်း ကျန်ခဲ့မိတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ခဏကြာတော့ သက်ပြင်းကိုချကာ ခေါင်းကိုကုတ်၍ ထိုနေရာမှ ထွက်လာခဲ့လိုက်ပါတော့သည်။

ဖြစ်လိုက်ရင် အရာရာနဲ့ အကြောင်းကြောင်းပဲဟု သူ့ကိုယ်သူ အပြစ်တင်သလိုလို ပထမဆုံးအကြိမ် ရေရွတ်မိ၏။

ထို့နောက် ကောင်မလေးရုပ်ပုံ စိတ်ကူးထဲမှာ ပေါ်လာသည်။

ကောင်မလေးက တော်တော်လှသည်။

[redacted]



## အခန်း (၂)

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြ သင်းမိုး' သည် ကန်တင်းရောက်တော့ သူငယ်ချင်းတွေ ရောက်နှင့်နေပြီဆိုတာကို သိလိုက်၏။ သူမက ထမင်းချိုင့်ကို ချပြီး သူ့အတွက် နေရာလွတ်နေသော ခုံတစ်လုံး၌ ဝင်ထိုင်လိုက်၏။ ထို့နောက် စားပွဲထိုးကောင်လေးတစ်ယောက်ကို လှမ်းခေါ်၍ လက်ဖက်ရည်နှင့် မုန့်တစ်ပွဲ မှာလိုက်သည်။

သူ့သူငယ်ချင်းတွေက မြသင်းမိုးကို ကြည့်၍ . . .

"မိုး ထမင်းချိုင့်ကြီး ပါလာရက်နဲ့ ဘာလို့ လက်ဖက်ရည်နဲ့ မုန့်တွေ လျှောက်မှာနေတာလဲ"

မြသင်းမိုးက စိတ်ပျက်လက်ပျက် အမူအရာနှင့် သူမသူငယ်ချင်းတွေကို ကြည့်၍ . . .

[redacted]



"လမ်းမှာ လူတစ်ယောက်နဲ့ တိုက်မိပြီး မှောက်လို့ ကုန်ပြီလေ"

"ဖြစ်မှဖြစ်ရလေဟယ် နင်သက်သတ်လွတ်စားတဲ့နေ့ကျမှပဲ"

"ဟုတ်ပါရဲ့"

ဟု မြသင်းမိုးက ရေရွတ်လိုက်သည်။ သူက တစ်ပတ်ကို တစ်ခါ သူမမွေးနေ့ရက်မှာ သက်သတ်လွတ်စား၏။ ထို့ကြောင့် ထိုနေ့တွေဆို ထမင်းချိုင့် ယူလာသည်။ ထိုအကြောင်းကို သိသောကြောင့် သူမသူငယ်ချင်းတွေက ဆိုခြင်းဖြစ်၏။

"ဒါနဲ့ နင်နဲ့တိုက်မိတဲ့သူက ဘယ်ကလဲ ဘယ်သူလဲ"

"ငါလည်း မသိဘူးဟဲ့ တစ်ခါမှတော့ မမြင်ဖူးဘူး၊ ငါတို့ မေဂျာကတော့ မဟုတ်ဘူး"

"ဒါဆို နင့်ကို ဇာတ်လမ်းလုပ်တာပဲဖြစ်မယ်"

မြသင်းမိုးက ထိုသူငယ်ချင်းရဲ့စကားကြောင့် ခေါင်းကို အသာခါရမ်းလိုက်ပြီး . . .

"အဲ့လိုတော့ ဟုတ်ပုံမရဘူးဟဲ့ သူကလည်း ဘာတွေ အရေးကြီးလာမှန်းမသိဘူး၊ တိုင်အကွယ်က ထွက်လာတာ ငါကလည်း နင်တို့ဆီလာချင်ဇောနဲ့ လောလော လောလောလျှောက်လာမိရင်း တိုက်မိကြတာ"

သူမ သူငယ်ချင်းတွေက ပြုံး၍ သူမကို ကြည့်ရင်း . . .

"မသိဘူးလေဟယ် နင်က ကွင်းဆိုတော့ ဇာတ်လမ်းရှာချင်သူတွေက တစ်ပုံကြီးလေ၊ အဲ့ဒါကြောင့် မေးကြည့်တာပါ"

မြသင်းမိုးက ရယ်လိုက်သည်။ သူမ ရယ်လိုက်လျှင် သွားတက်လေးတွေ ပေါ်ပေါ်လာ၍ အတော်ချစ်စရာကောင်း၏။ သူမကလည်း

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုအချက်ကို သိထား၏။ ထို့ကြောင့် သူမအပြုံးကို လှသထက် လှအောင် သတိထားပြီးမှ ပြုံးတတ်သည်။ မြင်သူတကာ ပုရိသတို့အားလုံးကြွေ . . .။

"နင်တို့ကလည်း အချင်းချင်းတွေ လာမြှောက်နေပြန်ပြီ၊ ငါက နင်တို့ မြှောက်မပြောလည်း ဒီဝိုင်းကို ရှင်းမှာပါနော်"

သူငယ်ချင်းတွေက ရယ်ကြသည်။ ထို့နောက် မှာထားတဲ့ လက်ဖက်ရည်နဲ့ မုန့်ရောက်လာ၍ စကားစပြတ်သွားကြ၏။ ထိုအချိန်မှာ

"အိုး ဟိုးဟိုးဟိုး မိုးက ဒီရောက်နေတာကိုး၊ ကိုယ်အခန်းထဲကို ရောက်ခဲ့သေးတယ်၊ မိုး အပြင်ထွက်သွားတယ်ဆိုလို့ ဒီမှာရှိနေမှာပဲဆိုပြီး လိုက်လာတာ"

အားလုံးမော့ကြည့်လိုက်တော့ တရုတ်လိုလို မျက်နှာပေါက်နှင့် မျက်နှာမှာ ဝက်ခြံတွေ ဟိုတစ်လုံး ဒီတစ်လုံး နေရာယူထားသော ကိုကိုကျော်သန်းကို တွေ့လိုက်ရသည်။ မြသင်းမိုးရဲ့ မျက်နှာက အရင်ကလို ပြုံးပြုံးရွှင်ရွှင် မဟုတ်ဘဲ တစ်ချက်တည်ကာ သွားလေသည်။ ထို့နောက် . . .

"ကိုကျော်သန်း ဘာကိစ္စများရှိလို့လဲ"

ကိုကိုကျော်သန်းဆိုတဲ့လူက နှုတ်ခမ်းလေး ထော်ကာ ထော်ကာနှင့်

"ဟဲ ဟဲ ဟဲ ဘာကိစ္စမှရှိတယ်ရယ်လို့လည်း မဟုတ်ပါဘူး မိုးရယ် ဒီဘက်ကို လမ်းကြုံလို့ ဝင်လာတာပါ"

"ဩော် ဒဂုံတက္ကသိုလ်နဲ့ ဆေးတက္ကသိုလ်(၁)က နီးနီးနားနားဆိုတော့ ဒီလိုပဲ လမ်းကြုံတတ်တာပေါ့နော်"

[redacted]



မြသင်းမိုးရဲ့ အငေါ်စကားကြောင့် ကိုကိုကျော်သန်း မျက်နှာတစ်ချက်ရဲသွားသည်။ ထို့နောက် နှုတ်ခမ်းထော်နေသော သူ့နှုတ်ခမ်းပေါ်မှာ မခို့တရို့ ရှက်ပြုံးလေးတစ်ခု တပ်ဆင်လိုက်ရင်း . . .

"မိုးကလည်း ကိုယ့်ကိုတွေ့တာနဲ့ ဖဲ့တော့မယ်၊ ကိုယ်က ဒီဘက်နားက အသိတစ်ယောက်ဆီလာရင်း ဝင်လာတာပါ၊ ဒါနဲ့ အန်ကယ်တောင် နိုင်ငံခြားက ပြန်ရောက်နေပြီဆို"

"ဟုတ်တယ် ဟိုတစ်နေ့ကပဲ ပြန်ရောက်တယ်"

"အင်း ကိုယ်လည်း အန်ကယ့်ကို လာနှုတ်ဆက်ရင်း အိမ်လာဦးမလို့ လုပ်နေတာ၊ ဒီကြားထဲ စာမေးပွဲလေးတွေ ရှိနေလို့ မအားတာနဲ့ မလာဖြစ်တာပါ"

"ရပါတယ် ကိုကျော်သန်းရယ် ကျောင်းတစ်ဖက်နဲ့ဆိုတော့ မအားဘူးဆိုတာ ယုံပါတယ်၊ ကျောင်းစာကိုတော့ ပစ်ပြီး မလာပါနဲ့၊ ကျွန်မ ဒယ်ဒီ့ကိုပဲ ကိုကျော်သန်းက နှုတ်ဆက်ကြောင်း ပြောပေးလိုက်ပါမယ်"

"အိုး ဟိုး နိုးနိုး နိုး အဲ့ဒီလိုဘယ်ဟုတ်ပါ့မလဲ၊ ကိုယ်က လူငယ်ဆိုတော့ လူကိုယ်တိုင် လာနှုတ်ဆက်မှ သင့်တော်မှာပေါ့၊ ဒီတော့ ဘယ်လိုလုပ်ရပါ့မလဲ"

ကိုကိုကျော်သန်း စကားဆုံးတော့ သူမသူငယ်ချင်းတွေက ရုတ်တရက်ထပြီး . . .

"ဟဲ့ မိုး နှင်ခုနကပြောတော့ လမ်းဆုံက ဒေါ်ဥထမင်းသုပ် စားချင်တယ်ဆို၊ အဲ့ဒါ ဒီကဦးလေးကြီးကို ဝယ်ခိုင်းလိုက်ပါလား"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ဦးလေးကြီးဟု ခေါ်လိုက်၍ ကိုကိုကျော်သန်း မျက်နှာတစ်ချက် ပျက်ကာသွားသည်။ သူကလည်း ခေါ်ချင်စရာပင်။ ကော်လံကတုံးလက်ရှည်မှာ ရွှေကြယ်သီးတွေ တပ်၍ ယောပုဆိုးကို ကျော့နေအောင် ဝတ်ထားသည်။ အောက်မှာလည်း မင်္ဂလာဆောင်တွေမှာ သတို့သားတွေ စီးသည့် စိန်ကတ္တီပါကို စီးထားသည်။ ဆံပင်ကလည်း ဗိုလ်အောင်ဒင်တို့ခေတ်က ပုံစံမျိုး ဆီရွှဲအောင် လိမ်း၍ ကော့နေအောင် ဖီးထားသေး၏။ ရုတ်တရက်ကြည့်လျှင် အလှူမင်္ဂလာဆောင်တစ်ခုခုက ပြန်လာသူလို ဖြစ်နေသည်။

ကိုကိုကျော်သန်း မျက်နှာပျက်သွားတာကို တွေ့၍ ကျန်တစ်ယောက်က . . .

"နင်တို့ကလည်းဟယ် ဦးလေးကြီး မဟုတ်ပါဘူး၊ အစ်ကိုကြီးလို့ ခေါ်စမ်းပါ ဟုတ်တယ်နော် အစ်ကိုကြီး"

"ဟုတ် ဟုတ် ဟုတ်ပါတယ်"

ကိုကိုကျော်သန်းရဲ့ ယောင်နနအမူအရာကို ကြည့်၍ အားလုံး ဝိုင်းရယ်လိုက်ကြ၏။ အရယ်ဆုံးတော့ ထိုတစ်ယောက်ကပဲ စကားကို ဆက်သည်။

"အစ်ကိုကြီး အစ်ကိုကြီးမလာခင်က မိုးက ထမင်းသုပ်စားချင်တယ်ပြောနေတာ၊ အဲ့ဒါသွားဝယ်ပေးမယ့်သူ မရှိလို့ အဲ့ဒါ"

ဒီလောက်ဆို ကိုကိုကျော်သန်းက သဘောပေါက်လိုက်ပြီ။ ထို့ကြောင့် ထိုကောင်မလေးစကားမဆုံးခင်မှာပင် . . .

"ရတယ်လေ ကိုယ်သွားဝယ်ပေးမယ်၊ ဘယ်လမ်းဆုံမှာလဲ"

[redacted]



"ဒီနားလေးက လမ်းဆုံမှာပါ၊ သွားဝယ်မယ်ဆိုရင်လည်း ကျွန်မတို့အတွက်ပါ ဝယ်ခဲ့နော်"

ကိုကိုကျော်သန်းက ဆတ်ခနဲ မတ်တပ်ထရပ်လိုက်ကာ . . .

"စိတ်ချ ခဏစောင့်၊ အခု သွားဝယ်ပေးမယ်"

"ကျွန်မတို့အတွက်ရောနော်"

"ဝယ်ကျွေးရမှာပေါ့ဗျာ ကိုယ့်ညီမလေးတွေပဲ ဟဲ ဟဲ"

ဟု ပြောကာ ထွက်သွားလေတော့သည်။ ကိုကိုကျော်သန်း ထွက်သွားတော့မှ အားလုံးက တခိခိနှင့် ရယ်လိုက်ကြ၏။ မြသင်းမိုးက ရယ်ရင်းနှင့် သူ့မသူငယ်ချင်းတွေကို ကြည့်၍ . . .

"နင်တို့ကတော့ လုပ်တော့မယ် လမ်းဆုံမှာ ဘယ်က ထမင်းသုပ်ဆိုင်ရှိလို့လဲ"

"ငါတို့လည်း ဘယ်သိမလဲဟဲ့၊ ပါးစပ်ထဲရှိရာ လျှောက်ပြောတာ၊ ဘယ်ဆိုင်လဲတောင် မမေးဘူး ထပြေးတာပဲတော့"

အားလုံးရယ်လိုက်ကြပြန်သည်။ ထို့နောက် သူတို့စားလို့သောက်လို့ ပြီးသွားတော့ ကျသင့်ငွေကို ရှင်း၍ ထထွက်ခဲ့လိုက်ကြသည်။

ကိုကိုကျော်သန်းတစ်ယောက်တော့ ထမင်းသုပ်ကို မရမကရှာဝယ်ပြီး ပြန်လာရင်တော့ ရင်ဝကို ဖနောင့်နဲ့ ဆောင့်ကန်သလို ဖြစ်ရပေဦးမည်။

မိန်းမတွေရဲ့ မာယာကို မသိတော့လည်း . . .။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးက ဇွဲကောင်းသည်။ မြတ်နိုးငယ်ကို သူမတွေ့လိုက်ရသည့်အတွက် ရင်ထဲမှာ မကျေမနပ်ဖြစ်ကာ အခန်းရှေ့က မပြန်သေးဘဲ ယောင်လည်လည်လုပ်နေလိုက်၏။ မြတ်နိုးငယ် ဘယ်ပဲသွားသွား အတန်းပြန်စရင်တော့ ရောက်လာမှာပဲဖြစ်၏။ ထို့ကြောင့် သူက အတန်းပြန်တက်ချိန်ကို မျှော်၍ စောင့်နေလိုက်ခြင်းဖြစ်၏။

ဒီကိစ္စမှာ မြတ်နိုးငယ် သူ့ကို ရှောင်ထွက်သွားသည်ဆိုတာ သူသိသည်။ ဒီလိုတုံ့ပြန်မှုလောက်နှင့် စိုးကြီးဆိုတဲ့ လူတစ်ယောက်က လက်လျှော့သွားလိမ့်မည်ဟု ထင်ထားလျှင် မှားသွားပေလိမ့်မည်။ စိုးကြီးတို့က သိတယ်မဟုတ်လား။ မလုပ်ရင်နေရော လုပ်ရင်လည်း အရှင်း။

စိုးကြီးက အေးအေးဆေးဆေးပင် ကော်ရစ်တာအဝက အုတ်ခုံ

[redacted]



လေးမှာ ထိုင်၍ ဆေးပေါ့လိပ်လေး ဖွာနေလိုက်သည်။ သူထိုင်နေတဲ့နေရာက မြတ်နိုးငယ်တို့ အခန်းကိုလည်း လှမ်းမြင်နေရသလို ကော်ရစ်တာတစ်လျှောက်ကိုလည်း ရှင်းရှင်းလင်းလင်း မြင်နေရသည်။ ထို့ကြောင့် မြတ်နိုးငယ်တစ်ယောက် မြေလျှိုးမိုးပျံပြီး အတန်းထဲ ဝင်သွားရင်တောင် မြင်ရသည့်အနေအထား။

"ဟဲ့ ဟိုတစ်ယောက်တော့ ထမင်းထုပ်ကြီးတွေ ကိုင်ပြီး လိုက်ရှာနေမှာ မြင်ယောင်သေးတယ်နော် ခစ် ခစ် ခစ်"

"ဟုတ်ပါရဲ့ စိတ်ညစ်နေမယ့် သူ့မျက်နှာကြီး မြင်ယောင်ပြီး ရယ်ချင်လိုက်တာ"

ကောင်မလေးတစ်အုပ်က စကားပြောရင်း သူ့ရှေ့က ဖြတ်လျှောက်သွားသည်။ ဘာရယ်မဟုတ်ဘဲ စိုးကြီးက လှမ်းကြည့်လိုက်စဉ် မြသင်းမိုးကို မြင်ကာသွား၏။ စိုးကြီးက ခုနက သူနဲ့တိုက်မိသွားတဲ့ ကျောင်းသူမှန်း ချက်ချင်းမှတ်မိသွား၍ ထိုင်ရာမှ ထရပ်လိုက်ကာ

"ဒီမှာခင်ဗျ ဒီမှာ"

စိုးကြီးရဲ့ လှမ်းခေါ်သံကိုကြားတော့ ကောင်မလေးတွေက လှည့်ကြည့်လိုက်သည်။ စိုးကြီးက လှမ်းလာလိုက်၍ . . .

"ခုနက ကျွန်တော်နဲ့ ဒီနားမှာ တိုက်မိသွားတာ ဒီကတစ်ယောက်လားမသိဘူး"

မြသင်းမိုးက စိုးကြီးကို ကြည့်၍ မှတ်မိသွားကာ ခေါင်းညိတ်ပြလိုက်သည်။ သူ့မသူငယ်ချင်းတွေက စိုးကြီးကို . . .

"ရှင်လုပ်လို့ ကျွန်မသူငယ်ချင်း ဒီနေ့ ထမင်းငတ်သွားတယ်လေ၊

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အဲဒါဘယ်လိုလုပ်မလဲ"

"ဟုတ်ပါတယ်ဗျာ ကျွန်တော်လည်း အဲဒီကိစ္စကို တွေးပြီး စိတ်မကောင်းဖြစ်နေတာပါ၊ ကျွန်တော့်ကြောင့် ထမင်းငတ်သွားတယ်ဆိုရင် တောင်းပန်ပါတယ်"

မြသင်းမိုးက . . .

"ရပါတယ် အဲဒီလောက်ကြီးလည်း မဟုတ်ပါဘူး၊ သူတို့က နောက်နေတာပါ"

မြသင်းမိုးစကားဆုံးတော့ သူမသူငယ်ချင်းတွေက ဝင်၍ . . .

"ဒါနဲ့ ရှင်က တောင်းပန်ဖို့သက်သက် ဒီမှာစောင့်နေတာပေါ့ ဟုတ်လား"

စိုးကြီးက ရယ်လိုက်ကာ . . .

"အဲဒီလိုလည်း မဟုတ်ပါဘူးဗျာ၊ ကျွန်တော်က အသိတစ်ယောက်ကို စောင့်နေတာပါ"

"ဩော် ရှင့်အသိက ပထဝီကပဲလား"

စိုးကြီးက ခေါင်းညိတ်ပြ၍ . . .

"ဟုတ်ကဲ့"

"ဘယ်သူလဲဟင်"

"ဟယ် နင်ကလည်း စပ်စုလိုက်တာ"

သူမ သူငယ်ချင်းကို မြသင်းမိုးက ဝင်ပြောလိုက်ခြင်းဖြစ်သည်။ သူမ သူငယ်ချင်းက လျှာလေးတစ်လစ်ထုတ်ကာ ခေါင်းပုသွား၍

"ဘာဖြစ်လဲဟယ် ငါတို့နဲ့ သိတဲ့လူတွေဖြစ်နေရင် ပြောပေးလို့

[redacted]



ရအောင်ပေါ့"

စိုးကြီးက ပြုံးလိုက်သည်။ ထို့နောက် . . .

"ရပါတယ်ဗျာ ပြောပြလို့ရပါတယ်၊ ကျွန်တော့်အသိက မြတ်နိုးငယ်ပါ"

မြတ်နိုးငယ်ဆိုတဲ့ နာမည်ကြားတော့ အားလုံးရဲ့ မျက်နှာတွေမှာ အံ့ဩဟန်တွေ ဖြစ်သွားကြသည်။ ထို့နောက် သူတို့အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက် အဓိပ္ပာယ်ပါပါတွေ ကြည့်၍ စိုးကြီးကို ပြန်ကြည့်လိုက်ကာ . . .

"မြတ်နိုးငယ်နဲ့ ရှင်နဲ့က သူငယ်ချင်းလား"

စိုးကြီးက . . .

"သူငယ်ချင်းရယ်လို့ မဟုတ်ပါဘူး၊ အသိတစ်ယောက်အနေနဲ့ပဲ သိနေတာပါ၊ ဘာ ဘာဖြစ်လို့လဲဟင်"

"ဩော် ဘာမှမဖြစ်ပါဘူး၊ မြတ်နိုးငယ်မှာ ယောကျ်ားလေးမိတ်ဆွေရှိတယ်လို့ မကြားဘူးလို့ ကျွန်မတို့က မေးကြည့်တာပါ၊ ကဲ ကဲ ကျွန်မတို့လည်း အတန်းတက်တော့မှာမို့လို့ သွားလိုက်ဦးမယ်၊ မြတ်နိုးငယ်ကိုတွေ့ရင် ဘာပြောပေးရမလဲ"

"ဟာ ရပါတယ် ရပါတယ် မပြောပါနဲ့ဗျ၊ သူလာတဲ့အထိ ကျွန်တော် ဒီကပဲ စောင့်နေပါ့မယ်"

ကောင်မလေးတွေက ခေါင်းညိတ်ပြ၍ ထွက်သွားကြသည်။ ခပ်ဝေးဝေးရောက်သွားတော့ သူတို့က အချင်းချင်း စိုးကြီးကို လှည့်ကြည့်လှည့်ကြည့်နှင့် တီးတိုးတီးတိုး ပြောသွားကြလေသည်။ စိုးကြီးကတော့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုနေရာလေးမှာပဲ ထိုင်ရင်း မြတ်နိုးငယ်ကို မျှော်ကာ ကျန်ခဲ့ပါတော့သည်။

အချိန်တွေသည် တဖြည်းဖြည်း ကုန်လွန်ကာသွားလေ၏။ စာသင်ချိန်ပြီးလို့ နောက်တစ်ချိန်တောင် ပြောင်းသွားလေပြီ။ မြတ်နိုးငယ်ကတော့ ရောက်မလာခဲ့ပေ။

စိုးကြီးခမျာ ကော်ရစ်တာလေးကိုကြည့်ကာ စိတ်ပျက်အားငယ်စွာ သက်ပြင်းလေးကိုချ၍ ထရပ်လိုက်ပါတော့၏။ ထို့နောက် အုတ်ခုံလေးဆီမှ လေးတွဲ့သော ခြေလှမ်းများနှင့် လှမ်းထွက်သွားပါတော့သည်။ ကောင်းကင်က တိမ်တွေကတော့ ပြုံးမယောင် ညိုမည်းလျက် . . .

♥ ♥ ♥

[redacted]



'ဟဲ့ မိသွယ်"

သူမ လမ်းလျှောက်နေရင်းမှ ခေါ်သံကို ကြားတော့ လှည့်ကြည့်သည်။ စိုးကြီးကို တွေ့သွားတော့ . . .

"ဘာလဲဟ အလန့်တကြား"

"နေပါဦးဟာ နင့်ကိုငါ ပြောစရာရှိလို့"

"ဘာလဲ ပြော"

"လမ်းမှာဆိုတော့ ပြောလို့မကောင်းဘူးဟ၊ ကန်တင်းလေး ဘာလေး ထိုင်ရင်း စကားပြောရအောင်"

'အမလေး နင်က ဘာစကားတွေ ပြောမှာမို့လို့ နေရာတွေ ရွေးနေရတာလဲ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝအတွက် အရေးကြီးလို့ပါဟာ"

ခင်မိမိသွယ်က တစ်ချက်စဉ်းစားပြီး . . .

"ဒါဆိုလည်း သွားလေ၊ ဒါပေမယ့် နင်ကျွေးရမှာနော်၊ နင်ခေါ်လို့ ငါလိုက်လာတာ"

"အေးပါဟာ ဒီတစ်ခါ ငါကျွေးပါ့မယ်"

"ဒါဆို နင်က ပိုက်ဆံတွေ ထောနေတယ်ပေါ့ ဟုတ်လား။ ငါ့ အကြွေးလည်း ပေးဦး"

"ပေးပါ့မယ်ဟာ အခုတော့ မယူနဲ့ဦးနော်၊ အဟီး ငါ့မှာ ပိုက်ဆံ အဲ့ဒီလောက် မပါလာဘူးဟ"

"လုပ်ပြီ နင့်ပြောလိုက်ရင် ဒီလိုချည်းပဲ၊ ဟိုတစ်ခါလည်း မနက် ဖြန်ပေးမယ်ဆိုပြီး ပျောက်သွားလိုက်တာ ပေါ်ကိုမလာတော့ဘူး"

"ငါအလုပ်တွေ ရှုပ်နေလို့ပါဟာ"

"သိပါတယ် နင်ဘာတွေရှုပ်နေတယ်ဆိုတာ"

ခင်မိမိသွယ်က အစိပ္ပါယ်ပါပါနဲ့ ပြောလိုက်တဲ့စကားကို စိုးကြီးက ရယ်၍ . . .

"ငါလည်း အခုအဲ့ဒီကိစ္စကို နင့်ကို ပြောမလို့ဟ"

"ဟွန်း သိသားပဲ"

ထိုသို့ဖြင့် သူတို့ ကန်တင်းသို့ ရောက်လာကြသည်။ ခင်မိမိသွယ် က မုန့်ဟင်းခါးတစ်ပွဲ မှာသည်။ စိုးကြီးကတော့ ထုံးစံအတိုင်း လက် ဖက်ရည်ကျဆိမ့်တစ်ခွက် မှာလိုက်၍ . . .

"ဒီလိုဟ မိသွယ်ရ"

[redacted]



"အင်း ပြောစမ်းပါဦး စကားကြီး စကားကျယ်တွေ"

"ငါ ဒီတစ်ခါ တကယ်ပြောတာပါ၊ နင် သေသေချာချာ နား ထောင်ပေးပါဟာ"

ခင်မိမိသွယ်က ရုပ်တည်ကြီးနဲ့ပြောနေသော စိုးကြီးပုံစံကို ကြည့် ၍ ရယ်လိုက်ကာ . . .

"ကဲပါ ကဲပါ ပြောမှာသာ ပြောစမ်းပါ ဘာလဲ"

စိုးကြီးက . . .

"ငါ မြတ်နိုးငယ်ကို တကယ်ချစ်သွားပြီဟာ"

"ဘယ်လို"

"ဟုတ်တယ် မိသွယ်ရယ်၊ ငါ မြတ်နိုးငယ်ကို တကယ်ချစ်သွားတာပါ"

"တော်စမ်းပါ စိုးကြီးရာ၊ နင် ကယောင်ကတန်းတွေနဲ့ ဘာတွေ လျှောက်ပြောနေတာလဲ"

စိုးကြီးက သက်ပြင်းကိုချသည်။ ရုပ်ကလည်း တည်တည်ငြိမ်ငြိမ် နှင့် တကယ်ပြောနေသော ပုံစံရှိ၏။ သို့သော် ခင်မိမိသွယ်ကတော့ စိုးကြီးအကြောင်းကို သိနေ၍ ယုံဟန်မရှိပေ။

စိုးကြီးက . . .

"တကယ်ပါဟာ၊ ငါ ဒီတစ်ခါ တကယ်ပြောတာပါ၊ သူ့ကို ငါ တခြားကောင်မလေးတွေအပေါ်မှာထားတဲ့ စိတ်မျိုး မဟုတ်တော့ ဘူးဟ၊ အရင်က ငါ တခြားကောင်မလေးတွေကို နောက်သလို ပြောင်သလိုနဲ့ လိုက်ပြီး အပျော်သဘော လုပ်ခဲ့ဖူးပါတယ်၊ သူ့နဲ့ စစ တွေ့တုန်းကလည်း အဲ့ဒီလိုပဲ နောက်ချင်ပြောင်ချင်စိတ်နဲ့ လုပ်ခဲ့တာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပါ၊ ဒါပေမယ့် ငါ သူ့ကို တကယ်ချစ်မိသွားတယ်ဟာ၊ အဲ့ဒါကို ဟို တစ်နေ့ကမှ ငါ့ကိုယ်ငါ သိသွားတာ၊ ငါတကယ်ပြောတာ”

“ဘယ်နေ့ကလဲ၊ နင်နဲ့သူနဲ့ တွေ့တာတောင် မကြာသေးဘဲနဲ့”

“အဲ့ဒါတော့ ဟုတ်ပါတယ်၊ နင်ပြောသလို သိပ်မကြာသေးဘဲနဲ့ ငါတော်တော်ခံစားသွားရတယ်၊ အဲ့ဒါကြောင့် ငါ သူ့ကို တကယ်ချစ်မိသွားပြီလို့ နင့်ကိုပြောတာပေါ့”

ခင်မိမိသွယ်က ငြိမ်ကာ နားထောင်နေသည်။ ခဏကြာတော့မှ

“ကဲ ထားပါတော့၊ နင်ပြောတဲ့ ဟိုနေ့ကဆိုတာကို ပြောစမ်းပါဦး”

စိုးကြီးက ခင်မိမိသွယ်ရဲ့ စကားဆုံးတော့ ခပ်ဝေးဝေးကို မျှော်ကြည့်လိုက်ကာ ဆွေးမြေ့နေသော မျက်နှာအနေအထားနှင့် . . .

“ဟိုနေ့ကဆိုတာ ဒီလိုဟာ . . .”

ဟု အစပြုကာ မြတ်နိုးငယ်ဆီကို သူနောက်ဆုံးရောက်ခဲ့တုန်းက အကြောင်းအရာတွေကို ပြောကာပြသည်။ သူ့ကို မြတ်နိုးငယ် ရှောင်ထွက်သွားကြောင်း၊ အတန်းတစ်ချိန် ပြီးဆုံးသည်အထိ အခန်းအပြင်မှာ သူ ထိုင်စောင့်နေကြောင်း၊ သို့သော် မြတ်နိုးငယ်ကတော့ ရောက်မလာကြောင်းတွေကို ပြောပြပြီးနောက် သူ ဘယ်လောက် ရင်ထဲမှာ ခံစားသွားရကြောင်း ရှင်းကာပြ၏။ အဲ့ဒီလို ခံစားချက်မျိုးကိုလည်း သူ ဘယ်သောအခါကမှ မခံစားခဲ့ဖူးကြောင်းလည်း ပြောပြသည်။ သို့သော် သူရှင်းပြတဲ့အထဲတွင် ‘မြသင်းမိုး’ နှင့် ဆုံတွေ့ခဲ့ရတဲ့ အကြောင်းတော့ မပါပေ။ ဒါကလည်း လိုအပ်တယ်မထင်၍ ချန်ထားခဲ့ခြင်းဖြစ်သည်။

[redacted]

BURMESE CLASSIC .com



သူ ရှင်းပြတဲ့စကားဆုံးသွားတော့ ခင်မိမိသွယ် သက်ပြင်းကို ချသည်။ ထို့နောက် စိုးကြီးကို ကြည့်၍ . . .

“နင့်ဟာကလည်း မလွယ်ပါလားဟယ်၊ နင် အခုပြောနေတာတွေက တကယ်ပါနော်”

“တကယ်ပါဟာ၊ ငါ နင့်ကို လိမ်ပြောလို့ ဘာအကြောင်းထူးမှာမို့လို့လဲ”

စိုးကြီးစကားဆုံးတော့ ခင်မိမိသွယ်က . . .

“လွယ်တော့ လွယ်မယ်မထင်ဘူးဟ၊ မြတ်နိုးအကြောင်းကို ငါ အသိဆုံး၊ သူက ရုပ်ချောသလောက် စွာလည်း စွာတယ်၊ ပြီးတော့ ဒီလိုကိစ္စမျိုးတွေကို စိတ်လည်းမဝင်စားဘူး”

“အဲ့ဒါကြောင့် နင့်ကို ငါက အကူအညီတောင်းမလို့ပေါ့”

“ငါ့ကို အကူအညီတောင်းမလို့ ဟုတ်လား”

စိုးကြီးက ခေါင်းညိတ်ပြ၍ . . .

“ဟုတ်တယ်လေ နင်နဲ့ သူနဲ့က သူငယ်ချင်းတွေပဲဟာ နင်ပြောပေးရင်ရမှာပေါ့”

“လက်စသတ်တော့ နင်က ငါ့ကို အောင်သွယ်လုပ်ခိုင်းနေတာကိုး”

စိုးကြီးက ပြုံးလိုက်၍ . . .

“လုပ်ပါဟာ ဒါမျိုးက ကူညီကောင်းပါတယ်”

ခင်မိမိသွယ်က သက်ပြင်းကို ချလိုက်၍ . . .

“နင်ကလည်း ငါ့သူငယ်ချင်း၊ ဟိုဘက်ကလည်း ငါ့သူငယ်ချင်းဆိုတော့ ငါ့အနေနဲ့ သဘောမတူစရာလည်း မရှိပါဘူး၊ မကူညီချင်စရာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အကြောင်းလည်း မရှိပါဘူး၊ ဒါပေမယ့် သူ့ဘက်ကတော့ နင့်ကို လက်မခံဘူးဆိုရင်တော့ ငါလည်း မတတ်နိုင်ဘူးနော်"

"အေးပါဟာ ငါသဘောပေါက်ပါတယ်၊ နင့်ဘက်က အကူအညီပေးရင်ပဲ ကျေနပ်ပါပြီ၊ နင်ပြောသလို ဖြစ်လာရင်တော့ ငါ့ကံပေါ့"

ခင်မိမိသွယ်က ခေါင်းညိတ်လိုက်သည်။ ပြီးနောက် . . .

"နင့်ဘက်ကလည်း ဒီလိုသေချာပြီဆို အရင်တုန်းက အချိုးမျိုးနဲ့ နေလို့မရတော့ဘူးနော်၊ မိန်းကလေးတွေဆိုတာ သူတို့ကို စိတ်ဝင်စားနေတဲ့ ယောကျ်ားလေးတွေကို အနည်းနဲ့အများတော့ လေ့လာကြတာပဲ၊ နင် ပေါ့ပျက်ပျက်၊ ကြောင်တောင်တောင် ပုံစံတွေ နေလို့မရတော့ဘူး၊ အလေးအနက်ထားပြီးနေ"

စိုးကြီးက ပြုံးလိုက်သည်။ ခင်မိမိသွယ်က . . .

"နင်က ဘာပြုံးတာလဲ"

"ဘာမှ မဟုတ်ပါဘူးဟာ၊ နင်က ဒီကိစ္စတွေမှာ ကျွမ်းကျင်နေလို့ ပြုံးမိတာပါ"

"အမလေး ဒီလောက်တော့ ငါလည်း သိပါတယ်ဟ"

ဟု ခင်မိမိသွယ်က ပြန်ပြောလိုက်သည်။ ထို့နောက် စားသောက်ပြီးသွားတော့ သူတို့ ကန်တင်းမှ ထွက်ခဲ့လိုက်ကြ၏။ စိုးကြီးရင်ထဲမှာတော့ ခင်မိမိသွယ်ဆီက အကူအညီပေးမယ်ဆိုတဲ့ စကားကို ကြားရ၍ ဝမ်းသာနေမိပါတော့သည်။

[redacted]



မြသင်းမိုး' သည် ဗိုက်တော်တော်ဆာနေပြီဖြစ်သည်။ ထို့ကြောင့် အတန်းမြန်မြန်ပြီးပါစေဟု စိတ်ထဲမှာ ကြိတ်၍ ဆုတောင်းနေမိ၏။ ဆရာမကလည်း ဒီနေ့ကျမှ အရေးကြီးတဲ့ သင်ခန်းစာဖြစ်နေ၍ အတန်းချိန် မပြီးမချင်း ထွက်မယ့်ပုံ မပေါ်ပေ။ ထို့ကြောင့် သူမမှာ အောင့်အီးသည်းခံ၍ အတန်းပြီးမယ့် အချိန်ကိုသာ ရေတွက်ရင်း စောင့်နေရပါတော့၏။

သူ့ဘေးနားက အေးစုက သူမကို တီးတိုးလေသံနှင့် . . .

"ဗိုက်ဆာနေပြီလား"

"နင်ရော"

"ငါလည်း ဆာနေပြီဟ၊ မနက်က ဘာမှမစားထားဘူး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



အေးစုက ဗိုက်ကလေးကို ပွတ်၍ . . .

"ဗိုက်ဆာရတဲ့ကြားထဲ ဟိုဟာမက မုန့်တွေ စားပြနေသေးတယ်"

အေးစု လှမ်းပြရာကို သူမလှမ်းကြည့်လိုက်တော့ မြတ်နိုးငယ်ကို မုန့်တွေ ခိုးစားနေတာ တွေ့ရသည်။ သူမက မျက်နှာ တစ်ချက်ရှုံ့လိုက်ပြီး . . .

"စည်းကမ်းကို မရှိဘူး၊ ဘယ်လိုမိန်းမလည်း မသိဘူး"

"တိုးတိုးပြောဟဲ့ ကြားသွားဦးမယ်"

"ကြားကြားပေါ့ ဘာဖြစ်လဲ"

"သူ့အကြောင်းလည်း သိရဲ့သားနဲ့၊ နင်က သူနဲ့ ပြိုင်ပြီး စွာချင်လို့လား"

ထိုအချိန်တွင် မြတ်နိုးငယ်က သူတို့ရှိရာဘက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်သည်။ မြသင်းမိုးရော အေးစုပါ ကြောက်ကြောက်လန့်လန့်နှင့် မျက်နှာလွှဲလိုက်ကြ၏။ သူမတို့ရှိသည့်နေရာနှင့် မြတ်နိုးငယ်၏ နေရာကလည်း သိပ်မဝေးသောကြောင့် သူမတို့ ပြောဆိုနေသံတွေကို ကြားသွားပုံရသည်။

ဘာတွေပြောလို့ ပြောနေမှန်းသာ သဲသဲကွဲကွဲ မကြားလိုက်ရ၍ မသိလိုက်ရခြင်းဖြစ်၏။ သို့သော် သူ့အကြောင်း အတင်းချနေသည် ဆိုတာကိုတော့ မြတ်နိုးငယ် သိလိုက်သည်။

မြတ်နိုးငယ်က စားလက်စကိတ်မုန့်ကို ဗူးထဲသို့ ပြန်ထည့်၍ အသံမကြားအောင် အသာကြိတ်ပိတ်လိုက်ကာ ခုံကြားထဲသို့ ထိုးထည့်လိုက်သည်။ ထို့နောက် မြသင်းမိုးတို့ကို မျက်စောင်းတစ်ချက် လှည့်ထိုး

[redacted]



၍ ဆရာမရှိရာဘက်သို့ မျက်နှာပြန်မူလိုက်သည်။

မကြာမီ အတန်းပြီးသွားလေသည်။ ဆရာမက အတန်းကို နှုတ်ဆက်၍ ထွက်ကာသွား၏။ အတန်းသည် ခဏချင်းပင် စကားပြောသံများနှင့် ဆူညံကာသွားလေသည်။ မြသင်းမိုးတို့ သူငယ်ချင်းတစ်စုက ထရပ်၍ အတန်းအပြင်ကို ထွက်ဖို့လုပ်သည်။ ထိုအချိန်တွင် မြတ်နိုးငယ်က သူမတို့ အတန်းဘေးမှ ဖြတ်သွားရင်း . . .

"ပြောချင်ရင် တည့်တည့်ပြော၊ နောက်ကွယ်က အတင်းပြောတယ်ဆိုတာ သတ္တိမရှိတဲ့သူတွေမှ လုပ်တာ"

ဟု မကြားတကြား ပြောသွားလေသည်။ မြသင်းမိုးရဲ့ ရင်ထဲမှာ ဒေါသ ထောင်းခနဲ ဖြစ်သွားလေသည်။ သို့သော် ဒေါသကို ချက်ချင်း မြိုသိပ်လိုက်၍ အံတစ်ချက် ကြိတ်ကာ ထိုနေရာမှ ထွက်သွားပါတော့သည်။

မြတ်နိုးငယ်က မြသင်းမိုး ထွက်သွားတာကို တစ်ချက်လှမ်းကြည့်ကာ မဲ့ပြုံးတစ်ချက် ပြုံးလိုက်၏။ ထို့နောက် အခန်းထဲမှ ထွက်သွားပါတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးငယ် ထွက်လာတာကို တွေ့လိုက်တော့ စိုးကြီး လှုပ်လှုပ်ရှားရှား ဖြစ်သွားသည်။ မြတ်နိုးငယ် မျက်နှာမကောင်းတာကို သတိထားမိသွားတော့ ကိုယ်ရှိန် တစ်ချက်သတ်သွား၏။ ထိုအချိန်တွင် မြသင်းမိုးတို့အဖွဲ့က ကော်ရစ်တာမှအထွက် စိုးကြီးအနားသို့ ရောက်လာသည်။ သူတို့က မြတ်နိုးငယ်ရှေ့က ကြိုထွက်လာသူတွေဖြစ်၍ အရှေ့သို့ ကြိုရောက်နှင့်နေခြင်းဖြစ်သည်။

စိုးကြီးကို တွေ့သွားတော့ သူမတို့အဖွဲ့ထဲက တစ်ယောက်က လှမ်းနှုတ်ဆက်လိုက်သည်။

"တွေ့ပြန်ပြီနော် အလည်လာတာပဲလား"

သူ့ကို လှမ်းစကားပြောသံကြားမှ စိုးကြီးက မြသင်းမိုးတို့ကို သတိ

[redacted]



ထားမိသွားသည်။ သူက မြတ်နိုးငယ်ကိုသာ ငေးနေမိ၍ မြသင်းမိုးတို့ကို သတိမထားမိလိုက်ခြင်းဖြစ်သည်။

စိုးကြီးက အံ့သြသွားဟန်နှင့် ပြုံးပြလိုက်ပြီး . . .

"ဟာ ဟုတ်တယ်ဗျ၊ ဘယ်သွားကြမလို့လဲ"

"ကန်တင်းသွားမလို့ပါ"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဟု စိုးကြီးက ပြန်ပြောပြီး မြတ်နိုးငယ်ကို လှမ်းကြည့်လိုက်သည်။ မြတ်နိုးငယ်က စိုးကြီးနှင့် မြသင်းမိုးတို့ စကားပြောနေတာကို လှမ်းကြည့်လိုက်၍ လျှောက်လာ၏။ စိုးကြီးက မြသင်းမိုးတို့ကို ကြည့်ကာ

"ခွင့်ပြုဦးနော် ဟိုမှာ မြတ်နိုး ထွက်လာလို့ သွားလိုက်ဦးမယ်"

စိုးကြီးစကားကြောင့် မြသင်းမိုး မျက်နှာတစ်ချက် ပျက်ကာသွားသည်။ စိုးကြီးကတော့ ဘာမှမသိဘဲ မြတ်နိုးငယ်ရှိရာသို့သာ လှမ်းထွက်သွားပါတော့သည်။ စိုးကြီးထွက်သွားတော့ အေးစုက စိုးကြီးကို လှမ်းကြည့်၍ . . .

"ဟိုဟာမက ဘာဆေးတွေနဲ့များ ပြုစားထားလည်းမသိဘူး၊ မြသင်းမိုးဆိုတဲ့ မိန်းမကိုတောင် ဂရုမစိုက်နိုင်ဘဲ ဖြစ်နေလိုက်တာတကယ်"

အေးစုစကားကြောင့် မြသင်းမိုးက ခနဲ့ပြုံး တစ်ချက်ပြုံးလိုက်၍

"ဖြစ်ပါစေဟယ် ငါ့ဘေးနားမှာလည်း ပေါလွန်းလို့ ဘယ်လို လူဦးရေ လျှော့ရမလဲ စဉ်းစားနေရတာပါ၊ ဟိုဟာမကတော့ သိတဲ့အတိုင်း ဘယ်သူမှ လိုက်မယ့်သူ မရှိလို့ ကြာရင် ကိုယ့်ကိုယ်ကို မိန်းမ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ဆိုတာတောင် မေ့သွားမှာ စိုးရိမ်နေရတာပါ။ ဒါလေး လောက်တော့ ရှိပါစေ”

မြသင်းမိုးစကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြသည်။

“ဟုတ်တယ်နော် နင်ပြောတာ မှန်တယ် ခစ် ခစ် ခစ်”

ပြောမယ့်သာ ပြောလိုက်ရသည်။ စိတ်ထဲတွင် ထိုကိစ္စကို ကျေနပ် လှတာတော့ မဟုတ်ပေ။ သူငယ်ချင်းတွေရှေ့မှာမို့လို့သာ အရှက်ပြေ ပြောလိုက်ရခြင်းဖြစ်၏။ ထို့နောက် သူတို့ ကန်တင်းသို့ ထွက်လာခဲ့ လိုက်တော့သည်။

စိုးကြီးက မြတ်နိုးငယ်နားရောက်သွားတော့ . . .

“မြတ်နိုး အတန်းပြီးသွားပြီလား”

“အတန်းပြီးလို့ ထွက်လာတာပေါ့ ဒါနဲ့ နေပါဦး ရှင်က မြသင်းမိုး တို့နဲ့ သိနေတာလား”

စိုးကြီးက မြသင်းမိုးဆိုတဲ့ နာမည်ကို မသိ၍ ကြောင်တောင် တောင်နှင့် . . .

“မြသင်းမိုး ဘယ်က မြသင်းမိုးလဲ”

“မသိချင်ယောင် ဆောင်မနေစမ်းပါနဲ့ ရှင်ပဲ ခုနက စကားတွေ ပြောနေပြီးတော့”

“ဩော် အဲ့ဒါ မြသင်းမိုးလား ဘယ်တစ်ယောက်လဲ”

“အကျီအစိမ်းရောင်နဲ့တစ်ယောက်”

ထိုတော့မှ မြသင်းမိုးဆိုတာ သူနဲ့တိုက်မိတဲ့ တစ်ယောက်ကို ဆိုလို မှန်း စိုးကြီး သိလိုက်၏။ သူနဲ့ ထိုကောင်မလေးကို မြတ်နိုးငယ်က





သူငယ်ချင်းတွေဟု ထင်နေပုံရ၏။ ထို့ကြောင့် စိုးကြီးက ပြုံးလိုက်ကာ

“မြတ်နိုးပြောမှ မြသင်းမိုးဆိုတာ အဲ့ဒီကောင်မလေးမှန်း သိတော့ တယ်၊ ကျွန်တော်က သူတို့နာမည်တွေ တစ်ယောက်မှ မသိဘူး”

“ဟင် မသိဘဲနဲ့ ရှင်က စကားရပ်ပြောနေတယ် ဟုတ်လား”

ထိုတော့မှ စိုးကြီးက မြသင်းမိုးနဲ့ သူနဲ့ တွေ့ဆုံပုံလေးကို ရှင်းကာ ပြ၏။ စိုးကြီးစကားဆုံးသွားတော့ မြတ်နိုးငယ်က . . .

“ရှင့်မှာလည်း ဟိုလူနဲ့ တိုက်မိရ ဒီလူနဲ့ တိုက်မိရနဲ့ တစ်နေ့တစ် နေ့ အလုပ်ကို ရှုပ်နေမှာပဲနော်”

စိုးကြီးက ရယ်လိုက်သည်။

“မြတ်နိုးကတော့ လုပ်တော့မယ် ကျွန်တော်ကပဲ တမင်တကာ လိုက်တိုက်နေသလိုနဲ့”

“ပြောလို့မရဘူးလေ ဒါမျိုးတွေလိုက်ပြီး ဇာတ်လမ်းရှာချင်နေ မှာပေါ့”

“ကျွန်တော်က အဲ့ဒီလို မလုပ်တတ်ပါဘူးဗျာ အဲ ဒါပေမယ့် အဲ့ဒီ လို အမှတ်တမဲ့ တိုက်မိရာကနေ အမှတ်တရလေးတွေတော့ ဖြစ်သွား တတ်တယ်နော်”

စိုးကြီးက ဂွင်ဝင်တုန်းလေး သူနဲ့ မြတ်နိုးငယ် တွေ့ဆုံပုံလေးကို ရည်ညွှန်း၍ ရိသဲ့သဲ့ ပြောလိုက်ခြင်းဖြစ်၏။ မြတ်နိုးငယ်ကလည်း စိုးကြီး ဘာကိုဆိုလိုတယ်ဆိုတာ သဘောပေါက်ပါသည်။ ထို့ကြောင့် စကားကို ချက်ချင်းလွှဲပစ်လိုက်သည်။

“ဒါနဲ့ ရှင် ကျွန်မဆီ ဘာလာလုပ်တာလဲ”



www.burmeseclassic.com

www.burmeseclassic.com



“ဒီလိုပါပဲ လမ်း လမ်းကြုံလို့”

“ဒါဆိုလည်း ကျွန်မသွားတော့မယ် ဖယ်”

“နေပါဦးဗျာ ဘယ်သွားမလို့လဲ”

“ဘယ်သွားသွားပေါ့ ရှင့်ပဲ သံတော်ဦးတင်နေရဦးမှာလား”

ပြောပြီး မြတ်နိုးငယ်က ရှေ့က လျှောက်ကာသွားသည်။ စိုးကြီး နောက်က ပြေးလိုက်သွားကာ . . .

“နေပါဦး မြတ်နိုးငယ်ရယ် ကျွန်တော်က မြတ်နိုးနဲ့ တွေ့ချင်လို့ တမင်လာတာပါ။ အဲ့ဒီလိုပြောလိုက်ရင် မြတ်နိုး စိတ်ဆိုးသွားမှာစိုးလို့”

“နောက်မလာပါနဲ့”

“ဘာဖြစ်လို့လဲဗျာ”

“ပတ်ဝန်းကျင်က မြင်ရင် ဘယ်ကောင်းမလဲ”

“ဘာမကောင်းစရာရှိလဲ မြတ်နိုးရယ်၊ တက္ကသိုလ်မှာ မိန်းကလေးနဲ့ ယောကျ်ားလေး ဒီလိုပဲ တွဲသွားတွဲလာ လုပ်ကြတာ အဆန်းမှ မဟုတ်တာ”

“ကျွန်မအတွက်တော့ ဆန်းတယ်ရှင့်၊ ကျွန်မက ယောကျ်ားလေး သူငယ်ချင်း မထားဘူး”

“အဲ့ဒါဆို အခုထားကြည့်လိုက်ပေါ့”

“ဘာပြောတယ်”

“ထားကြည့်လိုက်လို့ပြောတာ”

“ဒီမှာ”

“ဗျာ”

[redacted]



“ကျွန်မ ရှင့်ကို ခင်မိမိသွယ်ရဲ့ သူငယ်ချင်းဖြစ်နေလို့ ဒီလောက် လက်ခံပြီး စကားပြောနေတာနော်၊ ကျွန်မ စိတ်ကောင်းဝင်နေတုန်း ရှင်ပြန်ရင် ကောင်းမယ်”

“ပြန်ဘူးဗျာ၊ မြတ်နိုး ကျွန်တော့်ကို လုပ်ချင်ရာလုပ် ပြန်ဘူး”

“ကျွန်မအကြောင်းကို ရှင်မသိဘူးပဲ”

“သိသားပဲ မြတ်နိုးက လက်မြန်ခြေမြန် ရှိတယ်တဲ့”

“ဒါဆို ဘာလို့လာလဲ”

“ကျွန်တော်က ဆုံးဖြတ်ပြီးရင် မပြင်တတ်လို့”

မြတ်နိုးငယ်က စိုးကြီးကိုကြည့်၍ စိတ်ပျက်စွာ သက်ပြင်းကိုချကာ ခပ်သွက်သွက် လျှောက်ကာထွက်သွား၏။ စိုးကြီးက နောက်မှ ကပ် လိုက်သွားသည်။

“ရှင် ဘာလိုက်လုပ်မလို့လဲ”

“မြတ်နိုးငယ် သွားရာနောက်လိုက်မလို့”

“ကျွန်မ ဘယ်သွားမယ်ဆိုတာ ရှင်သိလို့လား”

“သိဘူး”

“အေး ကျွန်မသွားမှာက ပါချုပ်ရုံးခန်းကို လိုက်ချင်လည်းလိုက်ခဲ့”

စိုးကြီးက မြတ်နိုးငယ် နောက်နေသည်ထင်၍ နောက်က လိုက် သွားသည်။ မြတ်နိုးငယ်က တကယ်ပင် ပါမောက္ခချုပ် ရုံးခန်းရှိရာ သို့ ဦးတည်သွားနေလေသည်။ ပါချုပ်ရုံးခန်းနား ရောက်တော့မှ စိုးကြီး လှစ်ခနဲ ပျောက်သွားလေတော့သည်။ ထိုတော့မှ မြတ်နိုးငယ် သက်ပြင်းကိုချမိပါတော့သည်။ ဒါတောင် စိတ်ချလက်ချ မပျော်နိုင်ပေ။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သကောင့်သားက တစ်နေရာက ချောင်းနေ၍ သူ့နောက်ဆက်လိုက်လာမှာစိုးသောကြောင့်ဖြစ်သည်။

ထို့ကြောင့် ရုံးခန်းရှေ့၌ ခဏလောက် ရစ်သီရစ်သီလုပ်နေလိုက်ရ၏။

❤ ❤ ❤

[redacted]



စိုးကြီးက မြတ်နိုးငယ် ထင်သလိုပင် မပြန်သေးဘဲ တိုင်အကွယ်တစ်ခုမှာ ပုန်းရင်း ချောင်းကြည့်နေသည်။ မြတ်နိုးငယ်က ရုံးခန်းရှေ့က ထွက်မသွားသေးဘဲ ရစ်သီရစ်သီ လုပ်နေတာကို တွေ့၏။ စိုးကြီး ကြိတ်၍ ပြုံးလိုက်မိ၏။ မြတ်နိုးငယ်ကိုလည်း စချင်စိတ်ပေါ်လာမိသည်။ ထို့ကြောင့် ဘေးကဖြတ်သွားသော ဆရာတစ်ယောက်ကို တွေ့လိုက်၍ လှမ်းသွားလိုက်ကာ . . .

"ဆရာ"

ဆရာက စိုးကြီးကိုကြည့်၍ . . .

"ဘာလဲကွ"

"ဆရာ ဟိုရုံးခန်းရှေ့မှာ ရပ်နေတဲ့ ကျောင်းသူက ပါချုပ်နဲ့ တွေ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ချင်လို့တဲ့ခင်ဗျ"

ဆရာက မျက်လုံးတစ်ချက် ပြူးသွား၍ . . .

"ဟေ ဘာဖြစ်လို့လဲ"

"အဲ့ဒါတော့ ကျွန်တော်လည်း မသိဘူးဆရာ၊ ခုနက ကျွန်တော် အဲ့ဒီနားက ဖြတ်လာတော့ ကျွန်တော့်ကို ပါချုပ်နဲ့တွေ့ချင်လို့ မဝင်ရဲလို့လို့ ပြောနေလို့ ကျွန်တော်လည်း အရေးတကြီး သွားစရာရှိတာနဲ့ ဆရာတစ်ယောက်ယောက်နဲ့ တွေ့ရင် အကူအညီတောင်းပေးမယ်လို့ ပြောလိုက်တယ်"

ဆရာက ခေါင်းညိတ်ပြ၍ မြတ်နိုးငယ်ရှိရာသို့ လှမ်းသွားလိုက်လေသည်။ ခဏကြာတော့ ဆရာနှင့် မြတ်နိုးငယ် စကားအပြန်အလှန် ပြောနေကြတာကို စိုးကြီး တွေ့လိုက်ရ၏။ မြတ်နိုးငယ်က ဆရာ့စကားကို နားထောင်ပြီး ခေါင်းခါခါ လည်ခါခါနှင့် လက်ဟန်ခြေဟန်တွေလည်း သုံးကာ စကားပြန်ပြောနေတော တွေ့ရသည်။ ခဏနေတော့ မြတ်နိုးငယ် ရုံးခန်းရှေ့က ထွက်လာတာ တွေ့ရ၏။

စိုးကြီးက မြတ်နိုးငယ် သူ့ကို တွေ့သွားမှာစိုး၍ အမြန်ပုန်းနေလိုက်သည်။ မြတ်နိုးငယ် သူ့ကို ကျော်သွားတော့မှ သူမနောက်က ခြေတိတ်တဆိတ် နောက်ယောင်ခံ၍ လိုက်လာပါတော့သည်။ ဒီတစ်ခါတော့ မြတ်နိုးငယ် သွားရာဘက်က ကန်တင်းတွေရှိရာဘက်သို့သာ စိုးကြီးနောက်က အသာလိုက်လာခဲ့လိုက်တော့သည်။

♥ ♥ ♥

[redacted]



**ကန်**တင်းရောက်သည်အထိ မြတ်နိုးငယ် စိတ်ဆိုးမပြေသေးပေ။ ခုနက ရုံးခန်းရှေ့မှာ ဖြစ်ခဲ့သည့် ကိစ္စက စိုးကြီး သူ့ကို တမင်လုပ်သွားမှန်း သိ၏။ ဒီကောင်နဲ့တော့ တော်တော်စိတ်ညစ်ဖို့ကောင်းသည်ဟု သူမ တွေးနေမိသည်။ စိတ်ထဲမှာလည်း ကလိကလိနှင့် ဒေါသတွေ ထွက်နေမိ၏။ ဆရာက သူ့ကို ပါမောက္ခချုပ်နှင့် တကယ်တွေ့ချင်နေသူဟု ထင်နေ၍ အတင်းလိုက်ပို့ပေးမယ် လုပ်နေသည်။ အလျှောက်ကောင်း၍ လွတ်လာခဲ့ခြင်းဖြစ်၏။

ထိုနောက် သူမ ရေနွေးကြမ်းတစ်ခွက်ကို ငှဲ့ပြီး သောက်မလို့ လုပ်လိုက်သည်။ ထိုအချိန်တွင် ရေနွေးခွက်ထဲသို့ အမှိုက်စ တစ်ဖတ်က လေထဲ၌ လွင့်လာပြီး လာကျသည်။ စိတ်တိုနေရတဲ့ကြားထဲ သူမ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သောက်မည့် ရေနွေးခွက်ထဲသို့ အမှိုက်စက ကျလာ၍ ဒေါသထွက်သွားကာ အမှတ်တမဲ့ လှမ်းသွန်မိလိုက်လေသည်။ သူမ သွန်လိုက်မိသောရေနွေးက တစ်ဖက်ဝိုင်းမှာ ထိုင်နေသူတွေကို သွားစင်၏။ တိုက်တိုက်ဆိုင်ဆိုင်ပင် ထိုဝိုင်းမှာ ထိုင်နေသူတွေက မြသင်းမိုးတို့အဖွဲ့ဖြစ်သည်။ ရေနွေးကလည်း မြသင်းမိုးကိုမှ တည့်တည့်ကြီး သွားမှန်သည်။ ရေနွေးကလည်း ထည့်ကာစ ဖြစ်နေ၍ တော်တော်ပူသည်။

မြသင်းမိုးက သူမခြေထောက်ကို ရေနွေးလာစင်သောကြောင့် 'အောင်မလေး' ဟု တစ်ချက်အော်၍ ဝုန်းခနဲ ထရပ်လိုက်သည်။ လှည့်ကြည့်လိုက်တော့ မြတ်နိုးငယ်နှင့် မျက်ဝန်းချင်း သွားဆုံသည်။

မြသင်းမိုးက . . .

"နင် ဒါဘာလုပ်တာလဲ"

မြတ်နိုးငယ်က ပထမတော့ ကြောင်ကာ ကြည့်နေမိသည်။ ဒီလို အခြေအနေဖြစ်ပေါ်လာမယ်ဆိုတာကိုလည်း သူကြိုသိမထားသောကြောင့် ဖြစ်၏။ ထို့အပြင် မြသင်းမိုးတို့က သူမထိုင်နေသော ဝိုင်းဘေးမှာ ထိုင်နေတယ်ဆိုတာကိုလည်း သူမ မသိပေ။

ဘာပဲဖြစ်ဖြစ် သူမှားသွားပြီဆိုတာကိုတော့ သိလိုက်၍ ချက်ချင်း ထရပ်လိုက်ကာ . . .

"ငါ တောင်းပန်ပါတယ် မတော်လို့ပါ"

မြသင်းမိုးက ဒေါသထွက်နေသော မျက်ဝန်းများနှင့် မြတ်နိုးငယ်ကို စိုက်ကြည့်၍ . . .

"နင် ဒါ တမင်လုပ်တာမဟုတ်လား၊ ငါသိတယ် နင် အခုမှ

[redacted]



မသိချင်ယောင်ဆောင်မနေနဲ့"

မြတ်နိုးငယ် ထောင်းခနဲ ဒေါသထွက်သွား၏။ ထို့ကြောင့် . . .

"ငါ မတော်လို့ပါ ပြောပြီးပြီပဲ ငါက နင့်ကို တမင်လုပ်စရာအကြောင်း ဘာမှမရှိဘူး၊ ကိုယ့်စိတ်နဲ့နှိုင်းပြီး လာမစွပ်စွဲနဲ့"

"တောက်"

မြသင်းမိုးက နာကြည်းစွာ တောက်တစ်ချက် ခေါက်လိုက်သည်။ ထို့နောက် မြတ်နိုးငယ်ကို စူးရဲသော မျက်ဝန်းများနှင့် တစ်ချက်စိုက်ကြည့်၍ ချာခနဲ လှည့်ကာ ထွက်သွားတော့သည်။

"ဟဲ့ မိုး မိုး နေဦးလေ"

"ဒုက္ခပါပဲဟယ် ဘာတွေဖြစ်ကုန်ပြီလဲ"

သူမ သူငယ်ချင်းတွေက ထိုသို့ပြောပြီး မြသင်းမိုးနောက် ပြေးလိုက်သွားကြတော့၏။

မြတ်နိုးငယ်တစ်ယောက်ကတော့ ဒေါသတွေ စုပုံထွက်ကာ ထိုင်ရင်း ကျန်ရစ်ခဲ့ပါတော့သည်။ စိုးကြီးကတော့ မြတ်နိုးငယ်ကို လှမ်းကြည့်၍ အခြေအနေ မကောင်းမှန်းသိလိုက်၍ အသာလေး လစ်ထွက်လာခဲ့လိုက်ပါတော့သည်။ သူက မြတ်နိုးငယ်နောက် လိုက်အလာတွင် သူငယ်ချင်းတစ်ယောက်နဲ့ လမ်းမှာတွေ့နေ၍ မြတ်နိုးငယ်နဲ့ မြသင်းမိုးတို့ ဖြစ်သွားသော အခြေအနေကိုတော့ မတွေ့လိုက်ရပေ။

မြတ်နိုးငယ် သူ့ကို ဒေါသထွက်နေသည်ဟု ထင်သွားလေသည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြ သင်းမိုးနှင့် မြတ်နိုးငယ်က လုံးဝမတည့်ကြပေ။ မတည့်ကြတာကလည်း ကျောင်းစတက်သည့်အချိန်ကတည်းကဟု ဆိုရပေလိမ့်မည်။ အတိအကျပြောရလျှင် မောင်မယ်သစ်လွင်ကြိုဆိုပွဲ၌ ကွင်းနဲ့ကင်း စရွေးသည့် အချိန်ကတည်းက စခဲ့သည်ဟု ဆိုရပေမည်။ ထိုအချိန်က သူတို့နှစ်ယောက်ကို ဘယ်သူ့ကို ကွင်းပေးရမည်ဆိုတာကို ကျောင်းသားတွေ တော်တော်ဝေခွဲရခက်ခဲ့ကြ၏။ မြသင်းမိုးကလည်း လှသလို မြတ်နိုးငယ်ကလည်း မလျှော့ပေ။ ထို့ကြောင့် မဲခွဲဆုံးဖြတ်ရာတွင် သူမသာ ကိုယ်မသာနှင့် ပူးတွဲပထမရကြ၏။ နောက်တော့ မြတ်နိုးငယ်က နည်းနည်းစွာသောကြောင့် သူမကို ချဉ်းကပ်သူတွေ တဖြည်းဖြည်း နည်းလာသည်။ မြသင်းမိုးကတော့ အားလုံးကို

[redacted]



အလိုက်အထိုက် ဆက်ဆံတတ်သောကြောင့် သူမထံသို့ လူပိုများလာသည်။ ထို့ကြောင့် မြသင်းမိုးကို ချဉ်းကပ်သူ ပိုများ၍ သူမကို ပထဝီမေဂျာ၏ ကွင်းအဖြစ် အားလုံးက သတ်မှတ်လိုက်ကြ၏။ သူမကလည်း သူမကိုယ်သူမ မြတ်နိုးငယ်ထက် ပိုသာသည်ဟု ကိုယ့်ကိုယ်ကို သတ်မှတ်လိုက်ကာ ကွင်းအဖြစ် ခံယူလိုက်လေသည်။

ဤတွင် ဇာတ်လမ်းက စတော့သည်။ မကြားတကြားတစ်မျိုး၊ ကြားအောင်တစ်မျိုး ပြောကာ တစ်ယောက်နဲ့တစ်ယောက် စောင်လာကြ၏။ မြတ်နိုးငယ်ကလည်း ထိုကိစ္စကို မကျေနပ်ပေ။ ယောကျ်ားလေးတွေအပေါ် မျှော့လင့်ချက်ပေးကာ သူ့နားမှာ ဝိုင်းဝိုင်းလည်နေအောင် မြူဆွယ်ထားပြီး သူမကိုယ်သူမ ကွင်းဖြစ်အောင် လုပ်သွားသည်ဟု စွပ်စွဲ၏။ ထို့နောက် ဤပြဿနာက ရှင်းမရတော့ပေ။ ဤသို့ဖြင့် သူတို့၏ ဇာတ်လမ်းက စခဲ့ခြင်းဖြစ်၏။

အခုတော့ ပိုဆိုးလာသည်။ မြတ်နိုးငယ်က ရေနွေးနဲ့ ပက်လိုက်မိသောကိစ္စကြောင့် မြသင်းမိုးက မြတ်နိုးငယ်အပေါ် အငြိုးပိုကြီးသွားလေသည်။ မြတ်နိုးငယ်ကလည်း သူမကို တောက်ခေါက်၍ ထွက်သွားသော မြသင်းမိုးကို ပို၍ အမြင်ကတ်သွားလေ၏။

ဘာတွေ ဆက်ဖြစ်လာဦးမလဲဆိုတာကိုတော့ . . .။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးက ဒီရက်ပိုင်းအတွင်း ပထဝီမေဂျာဘက်သို့ ခြေဦး မလှည့်ဖြစ်ပေ။ သူက သူ့အကြောင်းနဲ့သူ ဖြစ်သည်။ ဟိုတစ်နေ့က မြတ်နိုးငယ်အပေါ် သူနောက်လိုက်တာ လွန်သွားပြီဟု ထင်နေမိ၏။ ထို့ကြောင့် မြတ်နိုးငယ် သူ့အပေါ် ဒေါသထွက်နေမှာ သေချာသည်ဟု တွေးနေမိသည်။ ထို့ကြောင့် ဒီရက်ပိုင်းအတွင်း သူမဆီသို့ မသွားဖြစ်အောင် ရှောင်နေခြင်းဖြစ်သည်။

ဒီနေ့လည်း ခါတိုင်းကျောင်းလာနေကျအချိန်ပင် စိုးကြီး ကျောင်းသို့ ရောက်လာ၏။ ကျောင်းကားတွေရပ်သည့် ဖယ်ရီကွင်းမှ ကန်တင်းဘက်သို့ သူ လျှောက်လာခဲ့သည်။ ဒီအချိန် ဟိုကောင်တွေ ကန်တင်းမှာပဲ ရှိလိမ့်မည်ဆိုတာ သူသိ၍ဖြစ်၏။ စိုးကြီး လျှောက်လာရင်း

[redacted]



နှင့် သူ့ကို လှမ်းခေါ်သံလိုလို အသံမျိုး ကြားလိုက်ရ၍ ပတ်ဝန်းကျင်ကို တစ်ချက် ဝေ့ကြည့်လိုက်၏။

"ဒီမှာ ဒီမှာရှင့် ဟိုအစ်ကို"

စိုးကြီးက အသံလာရာဘက်သို့ လှမ်းကြည့်လိုက်လေသည်။ အသံက ကောင်မလေးတစ်ယောက်၏ အသံဖြစ်၏။ ကြားဖူးသလိုလိုတော့ ရှိနေသည်။ အသံလာရာဘက်က လမ်းကြားလေးတစ်ခုဘက်က ဖြစ်နေ၏။

စိုးကြီး လှမ်းကြည့်လိုက်တော့ ရေတမာပင်လေးတစ်ပင်အောက်မှာ ငုတ်တုတ်လေး ထိုင်နေသော ကောင်မလေးတစ်ယောက်ကို တွေ့လိုက်ရလေသည်။ သေချာကြည့်တော့မှ မြသင်းမိုးဆိုတာ စိုးကြီး သိလိုက်၏။

သူမထံ လှမ်းသွားလိုက်ပြီး . . .

"ဘာဖြစ်လို့လဲဟင်"

"ကျွန်မ လမ်းလျှောက်ရင်း ဖိနပ်ပြတ်သွားလို့ အဲ့ဒါ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိဘူး၊ ဒါကြောင့် ရှင့်ကို တွေ့တာနဲ့ လှမ်းခေါ်လိုက်တာ"

စိုးကြီးက ခုံအနောက်က ကြိုးတစ်ဖက် ပြုတ်ထွက်နေသော ဖိနပ်တစ်ဖက်ကို ကိုင်ထားသော မြသင်းမိုးကို ကြည့်၍ . . .

"ဘယ်လိုဖြစ်ပြီး ပြုတ်သွားတာလဲ"

"မသိပါဘူး၊ လမ်းလျှောက်လာရင်း ခြေချော်ထွက်ပြီး ပြုတ်သွားတာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီး သက်ပြင်းကို ချလိုက်ကာ သူမ ဖိနပ်ကို ယူ၍ ကြည့်လိုက်သည်။ မြသင်းမိုးက . . .

"ကန်တော့နော် အားနာလိုက်တာ"

"ရပါတယ် ခင်ဗျားဖိနပ်က မရတော့ဘူးဗျ အထဲက ပြုတ်ထွက်သွားတာ၊ ဖိနပ်ချုပ်တဲ့ဆိုင်မှာ သွားလုပ်မှဖြစ်မှာ"

"ဒုက္ခပါပဲ အဲဒါဘယ်လိုလုပ်ရမလဲဟင်"

"ဒီနားမှာ တစ်ယောက်ယောက်ကို အကူအညီတောင်းကြည့်ရင်တော့ ရနိုင်မလားမသိဘူး"

စိုးကြီး စကားကြောင့် သူမက ဘေးဘယ်ညာ လှည့်ကြည့်၍

"ဘယ်သူ့ကိုသွားပြီး အကူအညီတောင်းရမှာလဲ၊ သူတို့ဆီမှာလည်း ဖိနပ်အပို ဘယ်ပါပါ့မလဲ"

စိုးကြီး အကြံအိုက်ကာသွား၏။

"ဒါနဲ့ ခင်ဗျားသူငယ်ချင်းတွေရော"

"သူတို့က မလာကြသေးဘူး၊ ကျွန်မက ကျောင်းကားနဲ့လာတာ"

စိုးကြီး တစ်ချက်စဉ်းစားလိုက်သည်။ ထို့နောက် သူ့ဖိနပ် နှစ်ဖက်ကို ချွတ်လိုက်၍ . . .

"ရော့ လောလောဆယ်တော့ ကျွန်တော့်ဖိနပ်စီးသွားလိုက်၊ ခင်ဗျားသူငယ်ချင်းတွေနဲ့တွေ့တော့မှ ဒီနားမှာ ဖိနပ်တစ်ရန် သွားဝယ်ခိုင်းလိုက်ပေါ့"

မြသင်းမိုးက စိုးကြီးကို အားနာတဲ့ မျက်လုံးတွေနှင့် တစ်ချက်ကြည့်လိုက်ကာ . . .

[redacted]



"အားနာလိုက်တာရှင် ဒါဆို ဖိနပ်မပါဘဲ ရှင် ဘယ်လိုလုပ်မလဲ"

"ရပါတယ် ကျွန်တော်က ယောက်ျားလေးပဲ ပြဿနာ မရှိပါဘူး၊ ခင်ဗျား ဖိနပ်ရတော့မှ ကျွန်တော့်ကို ပြန်လာပေးလိုက်ပေါ့"

စိုးကြီးပြောတဲ့ အကြံအစည်က ယခုအချိန်တွင် အသင့်တော်ဆုံးဖြစ်နေ၍ မြသင်းမိုးက စိုးကြီးဖိနပ်ကို ယူစီးလိုက်သည်။ စိုးကြီးဖိနပ်က သူ့ထက်ကြီးနေသော်လည်း သိသိသာသာကြီး ရုပ်ပျက်နေတာတော့မဟုတ်။ ဘာပဲဖြစ်ဖြစ် အိနြ္ဒေမပျက် အဆင်ပြေကာသွား၏။

ထို့နောက် လမ်းလျှောက်လာရင်းနှင့် မြသင်းမိုးက . . .

"ရှင့်နာမည် ဘယ်လိုခေါ်လဲ"

ရုတ်တရက်မေးလိုက်သောကြောင့် စိုးကြီး ကြောင်တောင်တောင်ဖြစ်သွားကာ . . .

"ဗျာ"

"ရှင့်နာမည်မှ ကျွန်မ မသိတာ၊ ကျွန်မ ဖိနပ်လာပေးရင် ဘယ်နာမည်နဲ့ လာပေးရမှာလဲ"

ထိုတော့မှ စိုးကြီးက . . .

"ဟုတ်သားပဲ ကျွန်တော်တို့က တစ်ယောက်နဲ့တစ်ယောက် လူချင်းသိနေပြီး နာမည်မှ မသိကြသေးတာ၊ ကျွန်တော့်နာမည် စိုးလင်းထိုက်ပါ၊ သူငယ်ချင်းတွေကတော့ စိုးကြီးလို့ ခေါ်တယ်၊ ဒါနဲ့ ခင်ဗျားနာမည်ကရော"

"မြသင်းမိုးပါ"

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြသင်းမိုးက စိုးကြီးစကားကြောင့် တစ်ချက်ရယ်လိုက်၏။ အရယ်ရပ်တော့ . . .

"ဒီရက်ပိုင်းအတွင်း ကျွန်မတို့ဘက် ရှင် မရောက်ဖြစ်ဘူးနော်"

"ဟုတ်တယ်ဗျ ကိစ္စလေးတွေရှိလို့ မရောက်ဖြစ်တာ"

"ဩော် ဒါနဲ့ ရှင်နဲ့ မြတ်နိုးငယ်နဲ့က တော်တော်ခင်လား၊ ဟို စပ်စုတာမဟုတ်ဘူးနော်၊ စကားစပ်လို့ မေးကြည့်တာပါ"

စိုးကြီးက ဘာမှပြန်မပြောသေးဘဲ ငြိမ်နေလိုက်သည်။ ထိုအချိန်မှာ သူ့စိတ်ထဲ၌ အတွေးတစ်ခု ဝင်ကာလာ၏။ တခြားတော့ မဟုတ်ပေ။ မြတ်နိုးငယ်နဲ့ မြသင်းမိုးသည် မေဂျာတစ်ခုတည်း ဖြစ်၍ သူငယ်ချင်းတွေ ဖြစ်နေနိုင်သည်။ ထို့ကြောင့် သူ့ကိစ္စကိုလည်း မြသင်းမိုးက တစ်ဆင့် အကူအညီတောင်းလျှင် ရနိုင်သည်ဟု တွေးမိလိုက်သောကြောင့်ဖြစ်၏။ မြသင်းမိုးကလည်း သူ့ကို ကူညီထားသောကြောင့် ထိုကိစ္စကို ငြင်းလိမ့်မည်မဟုတ်ဟု တွေးလိုက်မိလေသည်။

ထို့ကြောင့် . . .

"ကျွန်တော်နဲ့ မြတ်နိုးငယ်က သူငယ်ချင်းတွေ မဟုတ်ပါဘူးဗျာ"

"ဟင် သူငယ်ချင်းတွေ မဟုတ်ဘူးလား"

စိုးကြီးက ခေါင်းခါပြလိုက်၏။

"ဒါဆို"

ဟု မြသင်းမိုးက စကားကို ရပ်လိုက်ကာ စိုးကြီးကို အဓိပ္ပာယ်ပါပါ ကြည့်လိုက်သည်။ စိုးကြီးက မြသင်းမိုးရဲ့ အကြည့်ကို သဘောပေါက်လိုက်ကာ ခေါင်းညိတ်ပြ၍ . . .

[redacted]



"ဟုတ်ပါတယ် ဟိုဟာ ကျွန်တော်က မြတ်နိုးငယ်ကို စိတ်ဝင်စားနေလို့ လာနေတာပါ"

"ဩော် ဩော်"

ဟု ပြောကာ မြသင်းမိုးရဲ့ မျက်နှာသည် တစ်မျိုးဖြစ်ကာသွားလေသည်။ စိုးကြီးကတော့ ရှေ့ဘက်ကို မျက်နှာမူရင်း လျှောက်နေသောကြောင့် မြသင်းမိုး၏ အမူအရာပြောင်းလဲသွားတာကို သတိမပြုမိလိုက်ပေ။

မြသင်းမိုးကလည်း ချက်ချင်းပင် မျက်နှာအမူအရာ ပြန်ပြင်လိုက်ကာ ပြုံးလိုက်၍ . . .

"ဒါဆို ရွှေစွန်ညိုကြီး လာဝဲနေတဲ့ သဘောပေါ့ ဟုတ်လား"

စိုးကြီးက ရယ်ဖြဲဖြဲနှင့် ခေါင်းညိတ်ပြလိုက်လေသည်။ ထို့နောက် သူတို့စကား ခဏပြတ်ကာသွား၏။ ထိုအချိန်တွင် သူတို့ဘေးက ဖြတ်သွားသော ကားတစ်စီးက ခပ်လှမ်းလှမ်းတွင် ရပ်ကာသွား၍ ကားပေါ်မှ လူတစ်ယောက် ဆင်းကာလာသည်။ ထိုလူက ရှပ်အင်္ကျီလက်ရှည်အဖြူနှင့် ပုဆိုးနက်ပြာရောင်ကို ကျကျနန ဝတ်ကာထားလေသည်။ သို့သော် မျက်နှာကတော့ အဝတ်အစားနှင့် သိပ်မလိုက်လှပေ။

ထိုပုဂ္ဂိုလ်ဟာ သူတို့ထံ လျှောက်ကာလာပြီး . . .

"အိုး ဟိုး မိုးက ကားပျက်နေတယ်ဆိုလည်း ကိုယ့်ကို ဖုန်းဆက်လိုက်ရောပေါ့၊ ကိုယ်လိုက်ပို့ပေးမှာပေါ့၊ မနက်က ကိစ္စတစ်ခုရှိလို့ အန်တီ့ဆီ ဖုန်းဆက်လိုက်တော့မှ ကိုယ်သိရတာ၊ ကျောင်းကားနဲ့ သွားတယ်ဆို"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြသင်းမိုးက ခေါင်းတစ်ချက် ညိတ်ပြလိုက်၍ . . .

"ရပါတယ် ကျောင်းကားနဲ့လည်း ကျွန်မသွားတတ်ပါတယ်"

ထိုလူက စိုးကြီးကို အကဲခတ်သလို တစ်ချက်လှမ်းကြည့်လိုက်သည်။ စိုးကြီး လက်တစ်ဖက်တွင် ကိုင်ထားသော မြသင်းမိုး၏ ဖိနပ်တစ်ဖက်ကို တွေ့သွားတော့ အံ့သြဟန်ဖြစ်ကာသွား၏။ ထိုတော့မှ စိုးကြီးလည်း သူ့လက်တစ်ဖက်တွင် ကိုင်ထားသော ဖိနပ်ပြတ်ကို သတိရသွား၍ ကိုယ်လုံးနောက်မှာ အသာကွယ်လိုက်လေသည်။

"ဒါ စိုးလင်းထိုက်တဲ့ ကျွန်မ မိတ်ဆွေပါ၊ ကိုစိုးလင်းထိုက် ဒါ ကိုကိုကျော်သန်းလို့ ခေါ်တယ် ဆေး(၁) က"

ကိုကိုကျော်သန်းက ဝက်ခြံတွေနှင့် ပြုံးကာပြ၏။ စိုးကြီးကလည်း ပြန်ပြုံးပြကာ နှုတ်ဆက်လိုက်လေသည်။

"ကျွန်တော် စိုးလင်းထိုက်ပါ"

"ကိုကိုကျော်သန်းပါ"

သူတို့နှစ်ယောက် နှုတ်ဆက်ပြီးသွားတော့ မြသင်းမိုးက ဝင်၍

"ကျွန်မ ကျောင်းအလာ လမ်းမှာ ဖိနပ်ပြတ်သွားလို့ စိုးလင်းထိုက်က ကျွန်မကို ကူညီပေးတာလေ"

မြသင်းမိုး စကားဆုံးတော့ ကိုကိုကျော်သန်းက စိုးကြီး ခြေထောက်မှာ ဖိနပ်မရှိမှန်း သတိပြုမိသွားလေသည်။

"ဟာ အားနာစရာဗျာ ဒါနဲ့ ဒီနားမှာ ဖိနပ်ဆိုင်ရှိတယ်မလား၊ ကိုယ့်ကားနဲ့ သွားဝယ်လိုက်မယ်လေ"

ကိုကိုကျော်သန်း စကားဆုံးတော့ မြသင်းမိုးက ထိုကိစ္စကို ကျေ

[redacted]



ကျေနပ်နပ်ပင် သဘောတူကာ ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ်သားပဲ ဒါဆို အဆင်ပြေသွားတာပေါ့၊ ကိုစိုးလင်းထိုက်လည်း ဖိနပ်ပြန်ရသွားတာပေါ့"

"Ok ဒါဆိုလာ ကားပေါ်တက် သွားရအောင်"

မြသင်းမိုးက စိုးကြီးဖိနပ်ကို ချွတ်လိုက်ကာ လှမ်းပေးလိုက်လေသည်။ စိုးကြီးက ဖိနပ်ကို စီးလိုက်၍ နှစ်ယောက်လုံးကို နှုတ်ဆက်ကာ ထွက်ဖို့လုပ်၏။ ကိုကိုကျော်သန်းက . . .

"ခင်ဗျားအဆောင်ရှေ့ထိ ကျွန်တော် လိုက်ပို့ပေးမယ်လေ"

စိုးကြီးက ခေါင်းခါပြလိုက်ကာ . . .

"ရပါတယ်ဗျာ ကျွန်တော်က သူငယ်ချင်းတွေနဲ့ ချိန်းထားတဲ့ ကန်တင်းကို သွားဦးမှာ၊ ဒီကပဲ လမ်းလျှောက်သွားလိုက်ပါ့မယ်"

"လာပါ ကိုစိုးလင်းထိုက်ရဲ့ အားနာလို့လား"

"ဟာ မဟုတ်ပါဘူး၊ ခါတိုင်းလည်း ဒီလိုပဲ လျှောက်နေကြပဲဟာ"

ထိုတော့မှ မြသင်းမိုးက ပြုံးပြလိုက်၍ . . .

"ကဲ အဲ့ဒါဆိုလည်း ကျွန်မ သွားလိုက်ဦးမယ်နော်၊ ကူညီတဲ့အတွက် ကျေးဇူးနော် ကိုစိုးလင်းထိုက်"

စိုးကြီးက ပြုံးပြ၍ 'ရပါတယ်' ဟု ပြန်ပြောလိုက်လေသည်။ ထို့နောက် မြသင်းမိုးတို့ ထွက်ကာသွား၏။ သူတို့ထွက်သွားပြီးတော့မှ သူ့ဆီတွင် ကျန်ခဲ့သော ဖိနပ်တစ်ဖက်ကို စိုးကြီး သတိရကာသွား၏။ လှမ်းခေါ်ပေးမလို့ လုပ်လိုက်သေးသော်လည်း ကားက တော်တော်ဝေးဝေးသို့ ရောက်သွားပြီဖြစ်၍ မမီတော့ပေ။ ထို့ကြောင့် ကိုင်လျက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နဲ့ ဆက်ကိုင်ကာ ကန်တင်းသို့ လျှောက်လာလိုက်ပါတော့သည်။

ဖိနပ်လေးက အနီရောင်လေး၊ ဒေါက်က လေးလက်မလောက် ထူ၏။

❤ ❤ ❤

[redacted]



“စိုးကြီး မင်းက ဒီရက်ပိုင်းအတွင်း ကံဇာတာတွေ တက်လာတာပဲကွ၊ အခုလည်း ကောင်မလေးတစ်ယောက်နဲ့ မိတ်ဆွေဖြစ်လာတဲ့အပြင် ဖိနပ်ပြတ်တစ်ဖက်တောင် အဆစ်ရလာသေးတယ်”

“ဟုတ်တယ်ကွ စင်ဒရဲလားကမှ မင်းသားလေးက ဖိနပ်ကိုင်ပြီး လိုက်ရှာနေရသေးတယ်၊ မင်းကတော့ ရှာစရာတောင်မလိုဘူး၊ စင်ဒရဲလားလေးကိုယ်တိုင်က လာပေးသွားတာပဲကွ”

မြင့်နိုင်ထွေးရဲ့ စကားကြောင့် အားလုံး ဝိုင်းရယ်လိုက်ကြ၏။ စိုးကြီးက သူ့ဘေးနားက ထိုင်ခုံပေါ်မှာ ချထားသော ဖိနပ်လေးတို့ ကြည့်ကာ . . .

“မင်းတို့ ဒီလိုဝေဖန်မယ်မှန်းသိရင် ငါလမ်းမှာကတည်းက လွှင့်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပစ်ခဲ့ပါတယ်ကွာ"

"ဟုတ်တယ် မင်းပြောသလို လွှင့်ပစ်ခဲ့ရမှာ၊ မင်းက ဘာလို့ ဒီအထိ ဒုက္ခခံပြီး သယ်လာတာ သဲ"

"ဖိနပ်လေးက အကောင်းလေးကွ၊ ခုံအောက်ကကြိုး ပြတ်သွားတာပဲရှိတာ သေချာပြန်ချုပ်လိုက်ရင် တော်တော်စီးလို့ ရသေးတယ်၊ အဲ့ဒါကြောင့် ငါလည်း သူနဲ့တွေ့ရင် ပြန်ပေးမယ်ဆိုပြီး နှမြောလို့ ယူလာတာ"

"မင်းကတော့ ဂေါက်ပဲ စိုးကြီး၊ မင်းသွားပေးတဲ့အချိန်ဆို သူ့ဆီမှာ ကျန်တဲ့တစ်ဖက် ရှိချင်မှ ရှိတော့မှာပေါ့ကွ၊ သူက ဖိနပ်တစ်ဖက်တည်းကို သိမ်းထားပါ့မလား"

စိုးကြီးက ပခုံးကိုတွန့်၍ . . .

"ဒါကတော့ သူ့သမိုင်းလေ ပြန်ပေးဖို့ စိတ်ကူးထားတာက ငါ့သမိုင်း"

"ဒါကတော့ မင်းသက်သက် ဇာတ်လမ်းရှာတာပဲ"

"ဟော့ကောင် ဟော့ကောင် ငါ့ကို အဲ့ဒီလိုတော့ မပြောနဲ့ ဒီတစ်ခါ တကယ်ဖြစ်လာတာကွ၊ ဇာတ်လမ်းရှာတာ မဟုတ်ဘူး"

ထိုအချိန်မှာ ကန်တင်းထဲသို့ ခင်မိမိသွယ် ဝင်ကာလာသည်။ ဆူညံဆူညံနဲ့ ငြင်းခုန်နေကြသော စိုးကြီးတို့ ဝိုင်းကို လှည့်ကြည့်၍ လျှောက်လာကာ . . .

"ဟဲ့ စိုးကြီး ငါ့အကြွေးပေး"

ရုတ်တရက် ကြားလိုက်ရသောအသံကြောင့် စိုးကြီး လန့်သွားပြီး မော့ကြည့်လိုက်ကာ . . .

[redacted]



"ဖြည်းဖြည်းပြောပါ မိသွယ်ရာ လန့်သွားတာပဲ"

မိသွယ်က လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်၍ . . .

"ဘာလန့်သွားတာလဲ၊ နင် ငါ့ကို ပေးမယ် ပေးမယ်နဲ့ ဟဲ့ ပလုတ်တုတ် ဘာကြီးလဲ"

ခုံပေါ်တင်ထားသော ဖိနပ်ပေါ်ကို ဖင်ထိုင်မိ၍ ခင်မိမိသွယ် လန့်သွားခြင်းဖြစ်သည်။ သူမက ထရပ်ပြီး ထိုင်ခုံပေါ် ပြန်ကြည့်လိုက်တော့ ဖိနပ်တစ်ဖက်ကို သွားတွေ့၍ . . .

"ဟဲ့ ဘယ်က ဖိနပ်စုတ်ကြီးလဲ"

"ဖိနပ်စုတ်ကြီး မဟုတ်ပါဘူးဟာ အကောင်းပါ"

"ပြတ်နေမှတော့ စုတ်နေလို့ပေါ့ဟဲ့ အဲ့ဒါ ဘယ်သူ့ဟာလဲ"

ခင်မိမိသွယ်ရဲ့ အမေးကို မြင့်နိုင်ထွေးတို့က ဝင်ရှင်းသည်။ သူတို့ကတော့ စိုးကြီးနှင့် မြသင်းမိုးတို့ရဲ့ ဆက်စပ်မှုကို သိမထား၍ လမ်းမှာတွေ့တဲ့ ကောင်မလေးတစ်ယောက်ကို သွားရင်းလာရင်း ကူညီလာသည်ဟုသာ သိထားသောကြောင့် . . .

"ဒီကောင်က သွားရင်းလာရင်းနဲ့ လမ်းမှာ ဖိနပ်ပြတ်သွားတဲ့ ကောင်မလေးတစ်ယောက်ကို ဝင်ပြီး ကူညီလာတာတဲ့၊ အဲ့ဒါနဲ့ပဲ ကောင်မလေးက သူ့ကို ကူညီပေးတဲ့အတွက် ပြတ်နေတဲ့ ဖိနပ်ကို သူ့ကို လက်ဆောင်ပေးလိုက်တာ"

အားလုံး ခွက်ထိုးခွက်လန် ရယ်ကြသည်။ စိုးကြီးကတော့ မကျေနပ်၍ မျက်နှာသုန်သုန်မှုန်မှုန်နှင့် ခုံပေါ်က ဖိနပ်ကို ဆွဲဖယ်လိုက်ကာ သူ့ဘေးနားမှာ သူ့ထားလိုက်သည်။ ခင်မိမိသွယ်က ထိုခုံတွင် ဝင်ထိုင်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပြီး စိုးကြီးကို ကြည့်လိုက်၍ . . .

"ဟုတ်လား စိုးကြီး"

"ဘယ်ကလာ ဟုတ်ရမှာလဲဟာ နင်မို့လို့ ဒီအရူးတွေ ပြောတဲ့စကားကို ယုံတယ်၊ ငါက စေတနာနဲ့ ကူညီပေးတာပါ၊ နောက်တော့ သူ့အသိတစ်ယောက် ရောက်လာပြီး အဲ့ဒီလူကားနဲ့ ဖိနပ်သွားဝယ်လိုက်တော့ ဒီဖိနပ်က ငါ့လက်ထဲ ကျန်ခဲ့တာဟ၊ ငါလည်း ဖိနပ်လေးက အသစ်လေးဆိုတော့ လွှင့်ပစ်ရမှာ နှမြောတာနဲ့ ပြန်ပေးမလို့ ယူလာတာ"

စိုးကြီးက သူကြုံတွေ့လာတဲ့ကိစ္စကို အကြမ်းဖျင်းအားဖြင့် ရှင်းပြလိုက်သည်။ ခင်မိမိသွယ်က . . .

"နင်ကတော့ ဖြစ်ရမယ် တကယ်ပဲ ဖြစ်လိုက်ရင်လည်း အရာရာနဲ့ အကြောင်းကြောင်းနဲ့ပဲ၊ ဒါနဲ့ နင်က သူ့ကို ဖိနပ်ပြန်ပေးမယ်ဆိုတော့ နင်က အဲ့ဒီကောင်မလေးကို သိလို့လား"

စိုးကြီးက ခေါင်းညိတ်ပြလိုက်သည်။

"သိတယ် သူ ငါ့ကို သူ့မေကျာရော နာမည်ရော ပြောသွားတယ်"

"ဟုတ်လား ဘယ်သူလဲဟင် ဘယ်ကလဲ"

"နင်က ဘာလုပ်မလို့လဲ စပ်စုလိုက်တာ"

"မိန်းကလေးပဲ စပ်စုမှာပေါ့ဟဲ့၊ နင်မပြောချင်လည်း ရတယ်လေ၊ နင်က ငါနဲ့ ပြတ်နိုင်တယ်ဆိုလည်း ပြီးတာပဲ"

ဟုဆိုပြီး ခင်မိမိသွယ်က စိတ်ကောက်သွားသည်။ ထိုတော့မှ စိုးကြီးက မျက်နှာချိုလေး သွေးလိုက်ကာ ခင်မိမိသွယ်ကို . . .

[redacted]



"အဟီး ဟီး ငါက စတာပါဟာ နင်သိချင်တယ်ဆိုလည်း ပြောပြရမှာပေါ့"

ဟုဆိုလိုက်တော့မှ ခင်မိမိသွယ်မျက်နှာက ပြေကာသွားသည်။ စိုးကြီးက . . .

"သူ့နာမည်က မြသင်းမိုးတဲ့ ပထဝီက"

"ဟင်"

ခင်မိမိသွယ်ထံမှ အာမေဋိတ်သံ လွှတ်ခနဲ ကြားလိုက်ရ၏။ ကျန်တဲ့ကောင်တွေကတော့ မြသင်းမိုးဆိုတဲ့ နာမည်ကို ရေရွတ်ကာ ဇဝေဇဝါဖြစ်နေကြလေသည်။

သိန်းဦးက ထိုနာမည်ကို ထပ်ကာထပ်ကာ ရေရွတ်ရင်း . . .

"မြသင်းမိုး မြသင်းမိုး အင်း ကြားတော့ကြားဖူးသလိုပဲကွ၊ ဘယ်မှာ ကြားဖူးမှန်း မသိဘူး"

မြင့်နိုင်ထွေးနှင့် ကျန်တစ်ယောက်ဖြစ်သော ဇော်ထက်ကလည်း ထိုနည်းလည်းကောင်းပင်ဖြစ်သည်။ ခင်မိမိသွယ်ကတော့ မြသင်းမိုးကို သိနေတဲ့ပုံစံရှိ၏။ ထို့ကြောင့် ဘာမှဝင်မပြောဘဲ ငြိမ်နေလိုက်သည်။

အားလုံးက ခင်မိမိသွယ်ကို ကြည့်၍ . . .

"နင့်ကြည့်ရတာ အဲ့ဒီကျောင်းသူကို သိနေသလိုပဲ"

ခင်မိမိသွယ်က ခေါင်းညိတ်ပြသည်။

"သိတာပေါ့"

"ငါတို့လည်း ကြားဖူးသလိုပဲဟ၊ အတိအကျ မမှတ်မိဘူးဖြစ်နေတာ"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သူတို့စကားဆုံးတော့ ခင်မိမိသွယ်က . . .

"မြသင်းမိုးဆိုတာ ပထဝီမေဂျာက ကွင်းလေ၊ နာမည်ကြီးပဲ၊ အဲ့ဒါကြောင့် နင်တို့ ကြားဖူးနေတာပေါ့"

ထိုတော့မှ အားလုံးက . . .

"ဟုတ်သားပဲ ဒါ့ကြောင့် အတန်းထဲက ကောင်တွေ ပြောပြောနေတဲ့ အထဲမှာ ဒီနာမည်ကြားဖူးနေတာကိုး၊ ဟေ့ကောင် စိုးကြီး မင်းဇာတ်လမ်းစလိုက်တော့၊ မင်းတော့ ထောပြီ သူငယ်ချင်း"

စိုးကြီးက . . .

"ဟာ မင်းတို့ကလည်း ငါ့ကို တွေ့တဲ့မိန်းမ လိုက်ကြိုက်နေတဲ့ ကောင်များ အောက်မေ့နေလို့လား"

"မဟုတ်လို့လား"

"သေလိုက်"

အားလုံးက စိုးကြီးကိုကြည့်၍ ရယ်ကြ၏။ ခင်မိမိသွယ်က စိုးကြီးကို ပြုံးစိစိနှင့် တစ်ချက် ကြည့်လိုက်ကာ . . .

"နင်တို့က စိုးကြီးအကြောင်းကို မသိသေးဘဲကိုး၊ စိုးကြီးက အရင်လို အား"

စိုးကြီးက ခုံအောက်ကနေ ခင်မိမိသွယ်ရဲ့ ခြေထောက်ကို တက်နင်းလိုက်သောကြောင့်ဖြစ်၏။ သူက ခင်မိမိသွယ်ကို မြတ်နိုးငယ်အား တကယ်ချစ်သွားသည့်အကြောင်း ရင်ဖွင့်ခဲ့ဖူးသည်။ ထိုကိစ္စကို ခင်မိမိသွယ်က ဟိုကောင်တွေအား ဖော်ကောင်လုပ်လိုက်မှာစိုး၍ ဖြစ်၏။

ဟိုကောင်တွေ သူ့ကို ဝိုင်းဟားကြရုံအပြင် ဘာမှဖြစ်မလာမှာကို

[redacted]



သိသောကြောင့်ဖြစ်၏။

"ဟဲ့ စိုးကြီးက ဘာဖြစ်လဲ ပြောလေဟာ"

ခင်မိမိသွယ်က မပြောချင် ပြောချင်နှင့် . . .

"စိုးကြီးက အရင်လို အရင်လိုပါပဲဟာလို့ ပြောမလို့ပါ"

အားလုံးရယ်ဖြစ်ကြ၏။ ခင်မိမိသွယ်လည်း ရောယောင်ပြီး လိုက်ရယ်သည်။

စိုးကြီးတစ်ယောက်သာ သက်ပြင်းတွေ တချချဖြစ်နေရ၏။

သူ့စိတ်ကူးလေးထဲမှာ မြတ်နိုးငယ်ရဲ့ ပုံရိပ်လေး ပေါ်လာပြီး လွမ်းလျက် . . ။ မြတ်နိုးငယ်ထံ သူ မရောက်တာကြာပြီ။ ကြာပြီဆိုတာ တစ်ပတ်လောက် ရှိသွားပြီကို ဆိုလိုခြင်းဖြစ်သည်။ အခုလောက်ဆို မြတ်နိုးငယ် သူ့ကို စိတ်ဆိုးပြေလောက်ပြီဟု ထင်မိ၏။ ထို့ကြောင့် မနက်ဖြန် အခြေအနေပေးရင် ပထဝီဘက် လစ်လိုက်ဦးမည်ဟု တေးထားလိုက်ပါတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



**ထို့** နေ့ညနေတွင် ခင်မိမိသွယ်က မြတ်နိုးငယ်ထံ သွား၍ သူ ကြားခဲ့သည့် သတင်းကို ဖောက်သည်သွားချသည်။ မြတ်နိုးငယ်က ခင်မိမိသွယ်ပြောတဲ့စကားတွေကို အစအဆုံး သေချာနားထောင်၍

"နင်ပြောသလိုဆို မြသင်းမိုးနဲ့ စိုးကြီးက မိတ်ဆွေတွေ ဖြစ်သွားကြပြီလို့ ဆိုလိုတာလား"

"အဲ့ဒီလိုတော့ မဟုတ်သေးဘူးဟ၊ ဒါပေမယ့် စိုးကြီးပြောတဲ့ ပုံစံအရတော့ တစ်ယောက်နဲ့တစ်ယောက် အသိတွေဖြစ်သွားကြတဲ့ပုံစံပဲ"

"အသိတွေ မဟုတ်ဘူးဟေ့ သူတို့နှစ်ယောက်က သိကိုသိနေကြတာ"

ခင်မိမိသွယ်က နားမလည်နိုင်ဟန်နှင့် . . .

"ဘယ်လို အသိတွေ ဟုတ်လား"

[redacted]



"ဟုတ်တယ် နင်အဲ့ဒါမသိဘူးလား"

ခင်မိမိသွယ်က ခေါင်းကို ခါပြကာ . . .

"မသိဘူးဟ စိုးကြီးက ငါ့ကို မြသင်းမိုးနဲ့ သူနဲ့ သိနေတယ်ဆိုတာ တစ်ခါမှ မပြောပြဘူး၊ မနက်ကမှ သူနဲ့ မြသင်းမိုးနဲ့ ဆုံတွေ့ရတဲ့ကိစ္စကိုပဲ ပြောပြလို့သိရတာ"

ထိုတော့မှ မြတ်နိုးငယ်က စိုးကြီးနဲ့ မြသင်းမိုးတို့ တစ်ယောက်နဲ့ တစ်ယောက် တိုက်မိကြရာမှ မိတ်ဆွေတွေဖြစ်ခဲ့ကြကြောင်း ခင်မိမိသွယ်ကို ရှင်းကာပြသည်။ ခင်မိမိသွယ်က အံ့သြဟန်နှင့် နားထောင်ပြီး

"လက်စသတ်တော့ သူတို့က အရင်ကတည်းက သိနေကြတာကိုး။ ဒါနဲ့များ စိုးကြီးက သူနဲ့ မြသင်းမိုးနဲ့ မနက်ကမှ စတင်ဆုံစည်းကြသလိုလို ဘာလိုလိုနဲ့ ပြောသွားသေးတယ်"

မြတ်နိုးငယ်က ပြုံးလိုက်သည်။ ခနဲ့တဲ့တဲ့ ပြုံးသော အပြုံးမျိုးဖြစ်၏။ ထို့နောက် . . .

"အဲ့ဒီ မြသင်းမိုးဆိုတဲ့ မိန်းမကလေ ငါ့ကိုဆို အမြဲလိုက်ပြိုင်နေတဲ့ မိန်းမပဲ၊ ငါ အဲ့ဒီမိန်းမကို နည်းနည်းမှ ကြည့်မရဘူး သိလား၊ အခု လည်းကြည့် ငါ့ကို စိုးကြီး ချဉ်းကပ်နေမှန်းသိလို့ စိုးကြီးကို ငါ့ဘက်က နေ သူ့ဘက်ပါအောင် မာယာနဲ့ သိမ်းသွင်းနေတာ"

"ဟုတ်လို့လားဟယ် နင်ကလည်း နင်ထင်တာတွေပဲ လျှောက်ပြောမနေပါနဲ့ ဒီကိစ္စကလည်း သွေးရိုးသားရိုးဖြစ်တဲ့ ကိစ္စပဲနေမှာပါ"

မြတ်နိုးငယ်က ခေါင်းခါလိုက်သည်။

"နင်မသိပါဘူးဟာ ဒီမိန်းမအကြောင်း ငါအသိဆုံးပဲ။ သူက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးကို တွေ့လိုက်ရင် နှုတ်ဆက်ရတာနဲ့ စကားရပ်ပြောရတာနဲ့ စိုးကြီး ဒီမေဂျာကိုလာတာ ငါ့ဆီလာတယ်ဆိုတာ သူသိလို့ တမင်သက်သက် ဒီလိုလုပ်တာနေမှာပေါ့၊ တခြားယောကျ်ားတွေဆို သူ ဒီလိုမျိုးမှ မဆက်ဆံတာ၊ ဒါ ငါနဲ့ပတ်သက်နေလို့ ဒီဟာမ ဖြားယောင်းနေတာ"

မြတ်နိုးငယ်နဲ့ မြသင်းမိုးတို့ရဲ့ ရန်စကိုလည်း ခင်မိမိသွယ်က သိထားသူဖြစ်၍ ဘာပြန်ပြောလို့ ပြောရမှန်းပင် မသိအောင် ဖြစ်နေမိသည်။ မြတ်နိုးငယ်ပြောသလိုပင် မြသင်းမိုးရဲ့ စိတ်ထဲမှာ တကယ်ရှိတယ် မရှိဘူးဆိုတာလည်း သူမ မခန့်မှန်းတတ်ပေ။

ထို့ကြောင့် ခဏငြိမ်သွားပြီးမှ မြတ်နိုးငယ်ကို ကြည့်လိုက်ကာ

"ဒါပေမယ့် တစ်ခုတော့ ရှိတယ်နော်၊ စိုးကြီးကတော့ နင့်ကို စိတ်ဝင်စားနေတယ်ဆိုတာ တကယ်၊ ငါ့ကို သူ အဲ့ဒီကိစ္စ နှစ်ယောက်တည်း လာပြောပြီးသွားပြီ၊ ပြီးတော့ ငါ့ကိုတောင် အောင်သွယ်လုပ်ခိုင်းနေသေးတယ်"

ခင်မိမိသွယ်စကားဆုံးတော့ မြတ်နိုးငယ်က ကြည့်လိုက်၍ . . .

"သူက နင့်ကို ဘာလာပြောသွားလို့လဲ"

"နင့်ကို တကယ်ချစ်မိသွားတာတဲ့၊ သူ့ဆီမှာ ဒီလိုစိတ်မျိုး တစ်ခါမှ မပေါ်ပေါက်ဖူးဘူးလို့ ငါ့ကိုပြောတယ်၊ နင်နဲ့ကျမှ တကယ်ချစ်မိသွားတာတဲ့ဟ"

"ငါကပဲ ဂုဏ်ယူပေးရမလိုလို ဖြစ်နေပြီ"

မြတ်နိုးငယ်စကားကြောင့် ခင်မိမိသွယ်က ရယ်လိုက်သည်။ ထို့နောက် . . .



"နင်ကလည်းဟယ် ပြောလိုက်ရင် ဘုကလန့်ချည်းပဲ၊ စိုးကြီးက သူ့မှာ ခံစားနေရတဲ့ကိစ္စလေးတွေကို ငါ့ကို လာပြောပြလို့ နင့်ကို ပြန်ပြောပြတာပါ"

"နင် အောင်သွယ်ခ ဘယ်လောက်ရလဲ"

ထိုစကားကြောင့် ခင်မိမိသွယ်က ခွက်ထိုးခွက်လန် ထရယ်လိုက်ကာ

"အမလေး အောင်သွယ်ခရဖို့နေနေသာသာ ငါ့ဆီမှာ သူ ယူထားတဲ့ အကြွေးတောင် အခုထိ မဆပ်သေးလို့ ခက်နေရတာပါနော်၊ တစ်မျိုးမထင်ပါနဲ့"

မြတ်နိုးငယ်က ပြုံးလိုက်သည်။ နှစ်လိုဖွယ်ရာ အပြုံးမျိုးဖြစ်၏။ ထိုသို့ ပြုံးလိုက်ပြီးတော့ . . .

"နင့်သူငယ်ချင်းက အူကြောင်ကြောင်နိုင်တာလေးကလွဲလို့ ဇွဲတော့ကောင်းသားဟ၊ ငါ့ကိုချဉ်းကပ်လာတဲ့ တခြားယောကျ်ားလေးတွေဆို ငါ တစ်ခါ နှစ်ခါ ကောလွှတ်လိုက်တာနဲ့ ကြောက်ပြီး ပြေးကြရောပဲ၊ သူကကျတော့ ဖြဲခြောက်လည်းမကြောက်၊ ခြောက်လွှတ်လည်း မပြေးနဲ့ တော်တော်တော့ ဇွဲရှိတဲ့လူ"

"ဒါဆို နင်က ဇွဲဆုလေးပေးမယ်ဆိုပါတော့"

"သေလိုက်ပါလား"

ဟု မြတ်နိုးငယ်က ပြန်ပြောလိုက်သည်။ ခင်မိမိသွယ်က . . .

"ဒါကြောင့် နင့်ဆီမှာ သူကပ်နေတာကို ကြည့်မရလို့ မြသင်းမိုးက လုပ်တာလားမှ မသိတာ"

ထိုစကားကိုကြားတော့ မြတ်နိုးငယ် တစ်ချက် တွေဝေသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



"အဲ့ဒါကြောင့် ပြောတာပေါ့၊ မြသင်းမိုးက စိုးကြီးကို သူ့ဘက်ပါအောင် သိမ်းသွင်းနေတာပါလို့၊ အဲ့ဒီမိန်းမက သူ့ကိုကျော်ပြီး ငါ့ဆီ ယောကျ်ားလေးတစ်ယောက်ယောက် ချဉ်းကပ်မှာကို မနာလို ဝန်တိုဖြစ်နေတဲ့ မိန်းမဟဲ့"

ခင်မိမိသွယ်က အကြံတစ်ခု ရသွားဟန်နှင့် လက်ဖျောက်တစ်ချက် တီးလိုက်သည်။ ပြီးတော့ . . .

"ဒါဆို ငါအကြံတစ်ခုရပြီ၊ နင်က စိုးကြီးကို နင့်နားက မခွာအောင် လုပ်ပြလိုက်ရင် ဟိုကောင်မ ဆတ်ဆတ်ခါသွားမှာ သေချာတယ်၊ အဲ့ဒါဆို ဒီပွဲမှာ နင်နိုင်ပြီပေါ့ဟ၊ နင်က မြသင်းမိုးကို နင့်မာယာလောက်ကတော့ သနားတယ်ဆိုတဲ့ အကြည့်နဲ့ ကြည့်ပစ်လိုက်လို့ရပြီပေါ့ဟ၊ ဟုတ်ဘူးလား ဒါဆို ငါလည်း တစ်ချက်ခုတ် နှစ်ချက်ပြတ် ဟိ ဟိ"

"ဘာလဲဟ တစ်ချက်ခုတ် နှစ်ချက်ပြတ်ဆိုတာ"

"ဩော် ငါက နင်နဲ့ သူ့ကို အဆင်ပြေအောင် အတတ်နိုင်ဆုံး လုပ်ပေးပါ့မယ်လို့ ပြောခဲ့မိတာကိုးဟ၊ ဒါ့ကြောင့် နင်နဲ့သူနဲ့လည်း အဆင်ပြေသွားတော့ ငါလည်း မျက်နှာရတာပေါ့ ဟုတ်ဘူးလား"

"သေလိုက်ပါလား နင်မျက်နှာရအောင်ပဲ ငါက မချစ်ဘဲနဲ့ သူ့ကို ချစ်ချင်ဟန်ဆောင်ပေးရဦးမှာလား"

"ဟယ် အဲ့ဒီလို မဟုတ်ဘူးလေဟာ၊ နင့်ကို ဘယ်သူက ချစ်ခိုင်းနေလို့လဲ၊ ငါက နင့်ကို ချစ်ခိုင်းနေတာ မဟုတ်ပါဘူး၊ သူနဲ့ အရင်ကလို မဟုတ်ဘဲ အလိုက်အထိုက် ဆက်ဆံပေးဖို့ပြောတာပါဟ၊ ဥပမာ မြ

[redacted]



သင်းမိုးကို ကြည့်ပါလား၊ သူက အလိုက်အထိုက် ဆက်ဆံတတ်တော့ သူ့ဘေးနားမှာဆို ဝိုင်းဝိုင်းလည်နေတာပဲ၊ ဒါပေမယ့် သူကတော့ ဘယ်သူ့ကိုမှ အဖြေပြန်မပေးရသေးဘူးနော်၊ ဘယ်သူနဲ့မှလည်း ချစ်သူမဖြစ်သေးဘူး၊ ဒီလိုပဲ မယုတ်မလွန်လေး လုပ်ထားတာ အဲ့ဒါမျိုးကို ပြောတာ"

"ငါ့ကို အဲ့ဒီဟာမနဲ့တော့ လာမနှိုင်းစမ်းပါနဲ့"

"နှိုင်းတာမဟုတ်ဘူးလေ ဥပမာပေးတာ၊ နင် သူ့ကို ဖွဲ့ချင်တယ်ဆို ဖွဲ့ချင်ရင်တော့ သူ့နည်းအတိုင်း သုံးပြီး သူ့အရိုးနဲ့ သူ့ပြန်ထိုးရမှာပဲ၊ ဒါမှ သူ ပိုနာမှာ၊ သူ ပိုနာမှလည်း အနိုင်အရှုံးက ပိုပြီး ကြည့်လို့ကောင်းမှာပေါ့ဟ"

မြတ်နိုးငယ် ငြိမ်ကျသွားသည်။ တော်တော်လေး အချိန်ကြာသည်အထိ စကားတစ်ခွန်းမှ ပြန်မပြောဘဲ ငြိမ်ကျသွားလေ၏။

နောက်တော့မှ . . .

"နင်ပြောတဲ့ နည်းလမ်းကတော့ မဆိုးပါဘူး၊ ဒါပေမယ့် ငါက အဲ့ဒါမျိုးတွေ တစ်ခါမှ မလုပ်ဖူးဘူးဟ၊ နောက်ပြီး ယောကျ်ားလေးတွေနဲ့လည်း အရောတဝင် နေဖူးတာမဟုတ်တော့ ဖြစ်ပါ့မလား၊ တော်ကြာ သူ့အရိုးနဲ့ သူ့ပြန်မထိုးမိဘဲ ကိုယ့်အရိုးနဲ့ ကိုယ့်ပြန်ထိုးမိနေမှ အရှက်ပိုကွဲနေဦးမယ်"

ခင်မိမိသွယ် ထရယ်လိုက်သည်။

"နင် အဲ့ဒီလိုကြီးတွေးပြီးစိုးရိမ်နေလို့ ဘာမှဖြစ်လာမှာမဟုတ်ဘူး၊ နောက်ပြီး နင်ကလည်း တစ်သက်လုံး ဒီအတိုင်းပဲ နေသွားတော့မှာ

[redacted]

www.burmeseclassic.com

www.burmeseclassic.com



လား၊ တက္ကသိုလ်ရောက်ပြီး ရည်းစားလေးတစ်ယောက်မှ မထားဖူး ရင်လည်း ရှက်စရာကြီးနော်၊ အဖြစ်မရှိရာကျတယ်"

"အမယ် နင်ပြောသလိုဆို ငါက စိုးကြီးကို ပြန်ကြိုက်ရတော့ မလိုလို"

"ဒါကတော့ နင့်သဘောပဲလေဟာ အချစ်ဆိုတာ ပြောလို့ရတာမှ မဟုတ်တာ သူ့ဘာသာသူ အချိန်တန်ရင်တော့ ဖြစ်ပေါ်လာမှာပဲလေ"

"နင်ကများ ဒီစကားမျိုးတွေ တတ်နေတယ် ဟုတ်လား"

ခင်မိမိသွယ်က ရယ်သည်။ ထို့နောက် မြတ်နိုးငယ်ရှေ့မှ ထရပ် လိုက်ကာ ပြီတီတီမျက်နှာပေးနှင့် . . .

"လူပဲဟဲ့ အရွယ်ရောက်နေပြီပဲ တတ်တာပေါ့၊ နင်သာ အခုချိန် ထိ အမြီးမပေါက် ဘာမျောက်လဲ"

မြတ်နိုးငယ်က ရယ်လိုက်သည်။ ခင်မိမိသွယ်က . . .

"နင်ချစ်တတ်သွားမှ ငါ့ကို ကျေးဇူးမတင်နဲ့နော်"

ဟုပြောပြီး ထွက်ပြေးသွားတော့သည်။ မြတ်နိုးငယ်က ခင်မိမိ သွယ်ကို တစ်ချက် လှမ်းကျိန်ဆဲရင်း ကျန်ရစ်ခဲ့တော့၏။

ထို့နောက် စိုးကြီးမျက်နှာကို မြင်ယောင်လာမိသည်။ စိုးကြီးမျက် နှာက စိတ်ကူးထဲမှာလည်း မျက်နှာပိုး မသေပေ။

"ရုပ်က ပြောင်စပ်စပ်နဲ့ အမြင်ကတ်ဖို့ကောင်းတယ်"

ဟု မြတ်နိုးငယ် ရေရွတ်လိုက်ပါတော့သည်။

❤ ❤ ❤

[redacted]



ဆိုး ကြီးတို့က ဝိရိယကောင်းသည်ဟု ဆိုရမည်။ မနက်စော စော ကျောင်းတက်ကတည်းက ပထဝီဆောင်ဘက် ရောက်နေလေ သည်။ ထို့နောက် ထိုင်နေကျ အုတ်ခုံလေးမှာပဲ ထိုင်ကာ မြတ်နိုးငယ် ကို စောင့်နေလိုက်၏။ သူ့မှာ ဒီနေ့ မြတ်နိုးငယ်ကို ပေးဖို့ ရည်းစား စာပါ ပါလာသည်။ ထို့ကြောင့် ခါတိုင်းနေ့တွေထက် ပိုပြီး ရင်ခုန်နေ မိ၏။ ပြီးတော့ မြတ်နိုးငယ် သူ့အပေါ်ထားသည့် သဘောထားကို လည်း သူသိသော ကြောင့် ကြောက်လည်း ကြောက်နေမိသည်။

သူသာ မြတ်နိုးငယ်ကို ထိုရည်းစားစာပေးလိုက်လျင် ဘယ်လို အခြေအနေ ဖြစ်လာမယ်ဆိုတာကို တွေးကြည့်ရင်း ကြက်သီးတောင် ထနေမိ၏။ သို့သော် မပေးဘဲလည်း မနေနိုင်ပေ။ တစ်ပတ်လောက်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မတွေ့ရတဲ့ရက်အတွင်း မြတ်နိုးငယ်အပေါ် သူ ဘယ်လောက်ချစ်နေမိတယ်ဆိုတာကို ပိုသိလာရ၏။ အရင်က တွေ့နေကျမျက်နှာလေးကို မတွေ့ရသောကြောင့် အချိန်တိုင်း လွမ်းနေမိ၏။ အရင်က ကြားနေကျ ဂျစ်ကန်ကန်နှင့် ရန်တွေ့သံလေးတွေ မကြားရသောကြောင့် သတိရနေမိ၏။ ကုန်ကုန်ပြောရရင် စားလည်းဒီစိတ်၊ သွားလည်း ဒီစိတ်ပင် ဖြစ်နေရလေသည်။ ထို့ကြောင့် ခံစားချက်တွေ များလာ၍ မနေနိုင်တော့သောကြောင့် ညက သူရည်းစားစာ ထိုင်ရေးဖြစ်ခဲ့သည်။ ပထမတော့ စကားနဲ့သာ ပြောလိုက်ဖို့ ဆုံးဖြတ်ထားသော်လည်း နောက်တော့ မပြောရဲ၍ စာပေးရန်သာ ဆုံးဖြတ်လိုက်ရခြင်း ဖြစ်၏။

ထိုသို့စဉ်းစားနေစဉ် မြတ်နိုးငယ် အဆောင်ဘက်သို့ လမ်းလျှောက်လာတာကို တွေ့လိုက်ရသည်။ မတွေ့တာကြာလို့လား မသိ မြတ်နိုးငယ်ရဲ့ မျက်နှာလေးက ပိုပြီး ချစ်စရာကောင်းလာသည်ဟု စိုးကြီး ထင်လိုက်မိ၏။

မြတ်နိုးငယ်က ခပ်လှမ်းလှမ်းကိုရောက်တော့ စိုးကြီး ထိုင်ရာမှ ထလိုက်ကာ အသင့်အနေအထား ယူလိုက်သည်။ သူ့ပုံစံက အထက်အရာရှိတစ်ယောက်ကို တွေ့လိုက်သော စစ်သားတစ်ယောက်လို သတိအနေအထား။

မြတ်နိုးငယ်က သူ့အတွေးနဲ့သူ ခေါင်းငုံ့လျှောက်လာရင်း သူ့ဘေးနားကို ဖြတ်တော့ . . .

"မြတ်နိုး"

[redacted]



"ပလုတ်တုတ်"

ရုတ်တရက်ဆိုတော့ မြတ်နိုးငယ်က လန့်ပြီး ထအော်ကာ စိုးကြီးကို လှည့်ကြည့်၏။ စိုးကြီးက ပြုံးပြလိုက်ကာ . . .

"မြတ်နိုး လန့်သွားလား၊ ဆောရီးနော်"

"အင်း ရုတ်တရက်ဆိုတော့ လန့်သွားတာပါ"

"မြတ်နိုးကို ကျွန်တော် အဝေးကြီးကတည်းက လှမ်းတွေ့နေတာ၊ မြတ်နိုးကသာ ကျွန်တော့်ကို မတွေ့တာ"

မြတ်နိုးငယ်က စိုးကြီးကို ကြည့်၍ . . .

"ဟုတ်တယ် ကျွန်မလည်း ကျွန်မအတွေးနဲ့ကျွန်မ လျှောက်လာတော့ မတွေ့မိလိုက်ဘူး။ ထားပါတော့ ဒါနဲ့ ရှင်က ဘယ်ကိုလာတာလဲ"

"အဟဲ မြတ်နိုးဆီပဲလာတာ"

"ကျွန်မဆီ ဟုတ်လား"

"ဟုတ် ဟုတ်ကဲ့"

"ဘာကိစ္စလဲ"

မြတ်နိုးငယ်ရဲ့ မျက်နှာက ခါတိုင်းလို မာကြောမနေ၍ စိုးကြီးရင်ထဲမှာ ပေါ့ပါးကာသွားသည်။ ထို့ကြောင့် ကြောက်စိတ်နည်းနည်း လျော့သွားကာ ပြောရဲဆိုရဲဖြစ်ကာသွား၏။

"ကိစ္စကတော့ ဟိုဟာပါ၊ ဟိုတစ်နေ့က ကိစ္စ၊ အဲဒါ မြတ်နိုးငယ် စိတ်ဆိုးနေမယ်ဆို တောင်းပန်ချင်လို့ပါ"

မြတ်နိုးငယ် တစ်ချက်တော့ တွေဝေသွား၏။ ပြီးမှ ပါချုပ်ရုံးခန်းရှေ့က ကိစ္စကို သတိရသွား၍ ပြုံးရုံပြုံးလိုက်ကာ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ် အစကတော့ ရှင့်ကို စိတ်တော်တော်ဆိုးနေတာ အမှန်ပဲ၊ ဒါပေမယ့် အခုတော့ ထားလိုက်ပါတော့၊ ကျွန်မကလည်း ရှင့်ကို ခေါ်သွားမိတာကိုး"

မြတ်နိုးငယ် သူ့ကို စိတ်မဆိုးဘူးဆိုတာ သိလိုက်ရ၍ စိုးကြီး တော်တော်ပျော်ကာသွားလေသည်။ ထို့ကြောင့် မျက်နှာက ပြုံးဖြဲဖြဲကြီးဖြစ်သွားကာ မြတ်နိုးငယ်ကို . . .

"ဟား ဝမ်းသာလိုက်တာဗျာ ကျွန်တော်က မြတ်နိုး တော်တော်စိတ်ဆိုးနေပြီလို့ ထင်နေတာ၊ အဲ့ဒါကြောင့် ဒီကိုလာတောင် မလာရဲဘူး"

"ဒါဆို အခုဘာလို့လာလဲ"

"ဟဲ ဟဲ အရဲစွန့်ပြီး လာရတာပါ။ ပြီးတော့ မြတ်နိုးကိုလည်း တွေ့ချင်လို့"

ထိုစကားကိုကြားတော့ မြတ်နိုးငယ် ပြုံးပြီး ခေါင်းငုံ့ကာသွား၏။ စိုးကြီးက မြတ်နိုးငယ်ကို ကြည့်၍ စာပေးလိုက်ရင် ကောင်းမလားဟု ချီတုံချတုံဖြစ်နေမိသည်။ သို့သော် ဘယ်လိုစကားစရမှန်းမသိ ဖြစ်နေမိ၏။ တော်ကြာ မြတ်နိုးငယ်က သူ့ကို အခွင့်အရေးယူတယ် ထင်သွားပြီး စိတ်ပြန်ဆိုးသွားမှာလည်း ကြောက်ရသေး၏။ ထို့ကြောင့် စိုးကြီးက

"မြတ်နိုး"

"ဘာလဲ"

"မြတ်နိုး ကျွန်တော့်ကို စိတ်မဆိုးတော့ဘူးဆိုတာ တကယ်လားဟင်"

"ဩော် ပြောပြီးပြီပဲ အစကတော့ ဆိုးတယ် အခု မဆိုးတော့ဘူးလို့"



"ဟား ပျော်လိုက်တာဗျာ ဒါဆို ကျွန်တော် တစ်ခုပြောမယ်နော် စိတ်ပြန်မဆိုးရဘူး"

မြတ်နိုးငယ်က စိုးကြီးကို စူးစမ်းတဲ့အကြည့်နဲ့ ကြည့်၍ . . .

"ဘာပြောမလို့လဲ"

"ကျွန်တော် ကျွန်တော် ဟို ဒီ ဒီစာလေးကို မြတ်နိုးကို ပေးချင်လို့ပါ"

စိုးကြီး ပြောလည်းပြော လွယ်အိတ်ထဲက စာအိတ်လေးကိုလည်း ထုတ်ကာပေး၏။ မြတ်နိုးငယ် စိုးကြီးလက်ထဲက စာအိတ်လေးကို ကြောင်တောင်တောင်နဲ့ ကြည့်ကာနေတော့ စိုးကြီးလက်က ကြောက်စိတ်ကြောင့် တုန်ခါကာနေ၏။

မြတ်နိုးငယ်က . . .

"အဲ့ဒါဘာလဲ"

စိုးကြီးက ထစ်ထစ်ငေါ့ငေါ့နှင့် . . .

"ရည်း ရည်စား . . ."

"ရှိပြီ ဒီလောက်ဆို ကျွန်မ သဘောပေါက်ပြီ၊ ရှင်က ကျွန်မကို စာပေးတယ်ဆိုပါတော့"

စိုးကြီးက မျက်နှာငယ်လေးနှင့် ခေါင်းညိတ်ပြလိုက်ကာ . . .

"ဟုတ် ဟုတ်ပါတယ် မြတ်နိုးရယ်၊ ကျွန်တော် မနေတတ်တော့လို့ပါဗျာ၊ ဟို ကျွန်တော် တကယ်ရင်ထဲက ခံစားချက်နဲ့ ရေးထားတာပါဗျာ ယုံပါ၊ စိတ်လည်း မဆိုးလိုက်ပါနဲ့နော်၊ မြတ်နိုး စိတ်ဆိုးရင်လည်း ကျွန်တော်က ခံရမယ့်သူပါဗျာ"

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးငယ်က ဘာမှမပြောပေ။ စိုးကြီး စကားဆုံးသွားသည်နှင့် စာအိတ်ကို ဆွဲယူလိုက်ကာ လွယ်အိတ်ထဲ အသာထည့်၍ ထွက်သွားပါတော့သည်။

စိုးကြီး အံ့ဩကာ ကျန်ခဲ့၏။ သူတွေးထားသလို မြတ်နိုးငယ် သူ့ကို ဒေါသလည်း မဖြစ်သလို စိတ်ဆိုးဟန်လည်း မပြဘဲ အသာတကြည် ယူပြီး ထွက်သွားသောကြောင့် ဖြစ်၏။

ခဏနေတော့မှ စိုးကြီး ထခုန်လိုက်ကာ . . .

"Yes ဒါမှ ငါကွ"

♥ ♥ ♥

[redacted]



စိုးကြီး အပျော်လွန်ပြီး ပြေးသည်။ ပထဝီဆောင်မှနေ၍ ကန်တင်းသို့ ပြေးခြင်းဖြစ်၏။ ဒီအချိန် ဟိုကောင်တွေ ကန်တင်းမှာပဲ ရှိနေဦးမည်ဆိုတာ စိုးကြီးသိနေ၍ဖြစ်၏။ ပါးစပ်ကလည်း အောင်ပြီ အောင်ပြီဟု အော်ကာပြေးသည်။

သူ့ကိုကြည့်၍ ကျောင်းသူတွေက . . .

"အခုမှ ဆယ်တန်းအောင်တာထင်တယ် သနားပါတယ်"

"တောက ဘကြီးသေလို့ အမွေရပြီး ပျော်နေတာလည်း ဖြစ်နိုင်တာပဲ"

ဟု စကြ၏။ ကျောင်းသားတွေကတော့ . . .

'ရပ်ကွက် မီးလန့်လာတာလား' ဟု နောက်ကြ၏။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးကတော့ ဘယ်သူ့ကိုမှ ဂရုမစိုက်နိုင်ပေ။ သူ ဦးတည်ရာဖြစ်သော ကန်တင်းကိုသာ အားကုန်သုံး၍ ပြေး၏။ ထိုသို့ပြေးရင်း လမ်းတွင် မြသင်းမိုးတို့အဖွဲ့နှင့် သွားဆုံလေသည်။ မြသင်းမိုးတို့အဖွဲ့က ခုန်ပေါက်၍ ပြေးလာသော စိုးကြီးကို ကြည့်၍ တအံ့တသြ အမူအရာနှင့် . . .

"ကိုစိုးကြီး ဘာဖြစ်လာတာတုန်း"

စိုးကြီးက မြသင်းမိုးတို့ကို လှည့်ကြည့်၍ ကိုယ်ရှိန်သတ်လိုက်ကာ

"ဟဲ ဟဲ ဒီလိုပါပဲ ပျော်စရာလေးတွေ ဖြစ်လာလို့၊ ဩော် ဒါနဲ့ ဟိုနေ့က ဖိနပ် အဆင်ပြေသွားလား"

မြသင်းမိုးက ခေါင်းညိတ်ပြ၍ . . .

"ပြေတယ် ကိုစိုးကြီး အဲ့ဒီကိစ္စတောင် သူငယ်ချင်းတွေကို မိုးက ပြောပြနေသေးတာ"

မြသင်းမိုးစကားဆုံးတော့ ဘေးက သူငယ်ချင်းတွေက စိုးကြီးကို ကြည့်၍ . . .

"ဟုတ်တယ် မိုးက ကိုစိုးကြီးကို ဘယ်လိုကျေးဇူးတင်ကြောင်း ကျွန်မတို့ကို ပြောပြနေတာ"

"ရပါတယ်ဗျာ ကျောင်းသူကျောင်းသားအချင်းချင်းပဲ ကူညီရမှာပေါ့၊ ဒါနဲ့ မြသင်းမိုး ကျန်တဲ့ ဖိနပ်တစ်ဖက် လွှင့်ပစ်လိုက်သေးလား"

မြသင်းမိုးက ခေါင်းခါလိုက်ကာ . . .

"ဟင့်အင်း အဲ့ဒီဖိနပ်လေးက ဒယ်ဒီ မိုးကို လက်ဆောင်ပေးထားတဲ့ ဖိနပ်လေးလေ၊ အဲ့ဒါကြောင့် လွှင့်မပစ်ရက်ဘဲ ကျန်တဲ့တစ်ဖက်ကို

[redacted]



အမှတ်တရ သိမ်းထားတယ်၊ ဘာလို့လဲဟင်"

"ဘာမှမဖြစ်ပါဘူး အဲ့ဒီနေ့က မြသင်းမိုးရဲ့ ကျန်တဲ့တစ်ဖက် ကျွန်တော်ဆီ ပါလာတယ်လေ၊ ကျွန်တော်လည်း ဖိနပ်လေးက အကောင်းကြီး ရှိသေးတာနဲ့ ပြန်ပေးမလို့ သိမ်းထားတယ်၊ မနက်ဖြန် ယူလာခဲ့မယ်"

မြသင်းမိုး မျက်နှာက ဝမ်းသာဟန် ချက်ချင်းဖြစ်သွားကာ

"ဟယ် ကျေးဇူးတင်လိုက်တာ၊ ကိုစိုးကြီးကို မိုး ထပ်ပြီး ကျေးဇူးတင်သွားပြန်ပြီ၊ ဒါဆို ဖိနပ် နှစ်ဖက်လုံး မိုး သိမ်းထားလို့ရပြီပေါ့"

စိုးကြီးက ခေါင်းညိတ်ပြ၍ . . .

"ဒါဆို မနက်ဖြန် ယူခဲ့မယ်နော်၊ သွားလိုက်ဦးမယ်"

စိုးကြီးက ပြောပြီး ထွက်မယ်အလုပ် မြသင်းမိုးက လှမ်းတားလိုက်၍

"ခဏနေပါဦး၊ မိုးတို့ အခု ကန်တင်းသွားမလို့၊ လိုက်ခဲ့ပါလား ကိုစိုးကြီးကို မိုး တစ်ခုခုကျွေးပါရစေ၊ ဟို တစ်မျိုးပေါ့ မထင်နဲ့နော် ခင်မင်မှုအတွက်ပါ"

စိုးကြီးက . . .

"ဟာ ရပါတယ် နောက်မှပဲ စားတော့မယ် အကြွေးမှတ်ထားလိုက်ပေါ့နော်၊ အခု ကိစ္စလေးတစ်ခု အရေးကြီးနေလို့ပါ"

မြသင်းမိုးက နှုတ်ခမ်းတစ်ချက် စူလိုက်သည်။ မြသင်းမိုးက လှသောကြောင့် နှုတ်ခမ်းလေး စူလိုက်တော့ ချစ်စရာပိုကောင်းသွားသည်။ သို့သော် စိုးကြီးခမျာ ထိုအလှအပကို မခံစားနိုင်ပေ။ သူ့မှာ သူငယ်ချင်းတွေဆီသို့သာ သွားချင်ဇော ကြီးနေမိသည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြသင်းမိုးက နှုတ်ခမ်းစူလျက်နှင့် . . .

"ကိုစိုးကြီးကတော့ လုပ်ပြီ၊ မိုးကို မခင်လို့လား"

"ဟာ ဟုတ်ပါဘူးဗျာ၊ ကျွန်တော် တကယ်အရေးကြီးနေလို့ပါ၊ ဟို မနက်ဖြန်ကျ ဖိနပ်ပြန်ပေးရင်း ကျွေးလေ နော်"

"တကယ်နော် မနက်ဖြန် တကယ်စားရမှာ"

"စားမယ် စိတ်ချ၊ ဒီညကတည်းကကို ဘာမှမစားထားဘူး၊ မနက်ဖြန် ဝှာကယ်အဝစားမှာ"

စိုးကြီးစကားကြောင့် မြသင်းမိုးက ရယ်လိုက်၏။ စိုးကြီးက မြသင်းမိုးတို့ကို နှုတ်ဆက်ကာ ထွက်သွားလေသည်။ စိုးကြီးထွက်သွားတော့ သူမ သူငယ်ချင်းတွေက . . .

"နင်က ဘယ်လိုဖြစ်နေတာလဲ၊ ဟိုက မအားပါဘူးဆို အတင်းကြီး ခေါ်ကျွေးနေတာပဲ"

"အေးလေ မိန်းမနော် ဈေးသိပ်ပျက်မနေနဲ့"

"ပျက်တယ်ဟေ့ ပျက်တယ် ဘာဖြစ်လဲ၊ သူက ခင်ဖို့ကောင်းလို့ ငါက ခင်တဲ့ဟာ"

"တခြားသူတွေဆို နင် ဒီလိုမဟုတ်ပါဘူး"

"သူနဲ့ တခြားသူတွေနဲ့မှ မတူတာ၊ သူက ငါ့အပေါ် ရိုးသားတယ်လေ"

"သူက ရိုးသားတယ်ဆိုတော့ နင်ကရော"

ထိုစကားကြားတော့ မြသင်းမိုးက တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် . . .

[redacted]



"ဒါကတော့ ဘယ်ပြောပြမလဲ၊ အခြေအနေအရပေါ့"

ဟုဆိုလိုက်တော့၏။ သူမ သူငယ်ချင်းတွေက မကျေမနပ်နှင့် မြသင်းမိုးကို မျက်စောင်းလှမ်းထိုးလိုက်ပါတော့သည်။

♥ ♥ ♥

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟား ဟား ဟား အောင်ပြီကွ အောင်ပြီ ဟား ဟား ဟား"

ရုတ်တရက်ရောက်လာပြီး အော်ချလိုက်သော စိုးကြီးစကားကြောင့် အားလုံး လန့်သွားကြ၏။ ထို့နောက် စိုးကြီးကို ကြည့်ကာ

"ဒီရက်ပိုင်းအတွင်း ငါတို့ ဘာစာမေးပွဲမှလည်း ဖြေမထားပါဘူး၊ မင်းဘာလာကြောင်နေတာလဲ"

စိုးကြီးက သူနဲ့ အနီးဆုံးမှာ ရှိနေသော မြင့်နိုင်ထွေးကို ဖက်နမ်းလိုက်၍ . . .

"အာ ဝါး ဟား ဟား မြင့်နိုင်ထွေး မင်းကိုကြည့်ရတာ အသားနည်းနည်း ပိုဖြူလာသလိုပဲ"

[redacted]



"ဟုတ်လို့လားကွာ မင်းကလည်း"

"ဟုတ်ပါတယ်ဆို အရင်ကဆို အဝေးကကြည့်ရင် မင်းကို မမြင်ရပေမယ့် အခုတော့ မြင်လာရပြီကွ"

မြင့်နိုင်ထွေးက သဘောခွေ့ကာသွားသည်။ ထို့နောက် စိုးကြီးက လွတ်နေတဲ့ ခုံတစ်လုံးမှာ ဝင်ထိုင်၍ . . .

"ငါ ဒီနေ့ ဘာဖြစ်လာလဲ သိလား"

"ရူးလာတယ်ထင်တာပဲ"

အားလုံးရဲ့ ဝိုင်းအပြောကို စိုးကြီး ကျေကျေနပ်နပ် ခံယူလိုက်၍

"ဟုတ်တယ် ရူးလာတယ်၊ အချစ်ရူးကြီး ရူးလာတာကွ၊ အချစ်ရူးကြီး ရူးလာတာ"

အားလုံးက စိုးကြီးစကားကို အရေးမစိုက်တော့ဘဲ ကိုယ်လုပ်စရာရှိတာ ဆက်လုပ်ကြသည်။ ဒီကောင် ဒီလိုပဲ ဖောက်လွဲဖောက်ပြန်ဖြစ်နေကျဆိုတာ သိနေ၍ဖြစ်၏။ စိုးကြီးက သူ့ကို အရေးမစိုက်သောသူတို့ကို ကြည့်၍ . . .

"ဟေ့ကောင်တွေ ငါ တကယ်အတည်ပြောနေတာကွ၊ ငါ အတည်ပြောနေတာ၊ ငါ မြတ်နိုးငယ်ကို စာပေးလိုက်ပြီ သိလား"

"အဲ့ဒါဘာဖြစ်လဲ"

"ဘာဖြစ်ရမှာလဲကွ၊ သူ သူ ငါ့စာကို ယူ ယူသွားတယ်ကွ၊ အသာတကြည် ယူသွားတယ်"

စိုးကြီးက အားတက်သရော ပြောနေသော်လည်း အားလုံးက အရေးမလုပ်သော အမူအရာတွေနှင့် ကြည့်နေကြ၏။ သိန်းကြီးက

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထပြီး . . .

"ဒါများ စိုးကြီးရာ၊ ဘာအဆန်းလဲ၊ ကောင်မလေးတစ်ယောက်ကို ရည်းစားစာပေးလိုက်တာများ မင်းအတွက် အဆန်းတကြယ် ဖြစ်စရာမှ မဟုတ်တာ"

နောက်တစ်ယောက်လည်း . . .

"အေးလေ မင်းဒီလိုပဲ လိုက်ပေးနေကျပဲဟာ၊ အခုမှ အထူးအဆန်းလုပ်ပြီး ထီပေါက်သလို ပျော်နေရအောင် ဘာဖြစ်နေတာလဲ"

"ဟာ အရင်ကနဲ့ မတူဘူးကွ၊ အခုတစ်ခါ အတည် တကယ့်အတည်"

"အတည် ဟုတ်လား ဘာအတည်လဲ၊ တရုတ်ကြီး အတည်ကို ပြောတာလား ဟား ဟား ဟား"

အားလုံးက သူ့စကားကို ဝိုင်းလှောင်၍ စိုးကြီး နည်းနည်းတော့ ဖုကာသွားသည်။ ထို့ကြောင့် အားလုံးကို ရှုတည်တည်နှင့်ကြည့်၍

"ဘာလဲ မင်းတို့က ငါ့ကို မယုံဘူးလား ဟုတ်လား၊ ငါ ဒီတစ်ခါ တကယ်ပြောနေတာ၊ ငါ မြတ်နိုးငယ်ကို တကယ်ချစ်သွားတာကွ၊ မင်းတို့ မယုံရင် မိသွယ်ကို မေးကြည့်ပါလား၊ ငါ သူ့ကို အကုန်ပြောပြီးပြီ"

စကားဆုံးတော့ အားလုံးက စိုးကြီးကို ကြည့်လိုက်ကြသည်။ ထို့နောက် . . .

"မိသွယ်ကို မင်းက ဘာတွေ ပြောလိုက်လို့လဲ"

ထိုအချိန်တွင် ခင်မိမိသွယ် ကန်တင်းထဲရောက်လာ၍ စိုးကြီးက

[redacted]



လှမ်းခေါ်လိုက်သည်။ ထို့နောက် သူနဲ့ မြတ်နိုးငယ်အကြောင်းတို ခင်မိမိသွယ်အား ပြောပြနိုင်း၏။ ခင်မိမိသွယ်ကလည်း စိုးကြီးက သူ့ကို မြတ်နိုးငယ်အပေါ် တကယ်ချစ်မိသွားကြောင်း ဖွင့်ဟတိုင်ပင်ဖူးသည့် ကိစ္စကို ရှင်းပြလိုက်၏။ ထိုတော့မှ . . .

"ဒါဆို မင်းက ဒီကောင်မလေးနဲ့ကျမှ တကယ်ပေါ့ ဟုတ်လား"

စိုးကြီးက ခေါင်းကို ညိတ်ပြ၍ . . .

"တကယ်ပါဆို အဲ့ဒါကြောင့် ငါ ဒီလောက်ပျော်နေတာပေါ့"

"နားရှိလို့သာ ကြားရတယ်ကွာ၊ မင်းလိုကောင်မျိုးမှာ ဒီလိုစိတ်ဓာတ်မျိုး ဖြစ်လာမယ်လို့ ထင်တောင်မထင်ဘူး"

စိုးကြီးက ရယ်သည်။ ခင်မိမိသွယ်လည်း တအံ့တသြ အမူအရာနှင့် . . .

"ဒါဆို မြတ်နိုးက နင့်ဆီကစာ ယူသွားတယ်ဆိုတော့ နင် တော်တော် အခြေအနေ ကောင်းတာပဲဟ၊ သူက ဒါမျိုးတွေဆို စိတ်ဝင်စားတာ မဟုတ်ဘူး၊ ပြီးတော့ ဘယ်ယောကျ်ားလေး ပေးတဲ့စာမှလည်း မယူဖူးဘူး"

စိုးကြီးက မိသွယ်ကိုကြည့်၍ . . .

"ဒါ နင့်ကျေးဇူးတွေ အများကြီး ပါပါတယ်ဟာ"

"ဒါဆို ငါ့အကြွေးပေး"

"နင်ကလည်း ဒါပဲပြောနေတော့ပဲ၊ နေပါဦးဟာ"

"ငါသိပါတယ် နင့်ကို ပေးလိုက်ပြီဆိုကတည်းက ဆုံးပြီဆိုတာ"

စိုးကြီးက ရယ်သည်။ အားလုံးကလည်း လိုက်ရယ်ကြသည်။ ထို့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောက် စိုးကြီးက . . .

"မိသွယ် နည်းနည်းထပ်တွန်းဦးဟာ"

"ဘာလဲဟ ငါက ဘယ်သူကို တွန်းရမှာလဲ"

"မြတ်နိုးကိုလေဟာ၊ စာယူသွားတယ်ဆိုပေမယ့် အဖြေရသေးတာမှ မဟုတ်တာ၊ သူ ငါ့ကို လက်ခံဖို့အတွက် နင် နည်းနည်းထပ်တွန်းပေးဦးလို့ ပြောတာပါ"

"ဒါမျိုးဆိုရင် တွန်းအားပေးလို့ ရတာမှ မဟုတ်တာဟ၊ သူ့ဘက်က နင့်ကို တကယ်လက်ခံမှ ရမှာပေါ့၊ ငါတွန်းတိုင်း ဖြစ်တာမှ မဟုတ်တာ"

"အေးပါဟာ ဒါတော့ ဒါပေါ့၊ ဒါပေမယ့် ဒီကိစ္စကို ဒီ့ထက်ပိုပြီး"

"တော်ပါတော့ဟာ၊ နင်ဟာကလည်း ရှုပ်နေတာပဲ၊ ကြုံရင် မေးပေးမယ် ဟုတ်ပြီလား"

"မေးရုံမမေးနဲ့လေ၊ ပြောလည်း ပြောပေးဦး"

"အေးပါ ဟုတ်ပါပြီ တဏှာရူးရယ်"

ခင်မိမိသွယ်စကားကြောင့် အားလုံးက စိုးကြီးကို ဝိုင်းရယ်လိုက်ကြ၏။ စိုးကြီးက ရှက်ပြုံးကြီး ပြုံး၍ . . .

"နင်ကလည်းဟာ"

ဟု မချိတင်ကဲကြီး ပြောလိုက်ပါတော့သည်။

♥ ♥ ♥

[redacted]



"နင် သူ့ဆီက စာလေးယူသွားတာကိုပဲ သူ့ဘဝမှာ သိန်းဆုကြီး ပေါက်သလို ပျော်နေတာဟဲ့ သိလား"

ထိုနေ့ညနေမှာပင် ခင်မိမိသွယ်က မြတ်နိုးငယ်ထံ သွား၍ စိုးကြီးအကြောင်းကို ပြောပြသည်။ မြတ်နိုးငယ်က . . .

"ငါကလည်း သူ့ဆီက ယူချင်လို့ ယူတာမဟုတ်ပါဘူး၊ နင်ပြောသလို အထိုက်အလျောက် ဆက်ဆံတဲ့သဘောမျိုးနဲ့ ယူလိုက်တာပါ"

"ဘာပဲဖြစ်ဖြစ်ပေါ့ဟာ အဲ့ဒီကိစ္စက သူသိတာမှမဟုတ်တာ၊ သူကတော့ နင်တကယ်ကြည်ဖြူလို့ ယူသွားတယ် ထင်တာပေါ့၊ ဒါနဲ့ ဘာတွေ ရေးထားတာလဲဟင်"

ထိုစကားကြားတော့ မြတ်နိုးငယ် ရှက်ရိပ်သန်းသွားသည်။ ပြီး

[redacted]

www.burmeseclassic.com

www.burmeseclassic.com



နောက် . . .

"ရည်းစားစာပါဆိုမှ ချစ်တဲ့ ကြိုက်တဲ့အကြောင်းတွေပဲ ရေးထားတာပေါ့ဟဲ့၊ ဘာရေးရမှာလဲ"

"အေးလေ ဘယ်လိုချစ်တဲ့ ကြိုက်တဲ့ အကြောင်းတွေပဲ ရေးထားတာလဲလို့"

"သိဘူး မမှတ်မိတော့ဘူး"

မြတ်နိုးငယ်ရဲ့ ရှက်ရဲရဲနဲ့ ပြောတဲ့မျက်နှာကို ကြည့်ပြီး ခင်မိမိသွယ်က ရယ်လိုက်သည်။ မြတ်နိုးငယ်က . . .

"နင်က ဘာရယ်တာလဲ"

"ဘာမှမဟုတ်ပါဘူး၊ နင်ရှက်နေတာကို ကြည့်ပြီး ရယ်တာပါ"

"ငါမရှက်ပါဘူး ဘယ်မှာရှက်လို့လဲ"

"နင်ကသာ မရှက်ဘူးပြောနေ နင့်မျက်နှာကြီးက ရှက်လွန်းလို့ သေတော့မယ်"

"သေနာမ နင်နော်"

ဟု မြတ်နိုးငယ်က ခင်မိမိသွယ်ကို လှမ်းကာထုသည်။ ခင်မိမိသွယ်က ရှောင်လိုက်ရင်း . . .

"နင်ပြောတော့ မရှက်ဘူးဆို၊ ငါ့ကို ဘာလို့ လိုက်လုပ်နေတာလဲ"

"နင်က ငါ့ကို ဘာလို့ လိုက်စနေလဲ"

"ဘယ်မှာ စလို့လဲ ငါက အတည်ပြောတာ၊ နင်နဲ့ စိုးကြီးနဲ့ဆို ရှေ့သွားနောက်လိုက် ညီတယ်သိလား၊ စိုးကြီးက ပျော်ပျော်နေတတ်လို့သာ သူ့ရုပ်က ပြောင်စပ်စပ်လို့ ထင်ရတာပါ၊ တကယ်တမ်းကျတော့





လူချောဟ"

"နင်နော် ပြောလေကဲလေပဲ ကဲဟယ် ကဲဟယ်"

မြတ်နိုးငယ်က လွယ်အိတ်နှင့် လိုက်ရိုက်သည်။ ခင်မိမိသွယ်က ရှောင်ရင်းတိမ်းရင်းနှင့် ပြေးထွက်ကာသွား၏။ ခင်မိမိသွယ်ထွက်သွားတော့ မြတ်နိုးငယ် တစ်ယောက်တည်း ရှက်စိတ်တွေနှင့် ကျန်ရစ်ခဲ့၏။ ထို့နောက် စိတ်ကူးထဲမှာ စိုးကြီးမျက်နှာ ပေါ်လာသည်။ ခင်မိမိသွယ်ပြောသလိုပင် စိုးကြီးက တည်တည်တံ့တံ့နေလျှင် လူချောတစ်ယောက်ဟု တွေးလိုက်မိပါတော့၏။

♥ ♥ ♥



www.burmeseclassic.com

www.burmeseclassic.com



**နောက်** တစ်နေ့ နေ့လယ်တွင် စိုးကြီးသည် ပထဝီဆောင်ဘက်သို့ ထွက်လာခဲ့လိုက်သည်။ ဒီနေ့ သူမှာ မြသင်းမိုးကို ပေးဖို့ ဖိနပ်တစ်ဖက်လည်း ပါလာ၏။ ထို့ကြောင့် သူ ဒီနေ့ ပထဝီဘက်သို့ လာရခြင်းက တာဝန်နှစ်ခု ထမ်းဆောင်ဖို့ ဖြစ်လာလေသည်။

တစ်ခုက မြသင်းမိုးကို ဖိနပ်ပြန်ပေးဖို့နှင့် နောက်တစ်ခုက မြတ်နိုးငယ်နှင့် တွေ့ဖို့။

စိုးကြီး ပထဝီဆောင်ကို ရောက်တော့ အနည်းငယ် စောနေသေး၍ အတန်းမလွှတ်သေးပေ။ ထို့ကြောင့် ထိုင်နေကျ အုတ်ခုံလေးမှာပင် ထိုင်၍ အတန်းဘက်သို့ မျှော်ကာ ကြည့်နေမိသည်။ ခဏနေတော့ အတန်းလွှတ်သွား၍ လူတွေ ထွက်ကာလာ၏။

[redacted]



စိုးကြီး မတ်တပ်ရပ်လိုက်ကာ မြသင်းမိုးနှင့် မြတ်နိုးငယ်ကို ကြည့်နေလိုက်သည်။ ခဏနေတော့ အတန်းထဲမှာ လူရှင်းသလောက် ဖြစ်သွားသည်။

တော်တော်လေးကြာတော့မှ မြသင်းမိုးတို့ အဖွဲ့က ထွက်ကာလာသည်။ မြတ်နိုးငယ်ကိုတော့ မတွေ့ရသေးပေ။

စိုးကြီးက မြသင်းမိုးကို တွေ့တော့ လွယ်အိတ်ထဲမှ ဖိနပ်ထည့်ထားသော ကြွပ်ကြွပ်အိတ်ထုပ်ကို ဆွဲထုတ်လိုက်၏။

မြသင်းမိုးက စိုးကြီးကို တွေ့သွားတော့ . . .

"ကိုစိုးကြီးက ကတိတည်သားပဲ၊ ကျွန်မက မလာလောက်ဘူး ထင်နေတာ"

"လာမှာပေါ့ဗျာ မနက်ကတည်းက လာပေးမလို့ပါ၊ အရေးကြီးတဲ့ မေဂျာအချိန် ရှိနေလို့ အခုမှ ထွက်လာတာ"

"ရပါတယ် အခုလို လာပေးတာကိုတောင် ကျွန်မက ကျေးဇူးတင်လှပါပြီ"

ထို့နောက် မြသင်းမိုးက စိုးကြီး လှမ်းပေးသော ဖိနပ်ထုပ်ကို ယူ၍ လွယ်အိတ်ထဲသို့ ထည့်လိုက်သည်။ ထိုအချိန်တွင် မြတ်နိုးငယ်က အခန်းထဲမှ ထွက်လာ၍ စိုးကြီးနှင့် မြသင်းမိုးတို့ ရပ်စကားပြောနေကြတာကို တွေ့သွားလေသည်။

မြတ်နိုးငယ်ရဲ့ မျက်နှာတစ်မျိုး ဖြစ်သွားကာ သူတို့ရှိရာသို့ လှမ်းသွားလိုက်၏။

စိုးကြီးက မြတ်နိုးငယ်ကို တွေ့တော့ . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟာ မြတ်နိုး အခုမှ ထွက်လာတာလား"

"ဟုတ်တယ် ရောက်နေတာ ကြာပြီလား"

မြတ်နိုးငယ်ရဲ့ စကားက အပိုင်တွက်၍ ပြောသောစကားမျိုး ဖြစ်သည်။ မြသင်းမိုးရှေ့မှာမို့ စိုးကြီးက သူ့ကို လာစောင့်နေသည်ဟု သဘောသက်ရောက်စေရန် တမင်လုပ်၍ ပြောလိုက်ခြင်းဖြစ်သည်။

စိုးကြီးကတော့ မြသင်းမိုးနှင့် မြတ်နိုးငယ်တို့ရဲ့ အကြောင်းကို သိသူမဟုတ်၍ ခေါင်းညိတ်ပြလိုက်ကာ . . .

"ဟုတ်တယ် မြတ်နိုးရဲ့၊ မြတ်နိုးတို့ အတန်းမလွှတ်ခင်ကတည်းက ရောက်နေတာ အဲ့ဒါ၊ အခု ဒီမှာ မြသင်းမိုးနဲ့ တွေ့လို့ စကားရပ်ပြောနေတာ"

ထိုစကားဆုံးတော့ မြသင်းမိုးက ပြုံးလိုက်၍. . .

"ဟုတ်တယ် ကိုစိုးကြီးက တို့ကို ဖိနပ်လာပေးတာလေ၊ ဟိုတစ်ခါတို့ ဖိနပ်ပြက်သွားတုန်းက သူ ကူညီခဲ့တာပေါ့၊ အဲ့ဒါ သူ့ဆီမှာ ပါသွားတဲ့ ဖိနပ်တစ်ဖက် ပြန်လာပေးတာ"

မြတ်နိုးငယ်က ခနဲ့သလိုလို တစ်ချက်ပြုံးလိုက်သည်။ ထို့နောက် စိုးကြီးကို ကြည့်၍ . . .

"ကိုစိုးက အဲ့ဒီလိုပဲ သူတစ်ပါးကို အရမ်းကူညီတတ်တာ၊ ကဲ ကိုစိုး မြတ်နိုးတို့ သွားရအောင်လေ၊ ပေးစရာရှိတာလည်း ပေးပြီးပြီမဟုတ်လား"

မြတ်နိုးက သူ့ကို ကိုစိုးဟု နာမ်စား သုံးလိုက်၍ စိုးကြီး ယောင်

[redacted]



ချာချာဖြစ်သွားသည်။ ထို့ကြောင့် ငေါင်ပြီး မြတ်နိုးငယ်ကို ကြည့်နေမိသည်။ မြတ်နိုးငယ်က . . .

"ဩော် ဘာကြည့်နေတာလဲ ကိုစိုးကလည်း သွားပါမယ်ဆို"

"ဩော် ဟို ဟုတ် ဟုတ်ကဲ့"

ဟု ဆိုပြီး စိုးကြီးက လှည့်ထွက်ဖို့ လုပ်တော့ မြသင်းမိုးက . . .

"ကိုစိုးကြီး"

"ဗျာ"

"ကိုစိုးကြီး မနေ့က မိုးကို ဘာပြောထားလဲ၊ မိုးနဲ့ ကန်တင်းလိုက်ထိုင်မယ်ဆို၊ ဘာလဲ ကိုစိုးကြီးက ကတိဖောက်တာလား"

"ဟာ မဟုတ်ပါဘူး၊ ဒီမှာ မြတ်နိုးငယ်နဲ့ သွားစရာလေး ရှိလို့ပါ"

"မရဘူး မိုးနဲ့ လိုက်မယ်ပြောထားပြီးသားပဲ"

စိုးကြီး မိန်းမလှနှစ်ယောက်ကြားမှာ ဗျာများသွားသည်။ ဘာလုပ်လို့ လုပ်ရမှန်းလည်း မသိဖြစ်သွား၏။ သူ့ဘဝမှာ ဒီလိုမျိုး မိန်းမလှလေးတွေက လုပြီး ခေါ်နေကြတာကိုလည်း တစ်ခါမှ မကြုံဖူး၍ အူတိအူကြောင်ကြီး ဖြစ်နေလေသည်။

မြတ်နိုးငယ်က မြသင်းမိုးကို ကြည့်၍ . . .

"ဒီမှာ ကိုစိုးက အစောကြီးကတည်းက ပတ်သက်ထားတာပါ၊ ဒါကို ယူက ဘာဖြစ်လို့ တို့နဲ့ ကိုစိုးနဲ့ သွားမယ့်ကိစ္စကို ဝင်နှောင့်ယှက်နေရတာလဲ"

မြသင်းမိုးကလည်း မခံပေ။

"ယူတို့ဘာသာ ယူတို့ အစောကြီးကတည်းက ဘယ်လိုပဲ ပတ်

[redacted]

www.burmeseclassic.com

www.burmeseclassic.com



သက်ပတ်သက် တို့နဲ့ ကိုစိုးကြီးက မနေ့ကတည်းက ကန်တင်း အတူ ထိုင်ဖို့ ချိန်းထားပြီးသား၊ ဟုတ်တယ်နော် ကိုစိုးကြီး"

စိုးကြီးက ယောင်တောင်ပေါင်တောင်နှင့် . . .

"ဟုတ် ဟုတ်ကဲ့ ဟုတ်ကဲ့"

ဟု ပြောလိုက်လေသည်။ မြတ်နိုးငယ်က . . .

"ဒါဆို ကိုစိုးက မြတ်နိုးနဲ့ မလိုက်ဘူးပေါ့ ဟုတ်လား"

ထိုတော့မှ စိုးကြီးက ကပျာကယာနှင့် . . .

"ဟာ အဲ့ဒီလိုလည်း မဟုတ်ဘူး လိုက်မှာ"

မြသင်းမိုးကလည်း ဝင်၍ . . .

"ကိုစိုးကြီး၊ ကိုစိုးကြီး မိုးကို ကတိပေးပြီးသားနော်၊ မရဘူး မိုးနဲ့ပဲ လိုက်ရမယ်"

စိုးကြီး ဒုက္ခရောက်နေလေပြီ။ ဘာလုပ်လို့ လုပ်ရမှန်းမလည်း မသိတော့ပေ။ မြသင်းမိုးက ယောင်ချာချာဖြစ်နေသော စိုးကြီးကို ကြည့်၍ . . .

"ကိုစိုးကြီးကို ရှင်းရှင်းပဲ ပြောမယ်၊ မိုးဘဝမှာ ဘယ်ယောကျာ်း လေးကိုမှ ဒါမျိုး ခေါ်ဖူးတာမဟုတ်ဘူးနော်၊ အခု ကိုစိုးကြီးကို အတင်း ခေါ်တယ်ဆိုတာ ကိုစိုးကြီးကို ခင်လို့၊ ပြီးတော့ ကိုစိုးကြီးကို စိတ်ဝင် စားလို့"

"ဟင်"

ပေါ်တင်ကြီးပြောချလိုက်သော မြသင်းမိုး စကားကြောင့် စိုးကြီး မျက်လုံးပြူးသွားကာ ပါးစပ်ဟောင်းလောင်းကြီး ပွင့်ကာ သွားသည်။

[redacted]



မြတ်နိုးငယ်ကလည်း မြသင်းမိုးက သူ့ကို မနိုင်နိုင်အောင် မာယာ တွေ အကုန်သုံးပြီဆိုတာ သိလိုက်၏။ ထို့ကြောင့် ခပ်ရဲရဲပဲ ရင်ဆိုင် ပစ်လိုက်တော့သည်။ မြတ်နိုးငယ်က . . .

"ကိုစိုး"

"ဗျာ"

"ကိုစိုး မြတ်နိုးကို ပရိုပို့စ် လုပ်ထားတယ်နော် ဟုတ်တယ်မဟုတ် လား"

"ဟုတ် ဟုတ်ကဲ့"

"ဒါဆို မြတ်နိုး ကိုစိုးကို အခုပဲ အဖြေပေးလိုက်တော့မယ်နော်"

"ဟုတ် ဘာလဲဟင်"

"ကိုစိုးကို မြတ်နိုး ချစ်တယ်"

"ဟင်"

စိုးကြီး၏ မျက်လုံးသည် ဂေါ်လီလုံးလောက် ပြူးထွက်ကာ သွားလေ၏။ သူ့ရင်ဘတ်ထဲက ရင်ခုန်သံကလည်း ချက်ချင်း ငြိမ် သက်ကာသွား၏။ မြသင်းမိုးက တောက်တစ်ချက် ခတ်ပြီး ထွက်ကာ သွားသည်။

မြတ်နိုးငယ်လည်း မြသင်းမိုးကို နိုင်ချင်ဇောနှင့် ပြောမိပြောရာ ပြောပြီးတော့မှ ရှက်စိတ်ဝင်လာ၍ ထိုနေရာမှ ပြေးထွက်ကာ သွားလေသည်။

ထိုနေရာတွင် စိုးကြီးတစ်ယောက်သာ မတ်တပ်ကြီး ရပ်ပြီး ကျောက်ရုပ်ကြီး တစ်ရုပ်လို ဖွတ်မေ့ ပဒတ်မေ့ကြီး မေ့ကာ ကျန်ခဲ့

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ပါတော့သည်။

ခဏနေတော့မှ စိုးကြီး သတိဝင်လာကာ ပတ်ဝန်းကျင်ကို ကြည့်လိုက်တော့ ဘယ်သူမှ မရှိတော့ပေ။

အခုတော့ သူတစ်ယောက်တည်း။

♥ ♥ ♥

[redacted]



**နောက်** တစ်ရက်မှာ ဖြစ်သည်။

"ဘုရားစူး၊ မိုးကြိုးပစ်၊ မြွေပွေးကိုက်ပါကွာ၊ မြတ်နိုးငယ် ငါ့တို့ တကယ် အဖြေပြန်ပေးတာကွ"

"ယုံဘူးကွာ ချေးစားပြောတောင် မယုံဘူး၊ မင်းပြောလိုက်ရင် ဒီလိုချည်းပဲ၊ ကောင်မလေးတွေက မင်းရည်းစားစာ ပေးပြီး နောက် တစ်ရက်ဆို ပြန်ကြိုက်တော့တာပဲ၊ မင်းကို မိန်းကလေးတွေက အဲ့ဒီ ကြွေကျနေရလောက်အောင် မင်းက မင်းသားလား"

သူငယ်ချင်းတွေကို စိုးကြီးက ပြောပြတော့ ဟိုကောင်တွေက လုံးလုံးမှ မယုံပေ။ စိုးကြီးက ဒီလိုအကွက်တွေကို အမြဲတမ်း နင်းတတ် သောကြောင့် ဖြစ်သည်။

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"တကယ်ပါကွာ ဒီတစ်ခါ တကယ်ပါ"

"တောမှာသွားပြော"

"ဘယ်မှာပြောပြော ဒီစကားပါပဲကွာ၊ တကယ်ပါ မင်းမယုံရင် မြသင်းမိုးတို့ကိုပါ မေးကြည့်လို့ရပါတယ်၊ သူတို့ရှေ့မှာတင် ငါ့ကို မြတ်နိုးက အဖြေပေးသွားတာ"

အဲ့ဒီတော့မှ ပိုဆိုးကာ သွားလေသည်။ စိုးကြီးကို အားလုံးက စိတ်မကောင်းသော မျက်လုံးတွေနှင့် ကြည့်၍ . . .

"မင်း လွတ်သွားပြီ စိုးကြီး၊ မင်း မယားကြောင်တွေ မတရား ကြောင်ပြီး လွတ်သွားပြီ၊ မိန်းကလေးတစ်ယောက်က လူရှေ့သူရှေ့မှာ ယောကျ်ားလေးတစ်ယောက်ကို အဖြေပေးမလားကွ၊ မင်းပြောသလို မင်းကို ချစ်လို့ အဖြေပေးတယ်ပဲ ထားဦး၊ ဒါမျိုးတော့ လုပ်မှာ မဟုတ်ဘူး"

စိုးကြီး စိတ်ဓာတ်ကျသွားသည်။ ဘယ်လိုပြောလို့ ပြောရမှန်းလည်း မသိတော့ပေ။ အားလုံးက စုတ်တသပ်သပ်နှင့် ခေါင်းတွေသာ ခါနေကြသည်။

စိုးကြီးက သူ့သူငယ်ချင်းတွေကိုကြည့်၍ . . .

"ဒါဆို မင်းတို့ရှေ့ကို ငါ မြတ်နိုးငယ်ကို ခေါ်လာပြမယ် ဘယ်လိုလဲ"

ဟိုကောင်တွေကလည်း . . .

"စိန်လိုက်လေ အဲ့ဒါဆိုရင် ယုံမယ်"

ဟု ပြောလိုက်တော့၏။ စိုးကြီး တစ်ချက်တော့ တွေဝေကာ သွား

[redacted]



သည်။ မြတ်နိုးငယ်နဲ့ သူသည် အဖြေပေးပြီးကတည်းက အခုထိ မတွေ့ရသေးပေ။ ထို့ကြောင့် ဒီကောင်တွေဆီကို မြတ်နိုးငယ်ကို ခေါ်လာလျှင် လိုက်ပါ့မလားဆိုသည့် အတွေး ဝင်လာသောကြောင့်ဖြစ်၏။

ပြီးတော့ ထိုကိစ္စကို သူကိုယ်တိုင်ပင် အိပ်မက်လိုလို ဖြစ်နေသေးသောကြောင့်ဖြစ်၏။ နောက်ဆုံးတော့ မထူးတော့ပြီမို့ မြတ်နိုးငယ်ကို သွားခေါ်ရန် ပထဝီဆောင်ဘက်သို့ ထွက်လာခဲ့လိုက်ပါတော့၏။ စာသင်ဆောင်ဘက်ရောက်တော့ မြတ်နိုးငယ်ကို မတွေ့ရပေ။ ထို့နောက် ကျောင်းသူတစ်ယောက်ကို မေးကြည့်လိုက်တော့ ကန်တင်းဘက် ထွက်သွားသည်ဆို၍ သူ ကန်တင်းတွေဘက်သို့ ထွက်လာခဲ့လိုက်ပါတော့သည်။

ကန်တင်းတွေဘက်ရောက်တော့ တစ်ဆိုင်ပြီး တစ်ဆိုင် လျှောက်ရှာရာ ထောင့်ဘက်စွန်းတစ်နေရာက လူရှင်းသော ကန်တင်းတစ်ခုမှာ ထိုင်နေသော မြတ်နိုးငယ်ကို တွေ့လိုက်ရလေ၏။

သူတစ်ယောက်တည်း မဟုတ်။ နှစ်ယောက်။

နောက်တစ်ယောက်က ခင်မိမိသွယ်ပင်ဖြစ်လေသည်။ ခင်မိမိသွယ်ကို တွေ့တော့ စိုးကြီး အားတက်ကာသွား၏။ မိသွယ်ကိုပါ သူငယ်ချင်းတွေဆီ လိုက်ခဲ့ဖို့ မြတ်နိုးငယ်အား ကူပြောပေးနိုင်ဖို့ပင် ဖြစ်လေသည်။

စိုးကြီး ထိုသို့ တွေးပြီး မြတ်နိုးငယ်တို့ရှိရာသို့ လှမ်းသွားလိုက်ပါတော့၏။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးငယ်နဲ့ ခင်မိမိသွယ့်က စကားကောင်းနေကြသည်။ သူတို့က စိုးကြီးအကြောင်းကို ပြောနေခြင်းဖြစ်၏။ မြတ်နိုးငယ်က သူ စိုးကြီးကို အဖြေပေးလိုက်ကြောင်း ပြောပြတော့ ခင်မိမိသွယ်က အံ့ဩလွန်း၍ ပါးစပ်အဟောင်းသား ဖြစ်သွားကာ . . .

"ဟယ် မြတ်နိုးရယ် ဘယ်လိုတွေ ဖြစ်သွားတာလဲ၊ နင့်ဟာက လည်း ဖြစ်မယ့်ဖြစ်တော့လည်း"

"အေးဟာ ငါ ဟိုကောင်မကို အမြင်ကတ်တာနဲ့ စိုးကြီးကို သူ့ရှေ့မှာတင် အဖြေပေးလိုက်ရတာ"

"ဘယ်လို ဘယ်လို"

ခင်မိမိသွယ်က တအံ့တဩဖြစ်နေ၍ မြတ်နိုးငယ်က အကြောင်း

[redacted]



စုံကို ရှင်းပြသည်။ ခင်မိမိသွယ်က . . .

"ဟုတ်လား နင်အဲ့ဒီလို လုပ်လိုက်တော့ ဟိုဟာမ ဘယ်လိုဖြစ်သွားလဲ"

"ဘယ်လိုဖြစ်သွားရမှာလဲ၊ မျက်နှာကြီးကို မဲပုတ်ပြီး ထွက်သွားတာပေါ့ဟ၊ ငါလည်း မခံချင်လို့ လုပ်သာလုပ်လိုက်ရတာ၊ ပြီးတော့မှ ရှက်တာနဲ့ ထွက်ပြေးရတော့တာပဲ"

"ဒါဆို စိုးကြီးနဲ့ နင်နဲ့ အဲ့ဒါပြီးကတည်းက မတွေ့ရသေးဘူးပေါ့"

မြတ်နိုးငယ်က ခေါင်းညိတ်ပြ၍ . . .

"မတွေ့ရသေးဘူးလေ၊ တွေ့လည်း မတွေ့ချင်ပါဘူးဟာ"

"နင်ကလည်းဟယ် စိုးကြီးသနားပါတယ်၊ ဟိုက နင့်ကို တကယ်ချစ်လို့ အဖြေပေးတယ် ထင်သွားမှာပေါ့ဟ၊ အခုလောက်ဆို ဒီကောင်ပျော်ကြွားပြီး အူမြူးနေလောက်ပြီ"

မြတ်နိုးငယ်က စိတ်ရှုပ်စွာ ခေါင်းကိုကုတ်လိုက်ပြီး . . .

"ဒုက္ခပါပဲဟယ်၊ ငါဘယ်လိုလုပ်ရမှန်းတောင် မသိတော့ဘူး"

"ဘယ်လိုမှ လုပ်မနေနဲ့ ငါတော့ စိတ်ညစ်တယ်၊ တကယ် အဲ့ဒါတွေ ခဏထားဦး ငါဗိုက်မဝသေးဘူး၊ အသုပ်တစ်ပွဲ ထပ်စားရင်း စဉ်းစားပေးမယ်"

ဟု ပြောလိုက်ကာ ခင်မိမိသွယ်က အနောက်ဘက်ကို လှည့်၍ စားပွဲထိုးကို ခေါ်ဖို့ လုပ်လိုက်သည်။ ထိုအချိန်တွင် သူတို့အနောက်ဘက်၌ ရပ်နေသော လူတစ်ယောက်ကို သွားတွေ့၏။

ခင်မိမိသွယ်က တအံ့တဩ အမူအရာနှင့် . . .

[redacted]

www.burmeseclassic.com

www.burmeseclassic.com



"ဟယ် စိုးကြီး"

ခင်မိမိသွယ်အသံကြားတော့ မြတ်နိုးငယ်ကပါ လှည့်ကြည့်လိုက်သည်။ မြတ်နိုးငယ်မျက်နှာက အထိတ်တလန့်ဖြစ်သွားကာ. . .

"ဟယ်"

ဟု အာမေဍိတ်သံ တစ်ခွန်းသာထွက်နိုင်ပါတော့သည်။ စိုးကြီးက ရီဝေသော မျက်ဝန်းများနှင့် သူတို့ကို စိုက်ကြည့်နေလေသည်။ ထို့နောက် မြတ်နိုးငယ်ကို စိုက်ကြည့်၍ . . .

"စိတ်ညစ်မနေပါနဲ့ မြတ်နိုးရယ်၊ ကျွန်တော် အားလုံး ကြားပြီးပါပြီ၊ ရပါတယ်ဗျာ ကျွန်တော့်ကို အသုံးချပြီးမှ မြတ်နိုး အနိုင်ရမယ်ဆို ကျွန်တော် ကျွန်တော် စတေးခံရကျိုးနပ်ပါတယ်၊ ကျွန်တော် မြတ်နိုးဆီ နောက်ဘယ်တော့မှ မလာတော့ပါဘူး၊ စိတ်ချပါ ဒါပေမယ့် မြတ်နိုး တစ်ခုတော့ မှတ်ထားပေးပါ၊ ကျွန်တော် ကျွန်တော် မြတ်နိုးကို တကယ်ချစ်တာပါဗျာ"

စိုးကြီး မျက်ဝန်းမှာ မျက်ရည်တွေ ဝိုင်းလာသည်။ ခံစားချက်ကလည်း ရင်နဲ့မမျှအောင် ခံစားလိုက်ရ၍ အသံတွေပါ တုန်ခါနေ၏။ ပြီးတော့ သူငယ်ချင်းတွေကို ကြွားချင်လွန်းအားကြီး၍ အားကိုးတကြီးနှင့် အပြေးအလွှား လာခဲ့ကာမှ ဒီလိုအဖြစ်မျိုးနှင့် ကြုံတွေ့ရသောကြောင့် ရှက်စိတ်ကလည်း တစ်ကိုယ်လုံး ပျံ့နှံ့ကာသွားလေသည်။

"ရက်စက်တယ် မြတ်နိုးရယ်"

ဟု တစ်ခွန်းသာ ပြောပြီး စိုးကြီး ထိုနေရာမှ ချာခနဲ လှည့်ပြေးကာ ထွက်သွားလေတော့သည်။

[redacted]



နှစ်ယောက်စလုံး ကြောင်၍ စိုးကြီးကို ကြည့်နေရင်းမှ ပထမဆုံး သတိဝင်လာသူက မြတ်နိုးငယ်ပင်။

"စိုးကြီး စိုးကြီး"

လှမ်းခေါ်သော်လည်း စိုးကြီးက ပြေးမြဲအတိုင်း ဆက်၍ ပြေးထွက်သွား၏။ ခင်မိမိသွယ်က . . .

"ဟဲ့ ဒုက္ခပဲ သနားပါတယ်ဟယ် သူ နင့်ကို တကယ်ချစ်ရှာတာ၊ သူ တော်တော် ရှက်သွားမှာပဲ"

"ငါ ငါ ဘာလုပ်ရမလဲဟင်"

"ဘာလုပ်ရမှာလဲ လိုက်သွားလေ ပြေးလိုက်သွားပေါ့၊ နင်တို့က ရည်းစားတွေပဲ"

မြတ်နိုးငယ် ဖျတ်ခနဲ တစ်ချက်လှည့်ကြည့်၏။

ခင်မိမိသွယ်က . . .

"အမလေး ရှက်မနေပါနဲ့ သွားပါဆို၊ စိုးကြီးက စိတ်နုတယ်နော် တော်ကြာ ကိုယ့်ကိုယ်ကို တစ်ခုခုလုပ်လိုက်ရင် ဒုက္ခ"

မြတ်နိုးငယ် ထိုင်ရာမှ ထ၍ ဝုန်းခနဲ ပြေးထွက်သွားပါတော့သည်။ သူ ထွက်သွားရာက စိုးကြီးနောက်သို့ . . .။

❤ ❤ ❤

[redacted]

www.burmeseclassic.com

www.burmeseclassic.com



စိုးကြီးခန္ဓာကိုယ်သည် လေထဲမှာ လွင့်မျောနေသလို ခံစားနေရသည်။ သူဘယ်ကို ဦးတည်လို့ သွားနေမှန်း သူကိုယ်တိုင်ပင် မသိ။ သူသိတာ တစ်ခုတော့ရှိသည်။ သူ့ကို မြတ်နိုးငယ် တကယ် မချစ်ဘူးဆိုတာပဲ။ သူ့အချစ်ကို မြတ်နိုးငယ် အသုံးချ၍ မြသင်းမိုးကို အနိုင်ယူလိုက်သည်ဆိုတာပဲ။ ထို့ကြောင့် သူ့နှလုံးသားသည် ကွဲနှစ်ကောင်ခတ်တဲ့ကြားက မြေဇာပင်ဖြစ်ခဲ့ရသည်ဆိုတာကိုပဲ သူသိသည်။

သူနာမည်ခေါ်သံလိုလို နားထဲမှာ သဲ့သဲ့ကြားနေမိသည်။ မြတ်နိုးငယ် အသံဟု သူထင်၏။ သို့သော် ကယောင်ချောက်ချားတွေဖြစ်ပြီး ကိုယ်ထင်ရာမြင်ရာတွေ ကြားနေရသည်ဟု ထင်၍ ဆက်လျှောက်

[redacted]



နေမိ၏။

"စိုးကြီး"

သူမခေါ်သံ အကျယ်ကြီး ထွက်သွားသောကြောင့် စိုးကြီး ခန္ဓာကိုယ် တုံ့ခနဲ ရပ်ကာသွား၏။ ထို့နောက် အနောက်ဘက်သို့ လှည့်ကြည့်လိုက်စဉ် လမ်းပေါ် ပုံလျက်သားလေး ခွေကျနေသော မြတ်နိုးငယ်ကို တွေ့လိုက်ရလေသည်။

စိုးကြီး ရင်ထိတ်ကာသွားပြီး မြတ်နိုးငယ်ထံ ပြေးသွားလိုက်၏။

"မြတ်နိုး"

"စိုးကြီး"

မြတ်နိုးငယ်ကို စိုးကြီးက တစ်ချက်ထူမကာ ပွေ့လိုက်ပြီး . . .

"ဘယ် ဘယ်လိုဖြစ်တာလဲ မြတ်နိုးရယ်"

မြတ်နိုးငယ်က တစ်ချက် အမောဖြေရင်း . . .

"စိုးကြီးနောက်ကို လိုက်လာတာပေါ့။ ဒီလောက် ခေါ်နေတာတောင် မရပ်ဘဲ ဖွတ်သွားနေပြီးတော့"

"လိုက်လာမယ်လို့မှ မထင်တာ၊ ကျွန်တော် ထွက်သွားရင် မြတ်နိုး ပျော်ပြီး ကျန်ခဲ့မှာပဲလို့ ထင်နေတာပေါ့"

"ဘယ်သူပြောလဲ"

"သိဘူးလေ မြတ်နိုးက ကျွန်တော့်ကို အသုံးချရုံသက်သက် အသုံးပြုခဲ့တာ မဟုတ်လား"

မြတ်နိုးငယ်က စိုးကြီး ပွေ့ဖက်ထားရာ ရင်ခွင်ထဲမှာ ထွက်လိုက်ပြီ

"ဖယ်ပါ ဒီမှာ အသက်ရှူကျပ်လို့ သေတော့မယ်"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



ထိုတော့မှ စိုးကြီးက ကပျာကယာနှင့် . . .

"ဟာ ဆောရီး ဆောရီး"

မြတ်နိုးငယ်ကလည်း ရှက်ရဲရဲမျက်နှာနှင့် . . .

"ရပါတယ်"

ဟု ပြောလိုက်ကာ ခေါင်းငုံ့သွားသည်။

စိုးကြီးက မြတ်နိုးငယ်ကို ကြည့်၍ . . .

"မြတ်နိုး"

"ဘာလဲ"

"ဘာလို့ ကျွန်တော့်နောက်ကို လိုက်လာတာလဲဟင်"

"သိဘူး"

မြတ်နိုးငယ်က ခေါင်းကလေးကို ငုံ့ရင်း ခါပြလေသည်။ စိုးကြီးက မြတ်နိုးငယ်ကို ကြည့်၍ ပြုံးလိုက်၏။ ဒီလောက်ဆို စိုးကြီး သဘောပေါက်လိုက်ပြီ။ အမှန်တော့ အစောကြီးကတည်းက ပေါက်ဖို့သင့်။ သိတယ်မဟုတ်လား စိုးကြီးလေ တခြားကောင်မှ မဟုတ်တာ။

စိုးကြီးက မြတ်နိုးလက်မောင်းလေးကို ဆုပ်ကိုင်လိုက်ကာ (ထိုနေရာတွင် လူရှင်းနေပါသည်။ လူမရှင်းရင်လည်း စာရေးဆရာက အတင်းလူရှင်းထားသောကြောင့် သူတို့ လွတ်လွတ်လပ်လပ် လှုပ်ရှားလို့ရ၏။) (ဤကားစကားချပ်)

"မြတ်နိုး"

"ဘာလဲ ဘာလို့ နာမည်ခဏခဏ ခေါ်နေတာလဲ"

"ချစ်လို့ပေါ့ မြတ်နိုးရယ်"

[redacted]



"သေလိုက်"

"သေစေချင်တယ်ပေါ့"

"အင်း"

"ဒါဆို နောက်က ဘာလို့လိုက်လာလဲ"

"စိုးကြီးနော် ငါ့ကို မစနဲ့"

"စိုးကြီးလို့ မခေါ်နဲ့ ဟိုနေ့လို ကိုစိုးလို့ ခေါ်လေ"

"ဘာကိုစိုးလဲ စိုးကြီးက စိုးကြီးပေါ့"

"မခေါ်ဘူးလား မခေါ်ရင် ကဲ"

စိုးကြီးက လက်မောင်းလေးကို ဆွဲကာ တစ်ချက် ဆွဲပွေ့မလို့ လုပ်လိုက်၏။ မြတ်နိုးငယ်က တစ်ချက်ရှောင်တိမ်းလိုက်ကာ . . .

"အို မလုပ်နဲ့လေ လမ်းမကြီးမှာ"

"လမ်းမကြီး မဟုတ်ပါဘူး၊ ဒါက လမ်းသွယ်လေးပါ၊ လူလည်း ရှင်းတယ်"

"မသိဘူး သွား မလုပ်နဲ့"

"ဒါဆို ကိုစိုးလို့ခေါ်"

"ခေါ်ဘူး"

"တကယ်နော်"

ဟုပြောပြီး စိုးကြီးက တကယ် ကောက်ပွေ့ပစ်လိုက်၏။ စိုးကြီးတို့က သိတယ်မဟုတ်လား။ မလုပ်ရင်နေရော လုပ်ရင် အရှင်း။

မြတ်နိုးငယ်က စိုးကြီးရင်ခွင်ထဲမှာ ရုန်းရင်း . . .

"ခေါ်မယ် ခေါ်မယ် ကိုစိုး ကိုစိုး"

[redacted]

www.burmeseclassic.com

www.burmeseclassic.com



“ဒါလေးနဲ့ မရဘူး ချစ်တယ်လို့ပါပြော”

“အင်း အင်း ချစ်တယ် ချစ်တယ်”

“ဟေး”

စိုးကြီး ပျော်ရွှင်စွာ ထခုန်ပစ်လိုက်တော့သည်။ ထို့နောက် မြတ်နိုးငယ်ကို ဆွဲထူ၍ လက်ကို ဆွဲကာ ပြေးထွက်သွားလိုက်ပါတော့သည်။

မြတ်နိုးငယ်က စိုးကြီး နောက်မှ ဒရောသောပါး ပါသွားရင်း

“ဘယ်သွားမလို့လဲ”

စိုးကြီးက . . .

“သူငယ်ချင်းတွေဆီကိုလေ အခုမှ ရတဲ့ရည်းစားအသစ်စက်စက်လေးကို သွားကြွားမလို့”

“အို ရှက်စရာကြီး”

ဟု မြတ်နိုးငယ် ပါးစပ်မှ မပွင့်တပွင့် ရေရွတ်လိုက်ကာ စိုးကြီး ခေါ်ဆောင်ရာနောက်သို့ လိုက်သွားပါတော့သည်။ ဒီနေ့ တက္ကသိုလ်၏ ညနေခင်းသည် သူတို့အတွက် အရာရာလှပလျက် . . .။

ခပ်ဝေးဝေးကုက္ကိုလ်ပင်ကြီးဆီမှ ချိုးကူသံလေးတွေက ပတ်ဝန်းကျင်၏ သာယာမှုကို ဖြည့်စွက်ပေးလျက်ရှိနေပါတော့သည်။

♥ ♥ ♥

ကြိုးစားလျက် . . .

မိုးဆက်ထင်းထက်

[redacted]

BURMESE CLASSIC .com

www.burmeseclassic.com